
www.burmeseclassic.com



# ရှင်မိုထယ်

## စကားကြီးသုံးခွန်း သံယောဇဉ်

L လင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီထယ်

## စကားကြီးသုံးခွန်းသံယောဇဉ်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၈၁၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၁၇၀၆၀၉

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မီထယ်
စကားကြီးသုံးခွန်းသံယောဇဉ်/ရှင်မီထယ်၊–ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈– စာ၊ ၁၂×၁၈ စင်တီ။
(၁) စကားကြီးသုံးခွန်းသံယောဇဉ်

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com





# ရှင်မိတယ်

စကားကြီးသုံးခွန်း

သံယောဇဉ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com







အားကျဖို့ ကောင်းလိုက်တာ
သူတို့များကျ
ခွတ်ခွတ် ချမ်းသာနေလိုက်ကြတာ
ငါတို့များကျ _
တစ်လစာ တစ်လ
မနည်းအလျှင်မီအောင်
ဆင်ဆင်ခြင်ခြင်ကလေး
သုံးစားနေခဲ့ရတာ
ဒီဘဝကြီးကို နာကြည်းမိပါရဲ့ _။

မှိုကညာ

www.burmeseclassic.com

www.burmeseclassic.com







ဘာပဲဖြစ်ဖြစ်

သူ ပို့ကိုချစ်သည့် အချစ်တွေက

လေမုန်တိုင်းတွေ

ဘယ်လောက်ထန်ထန်

လေထန်တုန်းခဏပဲ ပြောင်းလဲပြီး

အမြဲတည်မြဲနေသည့်

မိုးတိမ်ထုကြီးပမာ

ဖြစ်ခဲ့ရပြီမို့ —

ချန်

www.burmeseclassic.com

www.burmeseclassic.com







## ၁

နှစ်လကျော်ကျော်ကလေးနှင့် အမြန်ဆုံး ပြီးစီးသွားသည့် ကြက်ဥနှစ်ရောင် နှစ်ထပ်တိုက်ကြီးကို ဘုရားစင်ရှေ့က ချောင်းကြည့်ပေါက်ကလေးကနေ ပျို မျက်လုံးကလေး အဝိုင်းသားနဲ့ ချောင်းကြည့်လိုက်မိသည်။

ဒီနှစ်ထပ်တိုက်လှလှကြီးကိုကြည့်ရင်း စိတ်ထဲကနေ တိတ်တိတ်ကလေး အားကျအထင်ကြီးစွာဖြင့် "ဒီတိုက်လှလှကြီးသာ ငါတို့တိုက်ကြီး ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲ"ဆိုပြီးလည်း ချက်ချင်းစိတ်ကူးယဉ်လိုက်မိပြန်သည်။

"အားကျဖို့ကောင်းလိုက်တာ ...

သူတို့များကျ စွတ်ရွတ်ချမ်းသာနေလိုက်ကြတာ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ငါတို့များကျ တစ်လစာ တစ်လ မနည်းအလျှဉ်မီအောင် ဆင်ဆင်ခြင်ခြင်ကလေး သုံးစားနေရတာ ဒီဘဝကြီးကို နာကြည်းမိပါရဲ့.”

ဘဝပေးမမျှတသည့် ဘဝကြီးကို ပို့ ပထမဦးဆုံး လိုက်မောတုန်ယင်စွာ ရင်နင့်ကြေကွဲသွားရပါသည်။

စိတ်ထဲက ဖြစ်တည်လာသည့် (တနင့်တနဲခံစားမှု) မျက်လုံးရီရီလေးဖြင့် ပို့ ချောင်းကြည့်လိုက်သည့် တစ်ခဏအတွင်းမှာပဲ ...

ပို့ ချောင်းကြည့်တာကို ပက်ပင်းတိုးသွားတဲ့ ပို့တို့အရွယ် ဆံပင်ခပ်ထောင်ထောင်နဲ့ ခပ်ချောချော ကောင်လေးက အံ့သြသလို ခေါင်းကလေး ဆတ်ခနဲ ထောင်မတ်သွားပြီးမှ ဖျတ်ခနဲ လျှာကလေးထုတ်ပြီး မျက်လုံးကလေး “ဖတ်”ခနဲ မှိတ်ပြလာသဖြင့် ပို့ စိတ်ဆိုးရခက်ခက်နှင့် သူ့ကို နှုတ်ခမ်းပြန်ရွဲ့ရကောင်းမလား စဉ်းစားနေတုန်းမှာပဲ ကောင်လေးက ဆတ်ခနဲ ကျောခိုင်းပစ်လိုက်လေပြီဖြစ်သည်။

ဟွန်း ... အပါးလေး။

သူ့ကို ပို့ တစ်ခုခု လုပ်ပြတော့မှာ သိသွားပုံဖြင့် ချက်ချင်း ကျောကြီးခိုင်းသွားပုံကလေးကို ...





ပို့ သဘောကျကာ ပြုံးစိစိမျက်နှာလေးဖြင့် ချောင်းကြည့်ပေါက်ကလေးမှ ပြန်အလှည့် မေမေ့ကို အနောက်မှာရပ်နေတာ တွေ့လိုက်ရသဖြင့် ပို့ မျက်နှာကလေး ဖျတ်ခနဲ နီတက်သွားသည်အထိ ရှက်လန့်ရင်ခုန်သွားရပါသည်။

“ဟာ ... မေမေကလည်း”

နားရွက်ကလေးတွေ ရဲတက်သွားသည်အထိ ရှက်လန့်သွားသည့် ပို့ကို မေမေက နားလည်သလို စိုက်ကြည့်ပြီး ...

“ဘာတွေ ချောင်းကြည့်နေလို့ လန့်သွားရတာလဲ သမီးရဲ့”

“အဟင်း ... ဘာရယ်မဟုတ်ပါဘူး မေမေ၊ တိုက်ကြီးက ကောင်းလိုက်တာနော်၊ ဆောက်တာလည်း မြန်လိုက်တာ၊ အိမ်နီးချင်းမှာ ဒီလောက်ချမ်းသာတာကြီးရှိရာ ပို့တော့ စိတ်ထဲ ကျဉ်းကျပ်တယ် မေမေ”

“ဩော် ... ပို့ရယ်၊ ချမ်းသာတဲ့သူ ရှိတော့လည်း ခင်မင်ရင်းနှီးသွားရင် ငွေရေးကြေးရေး အခက်အခဲရှိတော့ အကူအညီတောင်းလို့ ရတာပေါ့”

“အမယ်လေး ... မထင်ပါဘူး မေမေရယ်၊ အရမ်းချမ်းသာတဲ့သူတွေက မာနက အရမ်းမိုးထိတဲ့အထိ မြင့်ကြတယ် တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်၊ မေမေတို့ကလည်း ငတ်နေကြတဲ့သူတွေ မဟုတ်ပါဘူး၊ မေမေတို့ မုန့်ဟင်းခါးဆိုင်ကလေးကလည်း နေ့သတ္တ ရောင်းနေရတာ၊ အခုဆိုရင် ငါ့သမီးတောင် ဒုတိယနှစ် Computer ကျောင်းသူကြီး ဖြစ်သွားပြီ"

"မေမေ သူတို့ဘက်က ရင်းနှီးမှုကို လိုလားမှ သူတို့ကို ခင်ခင်မင်မင် ဆက်ဆံနော်၊ ကိုယ်က မရှိတဲ့လူဆိုတော့ သူတို့ကို ခင်ခင်မင်မင်နေရင် သူတို့က နှိမ်ချင်နှိမ်မှာ"

မေမေက ပျို့ ချောင်းကြည့်သည့် ချောင်းကြည့် ပေါက်ကလေးကနေ ခေါင်းရင်းခြံက တိုက်ကြီးကို အားကျသည့် မျက်လုံးရွဲကြီးတွေနှင့် လှမ်းကြည့်နေတာမို့ ပျို့က ပိတ်ပင်လိုက်တာဖြစ်သည်။

"အေးပါ ပျို့ရယ်၊ ညည်းကလည်း ဆရာကြီးပဲ၊ မေမေ ကြည့်နေတာ ပျို့တို့နဲ့ရွယ်တူ ကောင်လေးချောချောလေးက အဲဒီအိမ်က သူဌေးသားလေးများလားလို့"

"မသိဘူး မေမေရယ်"

"သားသားနားနားလေးဆိုတော့ ဟုတ်ပါတယ်၊ သူဌေးသား ကလေးပဲ နေမှာပါ၊ အင်း ... ငါ့သမီးလေးကိုများ ဒီသူဌေးသားလေးက ..."





"ဟာ ... မေမေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

အပျို့ဖြန်းသာသာ အရွယ်ကလေးမှာပဲ မေမေက သူဌေးသားကလေးကို တက်မှန်းနေတာမို့ ပျို့မျက်နှာလေး တစ်ပြင်လုံး ရဲရဲနီမြန်းသွားရသည်အထိ ရှက်လန့်ရင်ခုန်သွားခဲ့သည်။

သူဌေးသားကို တက်မှန်းချင်တဲ့ သမီးပျို့ မိဘက လည်း အဲဒီသူဌေးသား မိဘတွေနည်းတူ မနီးရိုးစွဲကလေး ပစ္စည်းချမ်းသာရမယ်ဆိုတာ (လောကကြီးရဲ့မူဝါဒ)ကို မေမေ မေ့ထားသည်ထင်သည်။

မေမေ့စကားကြီးကို ကြားလိုက်ရတာနှင့်တင် ...

ပျို့ရင်ထဲမှာ ကွက်လပ်ကြီးတွေ ဖြစ်သွားရကာ တစ်ခုခု လိုနေသလိုကြီး ခံစားလိုက်ရပါသည်။

ဘာကြောင့်မှန်းမသိ ...

ပျို့တို့နဲ့ အိမ်နီးချင်းဟာ အရမ်းချမ်းသာတဲ့ သူဌေးတွေဖြစ်ခဲ့လို့ ပျို့ စိတ်အားငယ်သွားခဲ့တာများလား။

အို ... ဘာဆိုင်လို့လဲ။

သူတို့လည်း သူတို့ဘဝပေးကောင်းလို့ ကြီးမားတဲ့ တိုက်တာအဆောက်အအုံနဲ့ နေရပြီး သိန်းပေါင်းများစွာတန်တဲ့ ကားတွေကို စီးနိုင်ခဲ့တာပဲ၊ ငါ ဘာလို့အားငယ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကို လျှပ်တစ်ပြက် ဝင်လာတဲ့ အားငယ်အတွေးကလေးတွေကို ချက်ချင်းပြန်ပြီး မောင်းထုတ်ပစ်လိုက်ပြီး ...

ပျို့သည် လွတ်လပ်ပေါ့ပါးသည့်လေတွေကို တဝကြီးရှိုက်ရှူလိုက်မိရင်း မျက်ဝန်းကလေးကိုပါ ဖြည်းညင်းစွာမှိတ်ချလိုက်ပါတော့သည်။

မှိတ်ချလိုက်တဲ့ မျက်ဝန်းထဲမှာတော့ ...

ခေါင်းရင်းခြံက ကောင်လေးရဲ့ မျက်နှာလေးကတဝဲလည်လည် ငြိတွယ်သွားရပြန်သည်။

ဟား ... ကောင်စုတ်ကလေး။

အိပ်မက်ထဲအထိများ လိုက်နှောင့်ယှက်ဦးမလားမသိ။

ပျို့ရင်ထဲမှာ ...

ဘာမှ အမျိုးအမည်မရှိဘဲ မောနေခဲ့တာတော့ အဆဲအရျာပင်ဖြစ်သည်။

❣ ❋ ❣





(၂)

ကျောပိုးအိတ်ကလေးကိုလွယ်ပြီး စက်ဘီးပေါ်လွှားခနဲတက်ကာ စက်ဘီးစီးလာရင်းနှင့် ခေါင်းရင်းခြံက နှစ်ထပ်တိုက်သစ်ကြီးကို လှည့်မကြည့်မိအောင် ကိုယ့်ကိုယ်ကိုယ် သတိနှင့်ထိန်းပြီး လမ်းမအတိုင်း စက်ဘီးကလေးစီး ထွက်လာခဲ့ပါသည်။

အင်း ... ခေါင်းရင်းခြံက ဟိုပုဂ္ဂိုလ်ကလေးကတော့သူ့ဌေးသားလေးပီပီ ကျောင်းသွားရင် ကားဒရိုင်ဘာနဲ့ပဲ မောင်းပို့ခိုင်းမလား၊ ဆိုင်ကယ်စီးပြီးသွားမလား မသိ။

ပျို့တို့အရွယ်လောက် ရှိပြီဆိုတော့ သူလည်းပဲတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုသာ Computer ကျောင်းသားဖြစ်ခဲ့မယ်ဆိုရင် သူနဲ့ပို့ဟာ နေ့ချင်း ညချင်း သူငယ်ချင်းတွေ ဖြစ်မသွားနိုင်ဘူး ပြောလို့မရ။

ဘာမှန်းမသိခင်လေးမှာပင် ပြုံးလိုက်တဲ့ သူရဲ့အပြုံး အမူကလေးကို ပို့ ရင်ခုန်ကြည်နူးမိသလိုလိုနှင့် ရှက်ရွံ့ရင်ခုန်စွာ ဖြင့် နှုတ်ခမ်းကလေးစေ့ကာ ပြုံးလိုက်မိသေးသည်။

"ဟား ... ဆယ့်ရှစ်နှစ်လုံးလုံး ဒီတစ်ခါပဲ အမောပြေသေး တယ်ကွာ၊ Smile လေးက လှလိုက်တာ"

"ဟာ"

ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်ပြီးကာမှ အနားကပ် ပြီး ခပ်တိုးတိုး ပြောလိုက်တဲ့ အသံရှရှလေးကြောင့် ပို့ ဆတ်ခနဲ အနောက်ကို လှည့်ကြည့်မိသွားရသည်။

ပို့လှည့်ကြည့်လိုက်သည့် တစ်ခဏအတွင်းမှာ အပြုံး ရိပ်တွေစွန်းနေတဲ့ မျက်လုံးတွေနဲ့ လေးကိုင်းနှုတ်ခမ်းနီနီလေးကို ပိပိရိရိစေ့ကာ မေးကလေးဆတ် နှုတ်ဆက်လာတဲ့ ခေါင်းရင်းခြံ က ကောင်ကလေးကို စက်ဘီးနဲ့တွေ့လိုက်ရတာမို့ ပို့ အံ့သြလွန်း လို့ မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွားလေသည်။





အခုလေးတင် သူ့အကြောင်း စဉ်းစားရင်း သဘော ကျစွာ လှစ်ခနဲပြုံးလိုက်မိတဲ့ ကိုယ့်အဖြစ်ကိုယ် ခပ်ရှက်ရှက် ဖြစ် သွားပြီး ကောင်လေးကို မျက်စောင်းလှမ်းခဲလိုက်မိသည်။

"မျက်စောင်းမခဲပါနဲ့ကွာ၊ ကိုယ့်အသည်းက ငယ်တယ်၊ နော် ... အခုမှ အသစ်စက်စက်ကလေး ရှိသေးတာ 'ဝုန်း' ခနဲ ပြုတ်ကျသွားနိုင်တယ်"

ပို့ သဘောကျပြီး ဟက်ဟက်ပက်ပက်ကလေး ရယ်မောလိုက်ချင်ပေမယ့် မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို စောင့်ထိန်းသလိုကလေး နှုတ်ခမ်းလှုပ်ရုံမျှ ပြုံးလိုက်မိသည်။

သူက ပို့နှင့် စက်ဘီးချင်း ယှဉ်လိုက်ပါရင်း ပို့ မျက်နှာကို ဘေးကနေ တစိုက်မတ်မတ် စိုက်ကြည့်နေတာမို့ ပို့ မနေတတ် မထိုင်တတ် မျက်နှာလေး ထူထုံသွားရကာ သူ့ကို လှည့်ပြီး ဟောက်ပစ်လိုက်မိသည်။

"ဘာဖြစ်လို့ ယှဉ်လိုက်လာတာလဲ၊ အရှေ့ကနေ သွားပါ၊ သွားစရာရှိတဲ့လမ်းကိုသွား၊ လိုက်မနှောင့်ယှက်နဲ့"

"ဟာ ... တကယ့် ပြတ်သားတယ်ကွာ၊ နာမည်ကလေးသိ ချင်လို့ ဒီက စွန့်စားလိုက်ရတာ၊ မနက်က ဘာလို့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာလဲ၊ ချောင်းကြည့်နေတာလေးက ကလေးလေး ကျနေတာပဲ"

သူက သွားဖြူဖြူရှည်ရှည်ကလေးတွေပေါ်အောင် ရယ်မောပြီး ပြောလိုက်တာမို့ နှစ်လိုဖွယ် သူ့မျက်နှာချောချောလေးကို ဖို့ ကြာကြာလေး ငေးကြည့်မိသွားသည်။

သူ့မျက်နှာလေးကို ငေးကြည့်နေရင်းနှင့် ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိအောင် လှိုက်ခါတုန်ယင်သွားသည့် ခံစားမှုလေး ဖြတ်ပြေးသွားတာကို နှုတ်ခမ်းလေးစေ့ ထိန်းချုပ်ပစ်လိုက်ရင်းက သူ့ကို မကျေနပ်တဲ့ မျက်ဝန်းကလေးတွေနဲ့ စိုက်ကြည့်လိုက်မိသည်။

"ကလေးပဲ ရှိသေးတာပဲ"

"ဟုတ်လား၊ ဒါဆို ရယ်ပြစမ်းကွာ၊ ငယ်သွားလဲထားလို့လား"

"အို ... ဘာတွေ လျှောက်ပြောနေတာလဲ"

ဖို့ရင်ထဲမှာ ငြိမ့်ငြိမ့်ကလေး ခုန်မြည်သွားတဲ့ ရင်ခုန်သံလေးတွေကို သတိလက်လွတ် လွှတ်ပေးလိုက်မိပါတော့သည်။





ဖို့စက်ဘီးနဲ့ အနီးဆုံး စီးလိုက်လာပြီး ဖို့စက်ဘီးလက်ကိုင်လေးကို တစ်ခါတစ်ခါ ဆွဲကိုင်တတ်တဲ့ သူ့ရဲ့ရဲတင်းမှုတွေကို မကျေနပ်မိပေမဲ့ ကြိတ်မှိတ်မျိုချထားရသည်။

အဲဒီလို ပိုက်ဆံရှိတဲ့ သူဌေးသားပီပီ စိတ်ထဲရှိတိုင်း လျှောက်လုပ်နေတာကို ဖို့ မနှစ်မြို့ခဲ့ပေမဲ့ သူဌေးသားကလေးက ဖို့ အိမ်ကထွက်လာတာကို တကူးတက စောင့်ကြည့်ပြီး ဖို့အနောက်ကို စိတ်ဝင်စားစွာ လိုက်ပါလာခဲ့တာကိုတော့ ရင်ခုန်ကျေနပ်မိပါသည်။

အတွေးကလေးတွေနဲ့ ဖို့ ငြိမ်သက်သွားစဉ်မှာပင် သူက ဖို့ကိုင်ထားတဲ့ စက်ဘီးလက်ကိုင်တန်းမှ လက်ကိုင်တန်းကို ကိုင်သလိုလိုနှင့် ဖို့လက်ကလေးကိုပါ ဖိဆုပ်ကိုင်လိုက်သဖြင့် ဖို့ ဆတ်ခနဲ တုန်သွားကာ သူ့ကို ဒေါသမျက်လုံးတွေနှင့် လှည့်ကြည့်လိုက်မိသည်။

"ဘာလုပ်တာလဲ၊ ရိုင်းလိုက်တာ"

"ကလေးဆို"

ပြုံးစိစိ မျက်နှာပေးနှင့် မျက်စပစ် မေးဆတ်ပြီး မေးလာသည့်သူ့ကို ဖို့ ဘာပြန်ပြောရမှန်း မသိအောင် ရှက်စိတ်တွေ ခုန်ထသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးဆိုရင် လူကြီးက ချစ်လို့ လက်ကိုင်တာတို့ ပါး ကလေးကိုင်တာတို့ နဖူးကလေး နမ်းတာတို့ကို ..."

"တော် ... နင် ... တော်တော့ ..."

"ဟောဗျာ၊ ခင်တောင် မခင်ရသေးဘူး၊ ရပ်တန်းကရော် ခိုင်းတော့တာပဲ"

"နင် အခု လှည့်ပြန်တော့"

"စိတ်မဆိုးပါနဲ့ကွာ၊ ကိုယ်က မင်းကို ခင်လို့စတာပါ"

"သိပ်ရမ်းကားတဲ့ စကားလုံးတွေနဲ့ လာမစော်ကားနဲ့၊ ငါ ပိုက်ဆံချမ်းသာတယ်ဆိုပြီး တွေ့ရာမိန်းကလေးတိုင်းကို အနိုင်ယူဖို့ မစဉ်းစားနဲ့ ... ဆောရီးပဲ"

ဒေါသကြောင့် ပို့ အသံလေးကအစ တုန်ယင်ကာ စက်ဘီးကို အားစိုက်နင်းပစ်လိုက်သည်။

သူကလည်း အမလျှော့ဘဲ အနောက်ကနေ လိုက် လာပြီး ပို့ကိုမီအောင် စက်ဘီးကို တအားဖိနင်း လိုက်လာခဲ့သည်

စောစောကလို ပို့နဲ့အတူယှဉ်ပြီး လိုက်ပါမလာတော့ ဘဲ အနောက်ကနေ ဘာတွေ သုံးသပ်ပြီး တိတ်တဆိတ် လိုက်ပါ လာခဲ့သည်မသိ။





ပို့ စိတ်ထဲမှာ မလုံခြုံတော့။

မိန်းကလေးတစ်ယောက်ကို အနောက်ကနေကြည့် ပြီး စိတ်ထဲကနေ အဲဒီမိန်းကလေးရဲ့ ကိုယ်လုံးကို အထက်အောက် ကြည့်ပြီး ဝေဖန်သုံးသပ်တတ်တဲ့ ယောကျ်ားမျိုးကို ပို့ သိပ်မုန်း ပါသည်။

အခုလည်း သူ အနောက်က လိုက်ပါပြီး သုံးသပ် နေတာကို သိထားသည့် ဒေါသစိတ်က ဘယ်လိုမှ ထိန်းလို့မရ ဖြစ်သွားကာ စက်ဘီးပေါ်မှ လှားခနဲ ခုန်ဆင်းလိုက်သည့်အချိန် မှာ ...

"ဟား ... တိုက်မိပြီ"

"ဝုန်း" ခနဲ စက်ဘီးနှစ်စီး လဲပြိုသွားသလို စက်ဘီး ရပ်လိုက်တာကို တည့်တည့်ကြီး ဝင်တိုးလိုက်တဲ့ သူလည်းပဲ စက်ဘီးနဲ့ ဝင်ထိုက်လိုက်သည့် အရှိန်နှင့် စက်ဘီးပေါ်ကနေ ဒွေး ခနဲ ပြုတ်ကျသွားပြီး လမ်းမကြီးမှာ လေးဖက်ကြီးထောက်လျက် သားကျခဲ့တာကြီးကို ပို့ ပါးစပ်ကလေးအဟောင်းသားဖြင့် ကြောင် အေးကြည့်လိုက်ရင်းက ဝမ်းသာသွားမိသေးသည်။

"အား ... သေပါပြီကွာ၊ ငါ့ကိုကူပြီး ထူပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ပို့ုက အမြင်ကတ်ကတ်ဖြင့် သူ့အရှေ့မှ လှမ်းထွက်မလို ခြေလှမ်းပြင်လိုက်စဉ် ပို့ုလက်ကလေးကို ဖျတ်ခနဲ လှမ်းဆွဲကိုင်ပြီး ထရပ်လိုက်တဲ့ သူ့ကို စိတ်မကျေနပ်နိုင်စွာဖြင့် စိုက်ကြည့်လိုက်မိသည်။

"ဟား ... ပြူစားတတ်တယ် ထင်တယ်"

"ဘာ"

"ဟ ... စွတ်မအော်နဲ့လေ၊ နားတောင်ကွဲကယ်၊ တို့ မင်းကို သက်သက်လိုက်နှောင့်ယှက်နေတာ မဟုတ်ဘူးဆိုတာဝန်ခံတယ်၊ အိမ်နီးချင်းလည်း ဖြစ်တဲ့အတွင် နောင်လည်းခင်ရမှာ အတူတူ အခုကတည်းက တို့နှစ်ယောက် ခင်ထားကြရင် အကောင်းဆုံးပဲ၊ မင်းကို ကိုယ် Bodyghard လုပ်ပေးလို့ ရတာပေါ့ကွာ"

သူက မျက်လုံးတောက်တောက်တွေနှင့် ပို့ုမျက်လုံးတွေကို ဆုံအောင်စိုက်ကြည့်ပြီး အနူးအညွတ် တောင်းပန်နေသည်။

ပို့ုကတော့ သူ့ရဲ့စွတ်တရွတ်ဆန်တဲ့ အပြုအမူကြီးကို မနှစ်မြို့သွန်းလှသဖြင့် ဟန်လုပ်ပြီး နှုတ်ခမ်းကလေးစူကာ မျက်နှာကလေး လွှဲပစ်လိုက်မိသည်။





"မခင်နိုင်ဘူး၊ နင် ဆက်လိုက်မလာတော့နဲ့"

"ဟာ ... ခေါင်းမမာစမ်းပါနဲ့ကွာ၊ ကိုယ် ဘယ်မိန်းကလေးကိုမှ ဒီလောက်ထိ အောက်မကျဖူးဘူးနော်"

သူက စောစောက ဆုပ်ကိုင်ထားတဲ့ ပို့ုလက်ကလေးကို လွှတ်မပေးသေးဘဲ ခပ်တင်းတင်း ဖျစ်ထားသဖြင့် ပို့ုသူ့လက်ထဲမှ လက်ကလေးကို အတင်းရုန်းယူပစ်လိုက်သည်။

သို့သော် သူက လက်ကိုလွှတ်မပေးဘဲ ဇွတ်အတင်းပြန်ဆွဲထားကာ ညို့ရီရီမျက်လုံးတွေနှင့် ပို့ုကိုစိုက်ကြည့်ပြီး ...

"ခင်မယ်ဆိုရင် လွှတ်ပေးမယ်"

ဟု ဇွတ်အတင်း ဆိုလာပြန်သဖြင့် ပို့ု ဒေါသတကြီးထအော်ပစ်လိုက်မိတော့သည်။

"မခင်ဘူး၊ ငါ့လက်ကို လွှတ်နော် ... နင်"

လမ်းမကြီးမှာ သူက လက်ကိုလွှတ်မပေးဘဲ ဒီအတိုင်းကြီး ဆွဲထားတာမို့ အခံရခက်ပြီး ရှက်လည်း ရှက်သွားရလေသည်။

အခုမှစပြီး မြင်ဖူး တွေ့ဖူးခဲ့ကြသည့် ဒိမ်နီးချင်းကို အခုလိုမျိုး အကျပ်ကိုင်ပြီး ခင်ခိုင်းဘာ ပို့ု သိပ်မုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ရင်းနှီးသွားရင်လည်း သူ ဒီအတိုင်းပဲ ပျို့အပေါ် အနိုင်ယူဗိုလ်ကျမလား မသိ။

"လွှတ်ဆိုရင်နော် ... နင် မရမ်းကားနဲ့"

"မလွှတ်ပေးဘူး၊ ပြဿနာအတက်ခံမယ်၊ တို့ မင်းကိုမြင်မြင်ချင်း ခင်တယ်၊ ရောက်စကတည်းက မင်းကိုတွေ့ဖို့ တို့ ကြိုးစားနေတာ၊ အခုမှ အခွင့်အရေးရတာ"

"ဘာလဲ ... နင်က ငါ့ကို ပိုက်ဆံမရှိတဲ့ မိန်းကလေးဆိုပြီး စော်ကားချင်တာလား"

"ဟား ... မင်းကွာ"

သူက စိတ်ပျက်သလို ခေါင်းတစ်ချက် ခါယမ်းပြီး မျက်နှာလေးပင့်ကာ မျက်ခုံးကလေးနှစ်ခုတွန့်ရှုံ့ပြီး ပျို့ကို ခပ်တည်တည် စိုက်ကြည့်လာလေသည်။

အဲဒီနောက် ပျို့လက်ကလေးကို ဖြေလွှတ်ပေးပြီး မျက်နှာလွှဲပစ်လိုက်ကာ စက်ဘီးပေါ်တက်ပြီး ပျို့အရှေ့ကနေ စက်ဘီးစီး ထွက်သွားလေတော့သည်။

သူ့ကို မခံချင်အောင် ပုတ်လိုက်တာနှင့် ...





ချက်ချင်းကြီး ပျို့ကို အရေးမစိုက်သလို မျက်နှာပေးနဲ့ ခပ်တည်တည် လှည့်ထွက်သွားသည့် သူ့ကို ပျို့ ဘာပြန်ပြောရမှန်း မသိအောင် စိတ်ထဲမှာ လစ်ဟာ ဝမ်းနည်းသွားသလိုကြီး ခံစားလိုက်ရသည်။

သူ ပျို့ကို မခင်ချင်တော့တာပဲဟု စိတ်ထဲက အားငယ်စိတ်ကလေးဝင်ကာ ဝမ်းနည်းသွားခဲ့ရပေမယ့် ...

မာန်မာနကလေးနှင့် ပျို့မျက်နှာလေးကို တည်တည်ကလေး တင်းပစ်လိုက်ပြီး လဲကျသွားသည့် စက်ဘီးကလေးကို ကိုယ့်ဘာသာကိုယ် ပြန်ဆွဲထူယူပြီး သူနှင့် ဆန့်ကျင်ဘက်ဆီသို့ သွက်သွက်ကလေးနင်းကာ ထွက်လာခဲ့မိတော့သည်။

❦ ❃ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ပို … ဟိုဘက်အိမ်က ဆူဆူညံညံနဲ့ သီချင်းသံက ဘာလုပ်တာလဲ မသိဘူး၊ လူတွေလည်း မနည်းဘူး၊ ကားတွေများတယ်၊ ဆိုင်ကိုယ်က တစ်စီး နှစ်စီးရယ်"

ခေါင်းရင်းခြံက သီချင်းသံမြှင်မြှင်များနှင့် ရယ်မောစကားပြောနေကြတဲ့ စကားသံတွေကို ကြားနေရပေမယ့် မေမေ့လို ဖွင့်ဟမေးမြန်းခြင်းမရှိဘဲ ပို့စိတ်ထဲကနေ ဝေဖန်ကဲ့ရဲ့နေခဲ့မိသည်။

တင်းတင်းကလေးနဲ့ ပိပိရိရိကလေး လှနေတဲ့ ပို့နှုတ်ခမ်းနီနီကလေးတွေကလည်း ကွေးခနဲ မဲ့ကျသွားရလေသည်။

ဘာရမလဲ မေမေရဲ့ …





သူတို့ရဲ့ သိန်းပေါင်းများစွာ မွမ်းမံပြင်ဆင်ထားတဲ့ တိုက်ကြီးကို မင်္ဂလာရှိတဲ့ ကျက်သရေရှိတဲ့ သူဌေးတွေချည်းဖိတ်ပြီး အိမ်တက်ဆွမ်းကျွေးလုပ်မှာပေါ့လို့ ရင်ထဲမှာ မခံချင်စိတ်ဖြင့် ရေရွတ်နေမိသည်။

မနေ့က ပို့အနောက်ကို အသည်းအသန်လိုက်ခဲ့တဲ့ ကောင်လေးကလည်း ဘာထူးမှာလဲ။

သူဌေးမာန်ကလေးအပြည့်နဲ့ ပို့ကို ကျောခိုင်းသွားလိုက်တာ။

"ပို … သူတို့တွေ အိမ်တက်ဆွမ်းကျွေး လုပ်တာများလား"

"မသိဘူး မေမေရယ်၊ အရေးမပါလိုက်တာ၊ ကိုယ့်အကြောင်းပဲ ကိုယ်စဉ်းစားစမ်းပါ၊ ဒီနေ့ စနေနေ့ ပို ကျောင်းပိတ်တုန်း မေမေ့ကို မုန့်ကူရောင်းပေးမယ်"

"အော … အော … ငါ့သမီး သိတတ်တာကိုပဲ မေမေက ကျေနပ်ပါပြီ။ ဒါနဲ့ သမီး စာမေးပွဲနီးပြီနော်၊ စာလေးဘာလေး ဖိဖိစီးစီးလုပ်ဦး"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပျို ပါးစပ်ကသာ ဟန်လုပ်ပြီး မေမေ့ကို ပြောလိုက်ရပေမဲ့ စိတ်ထဲမှာတော့ ခေါင်းရင်းအိမ်က လုပ်ရပ်ကြီးကို တော်တော်လေး အခံရခက်လှပါသည်။

ပျိုတို့သားအမိကို အိမ်နီးချင်း ဖြစ်ခဲ့ပေမဲ့ သူတို့လို တိုက်တာအဆောက်အအုံနဲ့ မနေရတဲ့အပြင် ဘေးအိမ်တွေလို သွပ်မိုးပျဉ်ထောင်နှစ်ထပ်အိမ်ကြီးတွေနဲ့ မနေနိုင်ဘဲ သုံးပင်သစ်ကြမ်းအိမ်ကလေးကို ထရံကာပြီး ဓနိမိုးထားတဲ့ အဆင့်အတန်းမရှိတဲ့သူတွေကို သူတို့က အိမ်နီးချင်း ဖြစ်ခဲ့ပေမယ့် ...။

အရေးတယူ မလုပ်ဘဲ ဘေးက နှစ်အိမ်တွေ၊ တိုက်အိမ်တွေကိုသာ ရွေးဖိတ်ပြီး ပျိုတို့သားအမိ အိမ်ကိုပဲ ကွင်းချန်ခဲ့တဲ့ အဆင့်အတန်း ခွဲခြားလွန်းသည့် သူတို့မိသားစုကို ပျို မုန်းလွန်းလို့ ရင်ထဲမှာ တင်းကျပ်အုံ့ခဲသွားရပါသည်။

ဒီလိုနဲ့ချာလွန်းတဲ့ ကိုယ့်ရဲ့ဘဝပေးကသိုလ်ကိုလည်း ခါးသီးလှသည်။

စိတ်ထဲမှာ မခံချင်တိုင်းသာ ဒေါသထွက်ပစ်လိုက်ရရင် လက်ထဲက ကြွေပန်းကန်လုံးကို မြေပြင်မှာ ပေါက်ခွဲပစ်လိုက်မိမှာ သေချာသည်။





လူလူချင်း ခွဲခြားလွန်းတဲ့ ...

သူတို့မိသားစု စိတ်ဓာတ်ကို အစကတည်းက သိလိုက်ရပြီမို့ ပျို သူတို့သားကလေးနှင့် အဝေးဆုံးရှောင်နေဖို့ ဆုံးဖြတ်လိုက်မိပါသည်။

တစ်ဘက်ခြံက ကားသံ၊ ဆိုင်ကယ်သံ တဝူးဝူးနဲ့ သီချင်းသံတွေကို နားခါးလွန်းလို့ ပျို MP3 ကလေးကို ဆွဲတပ်ပစ်လိုက်ပြီး မေမေနှင့် မုန့်ဟင်းခါးဆိုင် ထိုင်နေလိုက်သည်။

မျက်စိရှေ့မှာ လာရပ်တဲ့သူကိုပဲ "ဘာစားမလဲ"မေးပြီး ခပ်သွက်သွက် မုန့်ဖတ်ထည့် မုန့်ဟင်းရည်ထည့်ပေးလိုက်သည်။

မျက်စိအမြင်အာရုံကို မုန့်ဖတ်အဖြူတွေဆီ အာရုံစိုက်ပြီး နားက နားကြပ်ထဲက မျိုးကြီးရဲ့သီချင်းလေးတွေကို စိတ်ထဲကနေ လိုက်ဆိုပစ်လိုက်သည်။

စိတ်ထဲကနေ သီချင်းလိုက်ဆိုနေခဲ့ပေမဲ့ မျက်လုံးတွေမှာ မကျေနပ်စိတ်ဖြင့် ခပ်ထန်ထန် ဖြစ်နေတာကို မေမေကရိပ်မိကာ ကရုဏာမျက်လုံးတွေနှင့် ဖြေသိမ့်လာလျှင် ပျို ပိုပြီးဝမ်းနည်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်ခမ်းနားလိုက်တဲ့ ခေါင်းရင်းခြံက သူဌေးတွေရဲ့ ကျင့်ထုံးမူဟန်ကြီးကို တွေးမိလေ ဆတ်ဆတ်ခါ နာလာလေဖြစ်သည်။

ရင်နာသည့် ခံစားချက်ကလေးဖြင့် ပို၍ ခေါင်းငုံ့ကြေကွဲနေသည့် အချိန်မှာပဲ ဆိုင်ထဲကို တဖျပ်ဖျပ် ဝင်လာတဲ့ ခြေသံနှင့်အတူ ရပ်လိုက်တဲ့ ခြေထောက်ဖြူဖြူတစ်စုံကို မှန်းစားမှာပဲဆိုပြီး မော့မကြည့်ဘဲ ...

"ဘာစားမှာလဲ"

ဟု မေးပြီး ကြွေပန်းကန်လေးကိုယူကာ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

"ဟင်"

ရုတ်တရက် သူ့ကို ဆိုင်ရှေ့မှာ စတီးချိုင့် လေးဆင့်ကြီးကိုဆွဲပြီး ရပ်နေတာ တွေ့လိုက်ရသဖြင့် ပို၍ မျက်နှာကို ရေတ်သီးရည်နဲ့ ပက်ဖျန်းခံလိုက်ရသလို မျက်နှာတစ်ခုလုံး ပူခနဲဖြစ်သွားပြီး မျက်လုံးတွေ စိမ်းသွားရသည်။

မျက်နှာကိုလည်း သူနှင့် အဝေးဆုံးဘက်ဆီသို့ လှည့်ပစ်လိုက်မိပါသည်။



"ကျောင်းပိတ်လို့ ဈေးကူရောင်းနေတာနဲ့ တူတယ်"

တိုးညှင်းညှင်း စကားသံက မနေ့ကနဲ့ ဘာမှမဆိုင်သလို လှယဉ်ကျေးတစ်ယောက်လို။

စိတ်ရှိတိုင်းသာ ပေါက်ကွဲပစ်လိုက်ရင် ...

ဒေါသဖြစ်ဖြစ်နဲ့ နားကြပ်ကလေးကို ဆွဲဖြုတ်ပြီး သူ့ကို ခပ်ထန်ထန် စိုက်ကြည့်လိုက်တော့ ...

သူက ပြုံးစိစိ မျက်နှာလေးနှင့် မေမေ့အရှေ့မှာ ဆွဲလာတဲ့ချိုင့်ကို ချလိုက်တာကို ပို၍ ပိုပြီးစိတ်မျက်သွားရသည်။

တတ်လည်းတတ်နိုင်တဲ့ သူဌေးသား။

လာစမ်း ... ပို၍ပါးစပ်နဲ့ တွေ့ပြီပေါ့။

"ဟုတ်တယ် သားရဲ့၊ သမီးက ကျောင်းပိတ်တုန်း စာကျက်လို့ အန်တီ ပြောတာကို စကားနားမထောင်ဘဲ ကူရောင်းနေတာ အန်တီက အခုမှ နားရတာဆိုပြီး ..."

"ဟုတ်တာပေါ့ အန်တီရဲ့၊ ကျွန်တော် မနေ့က အန်တီ့သမီးနဲ့တွေ့တာ၊ အိမ်တက်ဆွမ်းကျွေးဖိတ်မလို့ စကားကောင်းဘယ်လိုမှ ပြောလို့မရဘူး၊ အဲဒါ အခု အန်တီတို့ သားအမိကို လာဖိတ်တာပါ အန်တီ၊ ဘုန်းကြီးဆယ်ပါးပင့်ပြီး အိမ်တက်ဆွမ်းကျွေးလုပ်တာယ် အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ကောင်းပါတယ်"

"ဘုန်းကြီး တရားပေးပြီးမှ သနားလို့ စားဖို့လာခေါ်တာ မဟုတ်လား၊ ဆောရီးပဲ။ ငါတို့သားအမိ အလုပ်မအားဘူး၊ နင့်လည်း ဧည့်ခံချိန် မပေးနိုင်ဘူး"

"အို ... သမီးရယ်၊ ဘယ်လိုပြောလိုက်တာလဲ"

မေမေက အားနာသလို ပျို့ကို လှည့်မာန်သလိုပြောလိုက်တော့ သူက ပျိုပြောတာ မှန်ကန်သွားတာကို အားနာရှက်ရွံ့သွားသည်ထင်သည်။

သူ့ရဲ့ခပ်ထောင်ထောင် ဆံပင်ကလေးကို ကုတ်ဖွပစ်လိုက်ပြီး ပျို့မျက်နှာကို ခပ်တည်တည်စိုက်ကြည့်ကာ မေမေ့ကိုတော့ ဖွဖွကလေး ပြုံးပြနေလေသည်။

"ဒီမှာ အန်တီ ဒံပေါက်၊ အန်တီတို့ စားရအောင်"

"မစားဘူး၊ ပြန်ယူသွား"

ပျိုက ဘာမထီပုံစံဖြင့် သူ့ကို ခပ်ကျယ်ကျယ်ပြောလိုက်တော့ သူက ပျို့အရှေ့မှာ ထိုင်ရတော့မလို ပြန်ပဲပြန်ရတော့မလိုနှင့် ကြံရာမရဖြစ်နေပုံဖြင့် ခပ်ငြိမ်ငြိမ် မတ်မတ်ကလေး ရပ်နေပြီး ...





မေမေ့ကို တောင်းပန်တဲ့ မျက်ဝန်းတွေနှင့် လှမ်းကြည့်လာသည်။

"ဟို ... အန်တီ၊ ကျွန်တော် စေတနာနဲ့ လာပို့တာပါခင်ဗျာ၊ ဟို ... မနေ့က အန်တီ့သမီးကို ဖိတ်မလို့၊ အဲဒါ"

"အေး ... အေးပါ သားရယ်၊ အန်တီ နားလည်ပါတယ်၊ အန်တီ လှယ်ယူလိုက်မယ်နော်၊ သားတို့ အိမ်တက်ဆွမ်းကျွေးက "ဒံပေါက်ကျွေးတယ်လား"

မေမေက သူ့လက်ထဲက စတီးချိုင့်ကို ဆွဲယူပြီး ဇလုံထဲထည့်မလို့ လက်လှမ်းလိုက်စဉ် ပျို့စိတ်ထဲ ဘယ်လိုမှ ချုပ်ထိန်းလို့မရ ဖြစ်သွားခဲ့ရသည်။

မေမေ့လက်ထဲက စတီးချိုင့်ကြီးကို ဆတ်ခနဲ ဆွဲယူပြီး အံကိုဆွဲဖြုတ်ပစ်လိုက်ကာ အံထဲမှာ ထည့်ထားသည့် ကြက်သားတွေကို အမှိုက်ခြင်းထဲ သွားသွန်ပစ်လိုက်သည်။

ကဲ ... မှတ်ထား။

အခုမှ သနားလို့ နှိုးကြောင်နှိုးဝှက် လာပေးတဲ့ ဒံပေါက်ကို ပျိုတို့က အစာနင်ခံပြီး ဘယ်တော့မှမစား။

နောက်ထပ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားထည့်ထားတဲ့ တစ်ချိုင့်ကို ဆတ်ခ‌ေ ပိတ်သွန်လိုက်တော့မှ ရင်ထဲမှာ ရှင်းသွားရသည်။

"ဟာ ... မင်း ... မင်း လွန်ပြီနော်"

"အို ... ပို ... ဒုက္ခပါပဲ ဒီကလေးမ၊ သားရယ် အန်ဝ် တောင်းပန်ပါတယ်"

သူက ပို့လက်ထဲက စတီးချိုင့်ကို ဆွဲလုပြီး အံကို ဖိကြိတ်ကာ ပို့ကို စိုက်ကြည့်လာတော့ ...

ပိုကလည်း သူ့ကို အခဲမကျေသည့် အကြည့်တွေ နှင့် ပြန်စိုက်ကြည့်လိုက်သည်။

နှစ်ယောက်သား အကြည့်ချင်း အားပြိုင်နေကြတာ ကို မေမေက အားနာစွာ ဒေးငိုင်သွားသည့် အချိန်မှာပဲ သူက စတီးချိုင့်ကြီးကို မုန့်ဟင်းခါးချထားသည့် စားပွဲပေါ်တင်ပြီး ချာ ခနဲ လှည့်ထွက်သွားတော့သည်။

ပိုက သူလှည့်ထွက်သွားသည့် အနောက်ကို ခပ်မဲ့မဲ့ စိုက်ကြည့်ပြီး မေမေ့ကို ပြန်လှည့်ကြည့်လိုက်မိတော့ ...

မေမေက ပို့အကြည့်တွေကို မနှစ်မြို့သလို မျက်နှာ လွှဲပစ်ရင်း ...





"ညည်း လုပ်ရပ် သိပ်ရိုင်းတယ် ပို၊ ဟိုက လူကုံထံတွေ နော်၊ ညည်း ရှေ့လျှောက် ကျပ်ကျပ်သတိထားပေတော့"

"ရှေ့လျှောက် သတိထားရအောင် ပိုက သူတို့နဲ့ပတ်သက် အောင်နေမဲ့သူမှ မဟုတ်တာ၊ မေမေသာ သူဌေးသားဆိုပြီး ပို့ကိုယ်စား စိတ်ကူးလိုမ့်ပိန့်ယဉ်၊ ပိုကတော့ လက်တွေ့ အတော်ကားခံရတဲ့ဘဝကို လုံးဝမနှစ်သက်ဘူး၊ ဒီတစ်ခါ အဲဒီကောင် အိမ်ထဲကိုလာရင် မုတ်လောက် သားလောက် ဆုံးမပစ်ဦးမယ်"

ပိုက ဒေါကြီးမောကြီး ကြိမ်းဝါးလိုက်တော့ မေမေ က ပို့ကို အံ့သြသလို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်ကာ ရင် ဘတ်ကြီးကိုဖိပြီး ...

"အမယ်လေး ... မိပိုကညာ၊ ကျုပ် ညည်းကိုယ်စား စိတ် ကူးလိုမ့်ပိန့်မယဉ်ရပါဘူးအေ၊ ငါမွေးထားတဲ့ သမီးကလေး နုနုနယ်နယ် ချောချောကလေးဆိုပြီး ငါက သူဌေးယောကျ်ား နဲ့ပဲ ဘဝကို တည့်မတ်ပေးချင်တာပါ။ ကျုပ် စိတ်ကူးမယဉ် ချပါဘူးအေ၊ ကျုပ်လည်း တစ်ချိန်တုန်းက သူဌေးယောကျ်ား ကို လက်လွှတ်ခဲ့ရတဲ့သူပါအေ"



www.burmeseclassic.com

မျက်ရည်တွေဝဲပြီး အံသတုန်တုန်ကြီးနှင့် ပြောလာသည့် မေမေ့ကို ပျို ခပ်တည်တည်စိုက်ကြည့်ပြီး ဆိုင်လည်းဆက်ထိုင်ချင်စိတ် မရှိတော့ဘဲ အိမ်ထဲပြေးဝင်လာခဲ့သည်။

အဲဒီနောက် အိပ်ရာထဲ တန်းဝင်ကာ အိပ်ရာလေးပေါ် တုံးလုံးကလေး လှဲချလိုက်ပြီး တိတ်တိတ်ကလေး ရှိုက်ငင်ငိုကြွေးလိုက်ပါတော့သည်။

ရင်ထဲမှာ ...

သူနှင့်ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် သူတို့မိသားစုရဲ့ အစော်ကားခံလိုက်ရသူလို ဆတ်ဆတ်ခါ နာကျင်သွားရလေပြီဖြစ်သည်။

ဒါ ပွဲဦးထွက် အစပဲ ရှိသေးသည်။

နောက် သူနဲ့ပတ်သက်ပြီး ပျိုတို့မိသားစု ဘယ်လိုစော်ကားမှုမျိုးကို ခံရဦးမည်မသိ။

သူနှင့်ပတ်သက်ရမည့် အနာဂတ်ဘဝတစ်ခုကို ပျိုကြောက်ရွံ့တုန်လှုပ်စ ပြုလာရပြီဖြစ်သည်။

❣ ✱ ❣



## ၄

သူ ပျို့ကို စိတ်နာသွားပြီထင်သည်။

ပျို့ရဲ့လုပ်ရပ်တွေက သူ့စေတနာကိုများ ရိုင်းပျစွာစော်ကားရာများ ကျသွားခဲ့ပြီလား။

ဟင့်အင်း ... ငါ မမှားပါဘူး။

အိမ်နီးချင်းဖြစ်တဲ့ ပျိုတို့သားအမိကို အရေးတယူမလုပ်လို့ မဖိတ်တာကို အနုလို သိအောင်ဖွင့်ပြလိုက်ရလို့ ပျိုကျေနပ်သည်။

ဒီကောင်လေးကလည်း သူ့ဒွေးသားပီပီ ဘာထူးမှာလဲ။

ပျို့ကိုတွေ့တုန်း ကြုံတုန်း ရိသဲ့သဲ့ ပြောခဲ့ပေမယ့်နောက်ကွယ်မှာ ဖွတ်ဖြစ်သွားမှာ မဟုတ်လား။

www.burmeseclassic.com



ဖျို့စိတ်ထဲမှာ ဒီနေ့မှ သူ့ကို လွမ်းသလိုလို ရှိလာခဲ့တာ အံ့သြစရာကောင်းသေးသည်။

နေ့တိုင်းလိုလို သူတို့ခြံကြီးထဲကို ဖျို့ ဂရုစိုက်ပြီး ကြည့်နေခဲ့တာ။ အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီး ခပ်ချောချောတစ်ယောက်နဲ့ အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးကြီးနှင့် အသက်ခြောက်ဆယ်လောက်ရှိသည့် အမျိုးသားကြီးရယ်၊ အလုပ်သမားနှစ်ယောက်ရယ်ပဲတွေ့ပြီး သူ့ကို အရိပ်အယောင်တောင် မတွေ့ရတာမို့ ဖျို့ရင်ထဲ မောသွားရသည်။

သူ တစ်နေရာရာကိုများ ထွက်သွားတာလား။

အို ... သူ့ကို ငါ ဘာလို့ ဒီလောက် စိတ်ဝင်စားနေရတာလဲ။ သူနဲ့ ငါ့ဘဝက ဘာမှမဆိုင်အောင် ကွာခြားတာပဲ။

မိုးနဲ့ ချောက်ကမ်းပါးထဲက မြေကြီးလို ကွာခြားလွန်းလှတဲ့ ဘဝကြီးကို စိတ်ကူးယဉ် မျှော်မှန်းဖို့လည်း မဝံ့မရဲဖြစ်မိသည်။

သူ့ကိုမမြင်တွေ့ရသည့် နေ့ရက်တွေတိုင်းမှာ သူ့ကို မျှော်လင့်စောင့်ဆိုင်းမိသည်မှအပ ဖျို့ရင်ထဲမှာ ဗလာအတိ ခံစားချက်ကင်းမဲ့နေခဲ့သည်။





ဒီနေ့ မေမေ အန်တီလေးတို့ဆီ အလည်သွားနေတာမို့ ဖျို့ တစ်ယောက်တည်း မီးဖိုထဲမှာ ထမင်းအိုး ဟင်းအိုးတည်ရင်းနှင့် အတွေးတွေနှင့် သူ့ကို အထူးလွမ်းသလိုကြီး ခံစားနေရတာတွေကလည်း ...

ဖျို့အတွက် "စမ်းသပ်ကဗျာသက်သက်"ဖြစ်ခဲ့ရသည်။

သူကရော ဖျို့ကို သတိရပါ့မလား။

ပါးစပ်ကလေးက "ခင်တယ် ... ခင်တယ်"ပြောပြီး နောက်ကွယ်မှာတော့ လုံးဝမေ့သွားခဲ့ပြီလား မသိ။

"ဖြောက်"

"အမေ့"

အတွေးတွေနှင့် တစ်ယောက်တည်း ဝမ်းနည်းနေသည့်အချိန် မထင်မှတ်ဘဲ အမှတ်မထင် အနောက်ဘက်ဆီက "ဖြောက်"ခနဲမြည်သံကြောင့် ဆတ်ခနဲ လှည့်အကြည့် ...

"ဟင် ... နင်"

"အင်း ... ဟုတ်တယ်၊ ကိုယ့်နာမည် ဂျွန်ဲ့၊ တစ်လုံးတည်းရယ်၊ မှတ်ထားနော်၊ ရန်သူဖြစ်တာ တစ်လုံးကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြာသွားပြီ၊ တော်ကြာ နာမည်မသိဘဲ စိတ်ထဲက ဆဲနေတာ ကိုယ့်အပေါ် မသက်ရောက်မှာစိုးလို့"

မြင်တွေ့လိုက်ရတာနဲ့ ချက်ချင်း ရန်စကားပြောလာသည့် သူ့ကို ပိျူ ခပ်တည်တည် စိုက်ကြည့်လိုက်ပြီး နွေးထွေးတဲ့ သူ့ရဲ့အပြုံးလျှလျှလေးကို ခဏလေး ငေးစိုက်ကြည့်မိသွားသည်။

သူက ပိျူ ငေးကြည့်နေတာလေးကို သဘောကျသွားသလို ပခုံးကလေးနှစ်ဖက် ပစ်တွန့်လိုက်တော့မှ မီးဖိုထဲအထိ ရောက်လာတဲ့သူ့ကို သတိရသွားကာ ပိျူ မျက်လုံးကလေးအဝိုင်းသားဖြင့် ထိတ်လန့်သွားရသည်။

"ဟာ ... နင် ဘယ်အထိ လျှောက်ဝင်လာတာလဲ၊ အိမ်မှာ ငါ တစ်ယောက်တည်းရယ်၊ ပြန်ပါ"

"မပြန်ပါဘူး၊ ထမင်းဟင်း ကျချက်ပြီး ညနေစာ ဒီမှာစားမှာ၊ ငါ့ကို တစ်လလုံးလုံး မတွေ့ရတော့ ဘယ့်နှယ်လဲ၊ စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်နေမှာ မဟုတ်လား"

"ဘာပြောတယ်"

"ဟွန်း ... အဲဒီလို စွာတေးလန်တာလေးကို ကိုယ်က ..."





သူက ညို့ရီရီ မျက်လုံးတွေနှင့် ပိျူ့ကို ခပ်ပြုံးပြုံးစိုက်ကြည့်ပြီး မေးဆတ်ပြတော့ ပိျူ ပိုပြီးအခံရခက်သွားရသည်။

ဘာမဆို သူ့ ပိုင်သည် နိုင်သည်ဆိုသည့် အောင်မြင်ပြုံးတွေကို ပိျူ သိပ်မုန်းသည်။

"ပြန်တော့လို့ ပြောနေတယ်နော်၊ သက်သက်ပြဿနာ မဖြစ်ချင်ရင် ငါ့စကားကို နားထောင်"

"နားမထောင်ဘူး ဆိုရင်ရော"

ခွတ်တခွတ်ဆန်ဆန် ပြောလာသည့် သူ့ကို ပိျူ ဘာစကားမှ ဆက်ပြောချင်စိတ် မရှိတော့။

ညနေမှောင်ရီပျိုးစ ဖြစ်နေတာက တစ်ကြောင်း၊ မီးဖိုထဲ ဝင်လာတဲ့အထိ ရဲတင်းလွန်းတဲ့ သူ့အပြုအမူတွေက နှစ်ယောက်သား ငြင်းခုန်မှုကြားမှာ တစ်စုံတစ်ရာ တွန်းအားမဖြစ်နိုင်ဘူးလို့ ပြောလို့မရ။

ပိျူ ဘာစကားမှ မပြောမိတော့ဘဲ သူ့ကို ခပ်ဆိတ်ဆိတ်ကလေး ငြိမ်ပြီးစိုက်ကြည့်ကာ အိမ်ရှေ့ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့မိတော့သည်။

အဲဒီအချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



သူက အနောက်ကနေ လှစ်ခနဲ ပျို့ အနောက်ကို အပြေးလိုက်လာကာ ပျို့လက်ကလေးကို လှမ်းပြီးဆွဲကိုင်လိုက်ပြန်သဖြင့် ပျို့ မျက်နှာကလေး အိုတိုးအမ်းတိမ်းကြီး ဖြစ်သွားရသည်။

သူဆွဲကိုင်လိုက်သည့် လက်ကလေးကိုလည်း အတင်းပြန်ရုန်းယူလိုက်ပေမဲ့ သူက လွှတ်မပေးခဲ့တာမို့ နှုတ်ခမ်းသားလေးကို တင်းခနဲ ဖိကိုက်ပစ်လိုက်မိသည်။

"ဘာဖြစ်တာလဲ၊ အဲဒါ ဘာပုံစံလဲ"

"နင် ငါ့လက်ကို လွှတ်ပါလား"

"တစ်လလုံးလုံး လွမ်းခဲ့ရတာ၊ အခုမှ ဒီလက်ကလေးကို ကိုင်ပြီး လွမ်းရတာ၊ ကိုယ်ချင်းလည်း စာဦး"

"မစာနိုင်ဘူး"

"ဟာ ... ပြောရဆိုရ လက်ပေါက်ကတ်လိုက်တာ ပျို့ရယ်၊ ဒီမှာ ကိုယ့်မှာတော့ တစ်လလုံးလုံး စင်ကာပူကနေ မင်းကို ကျိတ်လွမ်းနေရတာ၊ သိပ်လွမ်းတာပဲ၊ မင်း မျက်နှာလေးကိုပဲ မြင်ယောင်နေတယ်၊ ကိုယ် မင်းကို မြင်မြင်ချင်း ခင်တွယ်ခဲ့တာပါ၊ ကိုယ့်ကို အညှာလွယ်တဲ့ ကောင်လေး





တစ်ယောက်လို မမြင်ဘဲ မင်းအပေါ်ကို မြင်မြင်ချင်း သံယောဇဉ်ကြီးတဲ့ ကောင်လေးတစ်ယောက်အဖြစ် မင်း နှလုံးသားက လက်ခံနားလည်ပေးစေချင်တယ်ကွာ"

ပျို့ သူ့ကို ဘာစကားမှ ပြန်မပြောမိတော့ဘဲ မျက်လုံးဝိုင်းဝိုင်းကလေးတွေနှင့် မဝံ့မရဲ မော့ကြည့်လိုက်လျှင် ...

သူက မချင့်မရဲ ဖြစ်သွားပုံဖြင့် ပျို့လက်ဖဝါးလေးကို ခပ်တင်းတင်း ဖျစ်ဆုပ်ပြီး လွှတ်ပေးကာ ပျို့နဖူးလေးကို လက်ညှိုးကလေးနှင့် ချစ်စနိုး တောက်ကစားလိုက်ပြန်သည်။

ပြုံးညို့ညို့ နှုတ်ခမ်းကလေးနှင့် ...

သူ ပျို့ကို ရိုတီတိစိုက်ကြည့်ပြီး နဖူးပြင်ကလေးကို တို့ထိကစားလိုက်တာကို ပျို့နှလုံးသားလေးက သာယာကြည်နူးမိသလို ပူနွေးနွေးလေး ရင်ခုန်လာတဲ့ တစ်ခဏအတွင်း ဦးနှောက်က အသိတစ်ခုက ပျို့ မျက်နှာလေးကို တင်းတည်သွားရပါသည်။

သူ ဒီကိုရောက်လာတာ သူ့အိမ်က သိမည်မဟုတ်။

သူတို့အိမ်က ပျို့ဆီကိုတော့ လိုက်လိုက်လျှောလျှော သွားလည်ပါလို့ ခွင့်ပြုမည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပါတော့၊ ဂျန် တို့အိမ်ကိုလာတာ နင့်အိမ်က မသိဘူး မဟုတ်လား၊ တော်ကြာ နင့်အိမ်က သိသွားရင် ပြဿနာ ဖြစ်နေပါဦးမယ်၊ မေမေကလည်း နေနိုင်လိုက်တာ၊ မေမေ လာတော့မှာပါ၊ ပြန်ပါတော့နော် ဂျန်"

"ဒါဆို တို့ကို ခင်တယ်လို့ပြော၊ အန်တီမလာခင် တို့ပြန် မယ် နောက်နေ့မှ အန်တီနဲ့ တွေ့တာပေါ့"

ပျို ...

ဂျန့်ကို ခပ်ရီရီလေး စိုက်ကြည့်ပြီး ခေါင်းငုံ့မျက်နှာ လွှဲလိုက်မိသည်။

သူ့ကို ခင်ပါတယ်လို့ ဝန်မခံမချင်း မိုးချုပ်တဲ့အထိ ဇွဲကောင်းကောင်း ဂျစ်တိုက်စောင့်မယ့် ဂျန့်ကို ပျို စကားနိုင်လု ချင်စိတ်လည်း မရှိတော့။

မှောင်ရီဖျိုးဖျအချိန်မှာ ပျို့ကို စိတ်ဝင်စားနေသည့် ကောင်လေးတစ်ယောက် အိမ်ထဲမှာ ရောက်နေတဲ့အဖြစ်ကို ပျို ကြောက်ရွံ့ရင်ခုန်မိတာကိုတော့ ဝန်ခံချင်ပါသည်။

"ဘယ်လိုလဲ ပျိုရယ်၊ တို့ကို ခင်တယ်ပြောဖို့များ စဉ်းစား နေလိုက်တာ၊ ကိုယ့်ကို စိတ်တိုအောင် သိပ်မလုပ်နဲ့နော်၊ အိမ်မှာ နှစ်ယောက်တည်းဆိုတာ သိထား"





"နင် အကျုပ်မကိုင်နဲ့နော်"

"ဟာ ... ရင်ဖွင့်နေတာ၊ ဘာမှအကျုပ်မကိုင်ဘူး၊ ပြောကွာ မင်းရင်ထဲက အဖြေလွှာ"

သူက ရိတီတီမျက်လုံးတွေဖြင့် မရအရကို တောင်း ဆိုနေခဲ့ပြီမို့ ပျို ရင်ခုန်စွာပင် နှုတ်မိုတ်ပြောချလိုက်ရတော့သည်။

"အင်း ... အင်း ... ခင်တယ်၊ နင့်ကို ငါ မြင်မြင်ချင်း ခင်ပါတယ် ဂျန်ရယ်၊ ကဲ ... နင် ကျေနပ်တော့"

"ဟား ... တကယ်နော် ပျို"

သူက ဖျတ်ခနဲ လက်မကြီးပိတ်ပြီးထောင်ပြီး ပြွတ် ခနဲ ပါးစပ်နဲ့ ငုံ့စုပ်လိုက်သဖြင့် ပျို ကြက်သီးထသွားရပါသည်။

"အိုကေ ... တို့ကျေနပ်သွားပြီ၊ အန်တီ ပြန်မလာမချင်း ကိုယ် ဒီက စောင့်ပေးမယ်"

"ဟင့်အင်း ... မဖြစ်ဘူး ဂျန်၊ နင် ပြန်ပါတော့"

"မပြန်ပါဘူး၊ ဒီကုလားထိုင်ပေါ်ကနေ စောင့်ပေးနေမှာပဲ၊ ဘာဖြစ်တာမှတ်လို့"

"မသင့်တော်ဘူး ဂျန်၊ မေမေ တော်ကြာ ပြန်လာမှာပါ၊ မိုးချုပ်တဲ့အထိတော့ မနေပါဘူး၊ နင်သာ ပြန်တော့"

ပျို စိတ်တိုတိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခပ်ထန်ထန် နှင်ထုတ်လိုက်တော့ သူက အမျက်ချောင်းချောင်း ဒေါပွသွားပုံဖြင့် ထိုင်နေရာမှ ရှူးရှူးဒိုင်းဒိုင်း ထရပ်လိုက်လေသည်။

"ဟား ... နှင် ငါ့ကို မျက်နှာတည် မျက်နှာထားနဲ့ နှင်ထုတ်စရာ မလိုပါဘူး၊ ပြန်မှာပါကွာ၊ ကတ်သတ်ပြီးမနေပါဘူး ...

'ဒီမှာပျို ... ငါ အလကားလူ မဟုတ်ဘူး၊ နားလည်"

ပျို့ကို တစ်ချက် တည်တည်စိုက်ကြည့်ပြီး အိမ်ပေါ်ကနေ ချာခနဲ လှည့်ဆင်းသွားသည့် ဂျန့်နောက်ကျောပြင်လေးကို ငေးကြည့်ရင်း ပျို ရင်ထဲမှာ ဝမ်းနည်းလာသလိုလို ကြေကွဲမိသလိုလိုနှင့် ...

အမျိုးအမည်မရှိ ခံစားလိုက်ရသည်။

ဂျန်ရယ် ... နှင်နဲ့ ငါတို့ရဲ့ ခင်တွယ်မှု သံယောဇဉ်အနောက်မှာ ဘာတွေငြိလာမယ်ဆိုတာ ငါ တင်ကြိုသိနေခဲ့ပြီ။

တကယ်တော့ ...

ဂျန်နှင့် ပျို့ဘဝက ဘယ်လိုမှ မဖြစ်နိုင်ခဲ့တာမို့ ဂျန် စိတ်ကူးယဉ်သလို ပျို လိုက်လျောပေးလို့ မဖြစ်နိုင်ဘူးဆိုတာကို ပျို့ကိုယ်ပျို ဆင်ခြင်သုံးသပ်လိုက်မိပြီဖြစ်သည်။





ပျို့မှာ ဂျန့်ရင်ထဲက နှလုံးသားခံစားချက်ကို သိထားသဖြင့် "ဂျန်ရယ်"လို့ပဲ ရင်ထဲကနေ တိတ်တိတ်ကလေး ညည်းညူလိုက်မိပါတော့သည်။

❣ ❋ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁

"ရှတ် ... ရှတ် ... ပို့ ခဏနေဦး"

ထုံးစံအတိုင်း ...

စက်ဘီးတစ်စီးနှင့် ကျောပိုးအိတ်ကလေးလွယ်ပြီး သူတို့ခြံထိပ်မှ ဖြတ်အနင်း အနောက်က ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ ကြွပ်ကြွပ်အိတ်ကြီးဆွဲပြီး ပို့ဆီအပြေး လျှောက်လာတဲ့ ဂျန့်ကို တွေလိုက်ရသဖြင့် ပို့ အံ့သြသွားသလို မျက်လုံးကလေး တစ်ချက်ဝင့်ကာ သူ့ကိုခပ်တည်တည်လေး လှမ်းကြည့်လိုက်မိသည်။

ဂျန်က လက်တစ်ဖက်မြှောက်ကာ ...





"ခဏနေဦး ပို့"

ဟု ဆိုလာပြန်တော့လည်း စက်ဘီးကို ဆက်ပြီး နင်းသွားလို့မဖြစ်။

ပို့ စက်ဘီးပေါ်က လွှားခနဲ ခုန်ဆင်းလိုက်ပြီး သူ့ကို ခပ်တည်တည် မျက်လုံးတွေနှင့် လှပ်ခနဲ မော့ကြည့်လိုက်သည်။

သူက ပို့နှင့် ပခုံးချင်းယှဉ်လိုက်သည်တွင် ပို့အရပ်ထက် လေးလက်မလောက် မြင့်သွားကာ Heavy ဖြစ်သွားတော့သည်။

သူ့ကို ပို့ ကြွေတာ ဂျီဖြောင့်လွန်းပြီး Heavy အရပ်ကြီးကို ကြိုက်နှစ်သက်လို့ဆိုရင် သူ ထပြီး လက်သီးလက်မောင်းတန်း ဝမ်းသာသွားမည်လား မသိ။

"မျက်စိ ... မျက်စိ"

"ဟင် ... ဘာလဲ"

ပို့က သူ လက်ညှိုးညွှန်လိုက်သည့် မျက်လုံးနေရာလေးကို လက်ကလေးဖြင့် ပွတ်လိုက်တော့ သူက မျက်နှာလေးကို အထက်ပင့်ပြီး အော်ရယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား … အ,အလေး၊ ငါ့ကိုကြည့်နေတာ မျက်စိကျွတ်ထွက်တော့မယ်လို့ ပြောတာကွ"

"ဟင်"

ဖြန်းခနဲ နီတက်သွားသည့် ကိုယ့်မျက်နှာကိုယ် လက်ကလေးဖြင့် ပြန်စမ်းမိရက်သား ဖြစ်သွားရသည်။

"လိပ်ဘိုးဘိုး လုပ်မနေနဲ့၊ ဘာပြောမလို့လဲ"

ပျို့က ရက်လွန်းလို့ နှုတ်ခမ်းကလေး စုထော်ပြီး သူ့ကို မျက်စောင်းရွယ်လိုက်တော့ သူက သဘောကျပြီး ပခုံးလေးကြွတ်ရင်း နှုတ်ခမ်းနှစ်လွှာကို လျှာကလေး သိမ်းလိုက်သည်။

"ပန်းသီးပေးမလို့၊ ဒေါ်ရွှေပျို့ကညာ ကျောင်းမှာ အဆာပြေလေးစားရအောင်၊ ဒါက အန်တီ့အတွက် လက်ဆောင်သွားပေးမလို့၊ ကျောင်းသူမကလည်း ဗီရိယကောင်းလိုက်တာ၊ ကျောင်းမသွားသေးဘူးမှတ်လို့၊ အန်တီနဲ့ပဲ တွေ့တော့မယ်၊ ရော … နင် နှစ်လုံးယူသွား၊ အဆာပြေ စားရတာပေါ့"

"ဟင့်အင်း … မစားပါဘူး၊ ယူလည်း မယူဘူး၊ ငါသွားတော့မယ်"

"ဟ … ဘာကြီးလဲ၊ ပျို့နော် … မင်း ငါ့ကို ခွဲခြား ခွဲခြားမနေနဲ့၊ ယူလိုက် … မယူရင် ငါအဆိုးမဆိုနဲ့"





သူ့ရဲ့မျက်လုံးစိမ်းတွေက …

ပျို့မျက်နှာပေါ် ဝဲခနဲ ကျရောက်လာတာမို့ ပျို့ဘာမှပြန်မပြောသာတော့ဘဲ ခေါင်းကလေးငုံ့ကာ မျက်နှာလေးလွှဲပစ်လိုက်ရသည်။

သူ စိတ်ဆိုးလာလျှင် …

မျက်လုံးတောက်တောက်တွေနှင့် ခပ်တည်တည်စိုက်ကြည့်ခဲ့တာကြီးကို ပျို့ ရင်မဆိုင်ဝံ့အောင် အားငယ်ခဲ့ရပါသည်။

ပိုက်ဆံချမ်းသာတဲ့ သူဌေးသားကလေးပီပီ အဖိုးတန်တဲ့ Burberry ရှပ်အင်္ကျီအဖြူအနက်ကွက်လေးနှင့် စတိုင်ဘောင်းဘီကော်ဖီရောင်ကလေးကို ရှင်းသန့်စွာ ဝတ်ထားကာ ချောမောပြေပြစ်တဲ့ မျက်နှာဝင်းဖန့်ဖန့်လေးက ပျို့နှလုံးသားကို တရိပ်ရိပ်ငြိတွယ်စေခဲ့ရပြီဖြစ်သည်။

သူ့ကို အသိုင်းအဝိုင်းကိုကြောက်ပြီး မေ့ဖျောက်ပစ်ဖို့ နှလုံးသားက ကြိုးစားတိုင်း သူ့ရဲ့ရည်မွန်သားနားတဲ့ မျက်နှာလေးက မျက်ဝန်းထဲကနေ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရခဲ့။

နွေးမြတဲ့ သူ့အပြုံး၊ ဖျတ်လတ်တဲ့ သူ့အကြည့်ရွှန်းရွှန်းတွေက ပျို့ကို ဘယ်အတိုင်းအတာအထိ နှစ်လိုနေတယ်ဆိုတာ ပျို့ ခံစားသိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးခြင်းထဲ ထည့်လိုက်မယ်နော်"

ကြွပ်ကြွပ်အိတ်ထဲက ပန်းသီးနီနီကြီးနှစ်လုံးကို သူက စက်ဘီးခြင်းထဲ ခပ်သွက်သွက် ထည့်လိုက်ပါသည်။

ပျို့မှာသာ သူ့ကို ဘာမှ ဆက်မငြင်းသာတော့ဘဲ ဂျန့်ရဲ့ပြုံးချိုနေတဲ့ မျက်နှာလေးကို ငေးခန စိုက်ကြည့်ပြီး စက်ဘီးပေါ်တက်လိုက်သည်။

"ဒါ ဘာလုပ်နေတာလဲ မောင်လေး"

ပျို့ စက်ဘီးကလေး လိမ့်ရုံရှိသေးသည်။

"ဝေါ"ခနဲ ဆိုင်ကယ်စက်သံညက်ညက်က ပျို့နဲ့ဂျန်တို့နှစ်ယောက်အရှေ့သို့ ရောက်လာပြီး ပျို့ကို အဖက်မတန်သလို နည်းနည်းမှ လှည့်ကြည့်ဖော်မရဘဲ ...

သူ့မောင်ကို လှမ်းမေးလိုက်တဲ့ စကားကြောင့် ဂျန် ပျို့ကို ပန်းသီးပေးတာကို မြင်သွားပြီဆိုတာကို သိလိုက်ရကာ ဂျန်ထည့်ပေးလိုက်သည့် ပန်းသီးနှလုံးကို ပြန်ပေးဖို့ စက်ဘီးလေးကိုအရပ် ...

"ဟာ ... ဘာမှမဟုတ်ဘူး မမကြီး၊ ဒီမှာ သားသူငယ်ချင်းကို သူနဲ့တစ်ဆင့် မှာလိုက်တာ၊ ပျို့ သွားတော့လေ ကျောင်းနောက်ကျတော့မယ်"





ဂျန့်ရဲ့မျက်လုံးထဲမှာ စိုးရိမ်မှုအလုံးတွေ ပြေးဝင်ပြီး ပျို့ကို မျက်လုံးတွေနှင့် တောင်းပန်နေတာကို ပျို့ နားလည်သနားသွားမိကာ နှုတ်ခမ်းသားလေးကို ခပ်နာနာဖိကိုက်ပြီး စက်ဘီးလေးကို ဆက်နင်းထွက်လာခဲ့မိတော့သည်။

"ဂျန့်ကို သနားလို့ ...

ဂျန် ပြေရှင်းလို့မရအောင် ...

ပြဿနာဖြစ်မှာကို မလိုလားလို့ ..."

ပျို့ သူ့မမကြီးရဲ့ အပြုအမူရိုင်းတွေကို ကြိတ်မှိတ်သည်းခံပြီး ဘာစကားမှ မပြောဘဲ စက်ဘီးကို စီးလာခဲ့တာဖြစ်သည်။

ပျို့ကို အဖက်မတန်သလို မျက်နှာပေးနဲ့ သူ့မောင်မျက်နှာကိုပဲကြည့်ပြီး ...

ပျို့ကို အရေးမစိုက်သည့် မိန်းမကိုလည်း ပျို့စကားတစ်ပြီးမပြောချင်။

တုပြီးပြောခဲ့မယ် ဆိုရင်လည်း သူမဆီက ချိုသာတဲ့စကားကို ကြားရမည်မထင်။

ပြဿနာက ဂျန်နဲ့ပျို့တို့ ခင်မင်မှု ၊စခင်မှာပင်တောင်လာခဲ့ပြီမို့ ပျို့ ရင်နာစွာ ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်ကလည်း အစ်မကို ကြောက်သလား မကြောက်သလား ပျို့ကို ပန်းသီးပေးတာတောင် ထုတ်ဖော်မပြောရဲဘဲ သူငယ်ချင်းကို တစ်ဆင့်မှာလိုက်တာလို့ ပြောခဲ့တာ ပျို့ ရင်နာသည်။

အဟင်း … ရယ်ရတယ် ဂျန်ရယ်၊ နှင် သတ္တိမရှိဘဲနဲ့များ ဘာဖြစ်လို့ ခြေလှမ်းစချင်ရတာလဲဟင်။

ငါကလည်း နှင့်ရဲ့ခြေလှမ်းတွေကို …

ဒီနေ့ကစပြီး အပြီးရပ်ပစ်ဖို့ ပိတ်ပစ်ရမှာပဲ။

ငါ နှင်နဲ့ပတ်သက်ပြီး သူစိမ်းတွေရဲ့ဇော်ကားလာမဲ့ စကားတွေကို နားမထောင်နိုင်ဘူး ဂျန်။

ရင်ထဲက စကားတွေကို ကြိတ်မှိတ်မျိုချပြီး စက်ဘီးစီးလာသည့် လမ်းတစ်လျှောက်လုံး မချိသည့်ရင်ဖြင့် မျက်ရည်ကလေးတွေ မျက်ဝန်းအိမ်ထဲမှာ ပြည့်အိုင်နိုတွဲသွားရပြီဖြစ်သည်။

ဂျန်ကတော့ …

ပျို့နှင့် ရင်ဆိုင်ရမည့် အချိန်မှာ ဘယ်လိုဖြေရှင်းချက်တွေ ပေးလာဦးမည်မသိ။

"မောင်လေး"





"ဟင် … ဗျာ"

ပန်းသီးကြွပ်ကြွပ်အိတ်ထုပ်ကြီးကို ကိုင်ပြီး စက်ဘီးစီး လှည့်ထွက်သွားသည့် ခြေရင်းခြံက ကောင်မလေးကို တစ်ဆုံးတစ်စ လိုက်ငေးကြည့်နေတဲ့ မောင်ဖြစ်သူကိုကြည့်ရင်း ရတီထွင့်ခေါင် ဆတ်ဆတ်ခါသွားရလေသည်။

"ကြည့်စမ်း … မလောက်လေး မလောက်စား …

တစ်လုံးဆင့်မိန်းမကိုများ မောင်လေးက ခင်တွယ်နေတာ"

သူမ အသည်းထဲ ရှုးတက်သွားတော့သည်။

မောင်လေးကိုလည်း တစ်ခုခု လုပ်ပစ်ချင်သည်။

"တက်စမ်း ဂျန်"

ရင်ထဲက ဒေါသတွေကို ကြိတ်မှိတ်မျိုချပြီး ဆိုင်ကယ်ဖြင့် ဂျန် အရှေ့မှာ ကာရပ်ပြီး ပြောလိုက်တော့ ဂျန်က ခေါင်ကလေး ဆတ်ခနဲ ခါယမ်းလိုက်လေသည်။

"ဟို … မမကြီး၊ သား သူငယ်ချင်း နေမကောင်းလို့ အဲဒါ သတင်းသွားမေးရင်းနဲ့ ပန်းသီးကလေး ပေးချင်လို့ပါ"

မောင်ဖြစ်သူက အပီအပြင်ကို လိမ်နေခဲ့ပြီမို့ ရတီမှာ သိသိကြီးနှင့် မျိုးသိပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ဒီတစ်ကြိမ်တော့ ရှိပါစေတော့။

ရတီ မျက်လုံးတွေ ခပ်ထန့်ထန့် ဖြစ်သွားပြီးမှ မောင်ဖြစ်သူကို ဘာမှမဖြစ်သလိုကလေး စိုက်ကြည့်ကာ ...

"ဘယ်သူ့နေမကောင်းတာလဲ"

"သားတို့ Class က ကောင်လေးတစ်ယောက်ပါ၊ သူက သား ဒီမြို့ကို ရောက်ရောက်ချင်း အစစအရာရာ ကူညီခဲ့တဲ့ သားခင်ရတဲ့ သူငယ်ချင်းပါ"

"အေး ... ပြီးရော၊ မင်း ဟိုခြေရင်းအိမ်က ကောင်မလေးနဲ့ ရင်းနှီးဖို့တော့ မကြိုးစားနဲ့နော်၊ မမကြီးအကြောင်း သိတယ်မို့လား၊ ပြဿနာမဖြစ်ချင်ရင် မင်း ခြေလှမ်းတွေ ရပ်ပစ်လိုက်တော့"

ဂျန် ခေါင်းငိုက်စိုက်ချ ငြိမ်ကျသွားရပြီဖြစ်သည်။

သူ့အရှေ့ကနေ ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက်သွားတဲ့ မမကြီး နောက်ကျောပြင်ကြီးကို လိုက်ငေးကြည့်ရင်း ဝမ်းနည်းမျက်ရည်ကြည်များ ရစ်သိုင်းသွားရပါပြီ။

သူ့ကြောင့် ပျို ဘယ်လောက်ခံစားလိုက်ရမလဲ။

ရက်လည်း ရက်သွားမှာပဲ။





ပျို့ကို ချစ်ခဲ့မိတဲ့ နှလုံးသားက ပွဲဦးထွက် တာရှုတုန်းမှာပဲ အနာရွတ်ကလေးတွေနှင့် ထိခိုက်ကြေအက်ခဲ့ရပါပြီ။

"ဘာပဲဖြစ်ဖြစ် ...

သူ ပျို့ကိုချစ်သည့် အချစ်တွေက ...

လေမုန်တိုင်းတွေ ဘယ်လောက်ထန့်ထန့် ...

လေထန်တုန်း ခဏပဲ ပြောင်းလဲပြီး ...

အမြဲတည်မြဲနေသည့် မိုးတိမ်ထုကြီးပမာ ..."

ဖြစ်ခဲ့ရပြီမို့ ....

အခက်အခဲ အတားအဆီးတွေ ဘယ်လောက်ရှိရှိ သူကတော့ နောက်ဆုတ်လှည့်ပြေးဖို့ ဘယ်တော့မှ မစဉ်းစားမိ။

ပျို့လက်ကလေးကိုပဲ မိမိရရ နိုင်မြဲစွာ ဆွဲကိုင်ထားနိုင်ဖို့ သူ ကြိုးစားမှာကို ပျိုသိအောင် "နှလုံးသားလှစ်ဟ"ရမည်ဖြစ်သည်။

"ပျိုရယ် ... ငါ မင်းကို အဲဒီလောက်အထိ နက်နက်နဲနဲ ချစ်ခဲ့တာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကလေးပေါ်မှ ပို့ လှားခနဲ ခုန်ဆင်းပြီး အိမ်ပေါ်ကို လှမ်းကြည့်လိုက်သည့်အချိန်မှာတော့ ...

အိမ်ပေါ်မှာ ဂျန် ရောက်နေတာ တွေ့လိုက်ရသဖြင့် ပို့ မျက်နှာကလေး တင်းတည်သွားရပါသည်။

စောစောစီးစီးသူနဲ့ ပတ်သက်ပြီး နာခဲ့ရသည့်ရင်ထဲက ခံစားချက်တွေနှင့် ပို့ နှုတ်ခမ်းကလေးကို ဖိကိုက်ကာ အိမ်ရှေ့ကနေ လှမ်းမဝင်တော့ဘဲ စက်ဘီးကို အိမ်ရှေ့မှာ ဒီအတိုင်း ထောင်ထားလိုက်ပြီး အနောက်ဘက်အပေါက်ကနေ အိမ်ခန်းထဲကို တန်းဝင်သွားလိုက်သည်။





ညဉ့်ခန်းနှင့် အိပ်ခန်းက သိပ်မလှမ်းတာမို့ ပို့ အနောက်ကနေ အိပ်ခန်းထဲ လှည့်ဝင်သွားတာကို သူရော မေမေပါ တွေ့သွားမှာ သေချာသည်။

သူက မေမေနှင့် စကားပြောနေရာမှ ...

စကားဖြတ်ပြီး ငြိမ်ကျသွားရလေပြီ ဖြစ်သလို မေမေကရော စိတ်ထဲကနေ ပို့ကို မကျေမချမ်း ဘာတွေအပြစ်တင်နေမည်မသိ။

ပို့ကတော့ ...

ရင်ထဲက ဒေါသတွေကို ကျောပိုးအိတ်ကလေး ဆောင့်ချပစ်လိုက်ပြီး နှုတ်ခမ်းလေးကို ဖွဖွဖိကိုက်ကာ ...

ညဉ့်ခန်းထဲက ခပ်တိုးတိုး ထွက်လာတဲ့ သူ့အသံကို နားစွင့်လိုက်မိသည်။

"ကျွန်တော် စင်ကာပူက တကူးတက ဝယ်လာရတဲ့ လက်ဆောင်ပါ အန်တီရယ်၊ ကျွန်တော့်စေတနာကိုတော့ အသိအမှတ် ပြုပေးပါနော်"

"သားရယ် ... အန်တီ မင်းစေတနာကို နားလည်ပါတယ် ကွယ်၊ ဒါပေမဲ့ သမီးက ကြိုက်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ မကြိုက်မှန်းသိလို့ ကျွန်တော် သူ့အတွက် လက်ဆောင် မယူခဲ့ပါဘူး အန်တီ"

စားပွဲပေါ်က ကျောပိုးအိတ်ကလေးကို ရှုးခနဲစိုက်ကြည့်ရင်းက ဖျို့ အံကိုဖိကြိတ်ပစ်လိုက်သည်။

လက်ဆောင်ပေးပြီး ဖျို့တို့သားအမိကို သူတို့မိသားစု အစော်ကားခံရမဲ့ဘဝကြီးရောက်အောင် လုပ်နေတဲ့ ဂျန့်အရှေ့ကို အပြေးသွားပြီး ပစ်ပစ်ခါခါ ပြောပစ်ချင်သည့် ရင်ထဲက ဒေါသတွေကို ကျိတ်မျိုချလိုက်သည်။

သို့သော် ရင်ထဲက ဒေါသက ဘယ်လိုမှ မျိုချလို့ မရတော့ဘဲ သူ့ကို အိမ်ကိုနောက်ထပ်မလာဖို့ ပက်ပက်စက်စက် ပြောပြီး လက်ဆောင်ကို ပြန်ယူသွားဖို့ အခန်းအပြင်ဆီ ခြေလှမ်းပြီးမှ ခြေလှမ်းတွေကို ပြန်ရုပ်ယူပစ်လိုက်သည်။

အဲဒီနောက် ...

စားပွဲကလေးအရှေ့မှာ အရုပ်ကြီးပြတ် ထိုင်ချလိုက်ပြီး မျက်နှာကလေးကို လက်ဖဝါးနှင့် ဖိအုပ်ပစ်လိုက်ကာ ပင့်သက်ကြီးကို တစ်ဝကြီး ရှိုက်ရှူပစ်လိုက်တော့သည်။





"မှာလိုက်သည့်ဘဝ ...

ဒီဘဝမျိုး နောင်ဘဝအဆက်ဆက် မဖြစ်ပါစေနဲ့ ...

နောင်ဘဝဆက်တိုင်း ဆက်တိုင်း အများတကာအားကျရတဲ့ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်မိန်းမ ဖြစ်စမ်းပါစေ"

အခုတော့ ဖျို့မှာ ဆင်းရဲနွမ်းပါးလွန်းသည့် မိန်းကလေး ဖြစ်ခဲ့တာမို့ မနက်က သူ့အစ်မရဲ့မျက်နှာပေးနဲ့ သူ့ရဲ့အပြောစကားက ဖျို့နှလုံးသားလေးကို တုံ့ခနဲ ရပ်တန့်သေဆုံးသွားသလို ခံစားလိုက်ရပါသည်။

ဟား ... ဂျန်ရယ်။

ငါတော့ ရှုံးတော့မှာပဲ။

မတူညီတဲ့ ဘဝနှစ်ခုကို ဂျန် ဘာဖြစ်လို့များ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ရတာလဲ။

ဖျို့ကတော့ ဂျန်နဲ့ ကောင်းကောင်းရင်ဆိုင်နိုင်မဲ့ အချိန်မှာ သူ့ကို နောက်ထပ် မပတ်သက်ဖို့ ပြတ်ပြတ်သားသား ပြောပစ်ဖို့ ဆုံးဖြတ်ထားခဲ့ပါသည်။

"ကျွိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပျို့ တိတ်ဆိတ်ငြိမ်သက်စွာ သူတို့စကား သံကို နားစွင့်နေစဉ် တံခါးဖွင့်သံကြောင့် ဆတ်ခနဲ အနောက်ကို လှည့်ကြည့်လိုက်မိတော့ မကြည်မသာ မျက်နှာထားနှင့် မေမေ့ကို တွေ့လိုက်ရသည်။

"ပျို့ ... ညည်းက အိမ်ရှေ့ကတောင် မတက်ဘဲ ဘာလို့ အနောက်ကနေ ဝင်ရတာလဲ၊ ကောင်လေးကို အားနာစရာ"

"အားနာတယ်၊ ဟုတ်လား မေမေ"

ပျို့က အခံရခက်စွာဖြင့် မေမေ့ကို ခပ်မာမာလေး ပြန်မေးလိုက်မိသည်။

"အေးလေ ... ညည်း ဘယ်နှခါရှိပြီလဲ၊ ကောင်လေးကို မချေမငံ ဆက်ဆံနေတာ"

"ဘာလဲ ... မေမေကပါ စင်ကာပူလက်ဆောင် မျက်နှာနဲ့ သူ့ဘက်က ရှေ့နေလိုက်နေတာလား"

"ဘယ်လိုပြောလိုက်တာလဲ ပျို့ကညာ၊ ညည်း ငါ့စေတနာ ငါ့မေတ္တာတွေကို စော်ကားနေတာလား"

မေမေက ပျို့အရှေ့သို့ ဝုန်းခနဲ ရောက်လာပြီး ပျို့ ပခုံးနှစ်ဖက်ကို တအားဆုပ်ဖျစ်လိုက်သည်။





"အဟင်း ... ညည်းက ဘာလဲ၊ မာန်တက်တာပေါ့၊ ငါ့ ရုပ်ကလေး ချောတယ်၊ ပညာလေး တတ်တယ်ဆိုပြီး သိပ်မာနမထောင်လွှားချင်စမ်းနဲ့ ပျို့၊ ငါက ငါ့သမီးလေး ကို ငါ့လို ဆင်းတောင်ဆင်းရဲ ဘဝမျိုးကို မဖြစ်စေချင်လို့ ငါကိုယ်တိုင်က ညည်းလိုပဲ ငယ်ငယ်တုန်းက မာန်လေးနဲ့ သူဌေးသားမိသားစုကို အောက်ကျို့မပေးခဲ့လို့ အခု ငါ့သမီး ဆင်းရဲခဲ့တာ ...

"မေမေသာလေ ရင်ထဲက မာနတွေကို ခေါင်းငုံ့ သည်းခံပြီး အလိမ္မာနဲ့ သူဌေးသားကို ရအောင်ယူခဲ့ရင် ညည်း ဒီလိုဘဝမျိုးကို ဘယ်ရမလဲ၊ သူဌေးသမီးဘဝကို ရနေပြီပေါ့"

"အို ... စိတ်ကူးမယဉ်စမ်းပါနဲ့ မေမေ၊ သူ့ရဲ့ခင်မင်မှုက ပျို့နဲ့ မေမေကို အစော်ကားခံရဖို့ အနီးဆုံးပစ်မှတ်ကို ရောက်နေပြီ၊ မနက်က ပျို့ကို သူ ပန်းသီးနှစ်လုံးပေးနေ တုန်း သူ့အစ်မ တွေ့သွားပြီး မေးတော့ သူ့သူငယ်ချင်းကို တစ်ဆင့်မှာတာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ ပို့ကို ပန်းသီးပေးတာပါလို့ ပြောင်မပြောခဲ့ဘူး၊ သူ့အစ်မကလည်း ပို့ကို အရေးစိုက်ပြီး နည်းနည်းလေးတောင် လှည့်မကြည့်ခဲ့ဘူး မေမေ၊ ကဲ ... ဘယ်လောက် အခံရခက်သလဲ၊ ပို့ သူနဲ့မပတ်သက်ချင်ဘူး မေမေ"

ပို့ ပြောရင်းနှင့် အသံလေးတိမ်ဝင်သွားပြီး ဝမ်းနည်းမျက်ရည်များ ပေါက်ခနဲ စီးကျလာခဲ့ရလေသည်။

မေမေကတော့ ...

ပို့ရင်ထဲမှာ ဘယ်လောက်ကြေကွဲ နာကျင်ခဲ့ရတယ်ဆိုတာ မ ိ။

ဂျန့်လို သူဌေးသား ရုပ်ချော ဥစ္စာပေါကလေးကို ဘယ်လိုမိန်းကလေးမျိုးက မချစ်ချင်ပါဘူးလို့ ငြင်းမှာလဲ။

ပညာ၊ ပစ္စည်းဥစ္စာ၊ ရုပ်ရည်ကအစ ချောပြီး (မော့ကြည့်မယ်ဆိုရင် လည်ပင်းတောင် ကျိုးမတတ်)မြင့်မားတဲ့ ဂျန်ကို ပို့နှလုံးသားထဲမှာ မငြိတွယ်ပါဘူးလို့ ပါးစပ်က ဝန်ခံခဲ့မယ်ဆိုရင်တောင် ပို့ ဟန်လုပ်ပြီး လိမ်ညာခဲ့တာ ဖြစ်ပါလိမ့်မည်။

ပို့ ဂျန့်ကို ရင်ထဲမှာ မငြိတွယ်အောင် ကြိုးစားပါ့မယ်။





ဒါပေမဲ့ ...

ဂျန့်ကို ပို့ မေ့လို့မရတော့အောင်ကို နှလုံးသားထဲမှာ မြှုပ်နှံထားခဲ့ပြီးပါပြီ။

"သိပ်ပြီး ဝမ်းနည်းခံစား မနေစမ်းပါနဲ့ သမီးရယ်၊ ဒါ လောကအသွေ့အကြုံတွေပဲ၊ တစ်ချိန်ချိန်မှာ သမီးနားလည်သွားမှာပါ၊ မေမေကတော့ ဂျန်လေး သမီးကို တကယ် မြတ်မြတ်နိုးနိုးချစ်ပြီး လက်ထပ်မယ်ဆိုရင် သဘောတူတယ်၊ ဘဝဆိုတာ ရဲရဲရင်ဆိုင်ရမှ သမီး"

မေမေက ပို့ခေါင်းကလေးကို နှစ်သိမ့်သလိုကလေး ပွတ်သပ်ပေးရင်း သွန်သင်လာလျှင် ပို့ လက်မခံချင့်လောက်အောင်ကိုပင် ရင်ထဲမှာ တုးခါးသွားရသည်။

မေမေ့ကိုလည်း ခပ်တင်းတင်း ပြန်ကြည့်မိကာ ...

"ဒီလိုမျိုး ဘဝမျိုးနဲ့လည်း ပို့ ရင်မဆိုင်ချင်ဘူး၊ ပို့နှလုံးသားက နုနုလေး (အသစ်စက်စက်)ပါ မေမေ၊ တကယ်လို့များ ပို့ သူ့ကို စိတ်တွေတိမ်းညွတ်သွားခဲ့ရင် ပို့ပဲ တစ်ဘဝလုံး ခါးစည်းခံရမှာ၊ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ မေမေရယ်၊ ပို့ အေးအေးဆေးဆေး နေပါရစေ၊ သူပေးထားတဲ့ လက်ဆောင်တွေကိုလည်း မေမေ သူ့ကို ပြန်ပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လိုတော့ ပို့ ...

သူဌေးသားကလေးဆိုပြီး အပိုင်သေချာပြီလို့ တွက်ကာ မျှော်လင့်ချက်နဲ့ စိတ်ကူးမယဉ်ချင်ပါ။

မေမေကတော့ ဘဝရဲ့ဒဏ်တွေကို ခံရဖန်များလာတော့ လူတွေရဲ့ပါးစပ်ကလေးနဲ့ ဇော်ကားရိုက်ခတ်တဲ့ စကားသံတွေကို နားယဉ်သွားခဲ့ပြီထင်သည်။

ပို့ကတော့ ...

ဘဝမှာ ဘယ်လိုလူမျိုးတွေနဲ့ ပတ်သက် ပတ်သက် ဘယ်တော့မှ အောက်ကျို့ အရှုံးမပေးဘဲ မာန်မာနကလေးနှင့် တင်းခံထားမည်ဖြစ်သည်။





## ၇

ဂျန် တစ်ယောက်တည်း အိပ်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စိတ်ဂနာမငြိမ်ဖြစ်ကာ ပို့လုပ်ရပ်တွေကို မကျေမချမ်းဖြစ်ပြီး လက်သီးတပြင်ပြင်ဖြင့် တကြိမ်းကြိမ်း ဖြစ်နေရသည်။

"တွေ့ရသေးတာပေါ့ ပို့ရယ်၊ မင်း ငါ့ကို ဘယ်အထိရှောင်နိုင်မလဲဆိုတာ စောင့်ကြည့်ရတာပေါ့"

ပို့ သူ့ကို ဒီလိုမျိုး လာချိုးတာကို သူ လုံးဝလက်မခံနိုင်။

နှစ်လလုံးလုံးကြီး သူ့ကို လုံးအတွေ့မခံဘဲ သိသိသာသာကြီး ကွင်းရှောင်နေတဲ့ ပို့ကို ဒီနေ့တော့ ရတဲ့နည်းနဲ့တွေ့ သူ ကြိုးစားရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေကလည်း ပိတ်ထားခဲ့ပြီမို့ ပျို့ကိုတွေ့ဖို့ သူ ဘယ်လိုကြိုးစားရမှန်းမသိအောင် အခက်တွေ့နေရလေသည်။

တွေ့ကြသေးတာပေါ့ ပျို့ရယ် ...

စိတ်ထဲမှာ မကျေနပ်တိုင်း သူ့ကို တမင်ကွေ့ရှောင်နေသည့် ပျို့ကိုပဲ ဖိမည်းချင်သည်။

ပျို့မေမေကလည်း သူ့ကို အရင်လို ဖော်ဖော်ရွေရွေ ဆက်ဆံခြင်း မရှိတော့။

ဒါ သူ့သမီး ပြောထားလို့ သူ့ကို ခပ်တည်တည် ဆက်ဆံခဲ့တာ ဆိုတာလည်း သူသိသည်။

အဲဒါတွေကိုသိလေ သူ ပိုပြီးအခံရခက်လေဖြစ်သည်။

"အင်း ... ဒီနေ့တော့ မင်းနဲ့ငါ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ပြီပေါ့ကွာ"

ချက်ချင်းလက်ငင်းကြီးပင် ဂျန် အခန်းထဲက လှည့်ထွက်လာခဲ့သည်။

မနက်တိုင်း ပျို့မေမေ ဈေးဝယ်ထွက်တဲ့ အချိန်တစ်ခုကို သိထားသည့် သူ့အဖို့ ပျို့ကို ဒီတစ်နည်းပဲ တွေ့ခွင့်ရဖို့ရှိတော့တာမို့ ဒီအခွင့်အရေးကိုရအောင် သူ အသုံးချလိုက်တာ ဖြစ်သည်။





အိမ်မှာ ဒက်ဒီနဲ့မာမီ မရှိသလို မမကြီးကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာမို့ သူ အပေါ်ထပ် လှေကားကြီးကနေ ခြေသံလုံလုံကလေး နင်းလျှောက်ပြီး တစ်ဘက်ခြံကို ကုပ်ကုပ်ချောင်းချောင်းလေး ကူးလာခဲ့တော့သည်။

ဒီအချိန်မှာ အိမ်ကသိသွားရင်ဆိုတဲ့ ကြောက်လန့်တွေဝေမှုတွေလည်း မရှိတော့။

ဒက်ဒီ မာမီနဲ့ မမကြီးတို့ သဘောမတူနိုင်မှန်း သိသိကြီးနဲ့ သူ ပျို့ကို စွဲလမ်းခဲ့မိတာ သူ့နှလုံးသားက ခံစားချက်ကို သူ အသိဆုံး။

ပျို့ကို သူ ဘယ်လောက်အထိ ချစ်ခဲ့တယ်ဆိုတာကို ပျို့သိအောင် သူ ဝန်ခံမှ ဖြစ်တော့မည်။

ပြီးတော့ ပျို့ကို အမြန်ဆုံး လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်ပါသည်။

အသက်ဆယ့်ရှစ်နှစ်ကျော်ပြီဖြစ်တဲ့ လူငယ်တစ်ယောက်အဖို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ရှိပြီဆိုတာ သူ ရဲရဲဝံ့ဝံ့ ခံစားနားလည်လိုက်ပါသည်။

စိတ်ရဲ့ဆုံးဖြတ်ချက်က လျင်မြန်စွာဖြင့် ရောက်ခဲ့ပြီမို့ ခြေလှမ်းကျဲတွေနှင့် သူတို့ခြံအဝမှအထွက် မထင်မှတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပျို့ကို သူတို့ခြံထိပ်မှာပင် စက်ဘီးနှင့် တွေ့လိုက်ရသဖြင့် သူ လှပ်ခနဲ ဝမ်းသာသွားကာ ...

ပျို့အနောက်ကို တဖုတ်ဖုတ် ပြေးလိုက်လိုက်ပြီး ပျို့စက်ဘီးအရှေ့ကနေ ပိတ်ကာရပ်ပစ်လိုက်တော့သည်။

"ပျို့"

နှစ်လနီးပါး အနီးကပ် မမြင်မတွေ့ရလို့ ရင်ထဲမှာ ကျိတ်လွမ်းနေရသည့် ပျို့မျက်နှာလှလှလေးကို စက္ကန့်မလပ် မျက်တောင်မခတ်စတမ်း စိုက်ကြည့်ပြီး ရင်ထဲက ခံစားချက်တွေကို ဒီနေရာမှာပဲ ဘွင်းခနဲ ဖွင့်ဟထုတ်ပစ်လိုက်ချင်သည်။

ပျို့က သူ့မအရှေ့မှာ ကာဆီးရပ်လိုက်တာကို မကျေနပ်သည့် မျက်လုံးတွေနှင့် သူ့ကို ခပ်တင်းတင်း စိုက်ကြည့်လာလျှင် ...

သူက ပိုပြီးအခံရခက်သွားကာ ပျို့စက်ဘီးလက်တန်းလေးကို တအားဆုပ်ကိုင်လိုက်ပြီး မခံချင်စိတ်ဖြင့် ကျွတ်တစ်ချက်စုတ်၊ ခေါင်းတစ်ချက် မော့ခါပစ်လိုက်လေသည်။

"ကျွတ် ... ဟား"

"ဖယ်ပေးလေ၊ ငါသွားမဲ့လမ်းကို ဘာလို့ ပိတ်ထားရတာလဲ"





"သွားခွင့်မရအောင် ပိတ်ထားတာပေါ့"

ဂျစ်တိုက်နေပြီဖြစ်တဲ့ သူ့ကို ပျို့ ဘာစကားမှမပြောတော့ဘဲ စက်ဘီးလေးကိုသာ သူနဲ့လွတ်အောင် ကွေ့ရှောင်နင်းပစ်လိုက်သည်။

အဲဒီလို ကွေ့ရှောင်နင်းလိုက်တဲ့ အရှေ့ကနေ သူက ကာဆီးရပ်လိုက်ပြန်ပြီမို့ ပျို့ ဘယ်လိုမှ ရှေ့ဆက်လို့ မရတော့ဘဲ စက်ဘီးပေါ်မှ ဆင်းလိုက်ရပါသည်။

"နင် ... နင် ... သိပ်တရားလွန်နေပြီနော်"

"ပျို့ ... မင်း တယ်ပြီး နေနိုင်လွန်းတယ်နော် ဟုတ်လား၊ မင်းဘာသဘောနဲ့ ငါ့ကို ကွင်းရှောင်နေရတာလဲ၊ မင်း ငါ့ကို ရှောင်နေတာ နှစ်လရှိပြီ၊ ဒါ ဘာသဘောလဲကွ"

ဒေါသကြောင့် ဂျန့်အသံက အနည်းငယ် ကျယ်လောင်သွားလေသည်။

ပျို့က ဂျန့်ကို ဘာမှဂရုမစိုက်သည့် မျက်နှာထားနှင့် ခပ်တည်တည်လေး စိုက်ကြည့်ပစ်လိုက်သည်။

သူနှင့်ပတ်သက်ပြီး သူ့မိသားစုက စော်ကားမဲ့စကားတွေ၊ ထိုးနှက်တိုက်ခိုက်လာမှာတွေကို ပျို့ကမလိုလားချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝနဲ့ ပို့ဘဝက ...

မိုးနဲ့ချောက်ကမ်းပါးအောက်က မြေကြီးလောက်ကို ကွာခြားနေခဲ့တာမို့ ပို့ စိတ်ကူးယဉ်ဖို့ သက်သက်တောင် စိတ်မကူးမိ။

ဂျန်ရယ် ... ငါ့နှလုံးသားမှာ နင့်ကို လုံးဝနေရာပေးခွင့်မရအောင် ငါ့ကို ဒဏ်ရာတွေ ကျန်ခဲ့အောင် နင် မနှိပ်စက်လိုက်ပါနဲ့နော်။

ရင်ထဲက စကားတွေကို ...

ဂျန် နားလည်အောင် ပို့ ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်ဘူးဆိုတာကိုတော့ ဂျန် နားလည်မည် မထင်ချေ။

"ပို့ ... ငါ မင်းနဲ့စကားပြောချင်တယ်၊ မင်း စက်ဘီးကို ငါ နင်းမယ်၊ မင်း ငါ့နောက်ကထိုင်ပြီး လိုက်ခဲ့"

အမိန့်သံနဲ့ အမိန့်ပေးလာသည့် ဂျန့်ကို ပို့ ခပ်ထန်ထန် စိုက်ကြည့်ပြီး မထိတထိကလေး နှုတ်ခမ်းလေး လှုပ်ရုံမျှပြုံးလိုက်မိသည်။

"ဘာဆိုင်လို့ ငါက နင့်နောက်က လိုက်ရမှာလဲ၊ အမိပွာယ်မရှိလိုက်တာ၊ ဖယ် ... နင် ငါ့ရှေ့ကဖယ်ပေး၊ နင့်အိမ်က





လူတွေ မြင်သွားရင် သက်သက် ငါ့ကို လာထိနေဦးမယ်နော်၊ ငါက ဘယ်တော့မှ အထိခံတဲ့လူ မဟုတ်ဘူးနော်"

"သိပါတယ်၊ မင်း သိပ်မာနကြီးတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ အခုလောလောဆယ်တော့ ငါ့နောက်ကိုလိုက်ခဲ့၊ ငါ မင်းနဲ့လွတ်လွတ်လပ်လပ် စကားပြောချင်တယ်၊ ရင်ထဲမှာ နှစ်လလုံးလုံး မျိုသိပ်ထားတဲ့ ခံစားချက်တွေကို ငါ မင်းကို ရင်ဖွင့်ချင်တယ်၊ မင်းကို ငါ မြတ်နိုးမှန်းသိလို့ ဂျစ်မတိုက်စမ်းနဲ့ ပို့ရယ်၊ ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး၊ အသည်းနှလုံးတွေ ကျစ်ကျုံ့နေရုံပြီကွ"

ဂျန့်ရင်ထဲက ခံစားရသမျှတွေကို လွှတ်ပေးလိုက်မိတော့သည်။

ပို့လက်ကလေးကို ဆွဲကိုင်ပြီး ရင်ခွင်ထဲ မြတ်မြတ်နိုးနိုး ထွေးအပ်ပြီးမှ နှုတ်ခမ်းကလေးဖြင့် ထိကပ်နမ်းလိုက်ကာ ပို့မျက်လုံးတွေကို ရင်ခုန်မက်မောစွာ စိုက်ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ ...

ပို့က သူ့အကြည့်တွေကို မခံစားနိုင်တော့သလို ခေါင်းကလေးငုံ့ ကြေကွဲသွားကာ မျက်နှာကလေး တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးရောင်ပြေးလျက် နှုတ်ခမ်းလေးတွေတောင် တဆတ်ဆတ် တုန်ယင်သွားလေသည်။

ငိုချင်စိတ်တွေကို ထိန်းထားပြီး မျက်ရည်လေးတွေ စို့တက်လာတာကို နှုတ်ခမ်းတင်းပြီး မျက်နှာပင့်မော့ထားတဲ့ ပျို့ ကို ပိုပြီးမြတ်နိုးသွားရသည်။

သူ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ပျို့မျက်နှာ နုနုလေးကို လက်ဖဝါးဖြင့် ကြင်နာစွာ ဖွဖွကလေး ဖိသပ်ပွတ် ပေးရင်းက ...

သူလည်းပဲ ရင်ထဲက ခံစားရသမျှတွေကို လွှတ်ချ ပေးလိုက်မိပါတော့သည်။

"ပျို့ရယ် ... ဘာလို့ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်နေရတာ လဲဟင်၊ ပျို့ခံစားချက်ကို ကိုယ်သိသလို၊ ကိုယ့်စိတ်ခံစား ချက်ကိုလည်း ပျို့ သိပါတယ်၊ ကိုယ်တို့ ... ကိုယ်တို့ စွန့် စားကြရအောင်နော်၊ ပျို့ကို ကိုယ်ချစ်တယ်၊ အရမ်းမြတ်နိုး တယ်၊ ပျို့ကိုလက်ထပ်မယ်၊ ပျို့ ဘာမှစဉ်းစားမနေနဲ့၊ ကိုယ်နဲ့သာ ..."

"ဟင့်အင်း ... ဂျန် ... နင် ငါ့လက်ကိုလွှတ်နော်"





"မလွှတ်ဘူးကွာ၊ မင်းကို ငါ သိပ်ချစ်တယ်၊ မင်းကို ငါ ဘယ်လို အခက်အခဲ အတားအဆီးတွေရှိရှိ ငါ ရအောင် လက်ထပ်ယူမှာပဲ ပျို့၊ မင်း ..."

ညှို့ငင်အားကောင်းလွန်းတဲ့ ...

ဂျန့် မျက်ဝန်းညိုညိုတွေကို ပျို့ ကြာကြာရင်ဆိုင် နိုင်သည့်အင်အား မရှိတော့။

ရင်ထဲမှာ တဒိန်းဒိန်း ခုန်မြည်နေတဲ့ ရင်ခုန်သံတွေ က ပျို့နှလုံးသားလေးကို ပြုတ်ထွက်သွားတော့မလို ပျို့သည် သူ့ အရှေ့မှာရပ်နေရင်းက အသားတွေ တဆတ်ဆတ်တုန်ကာ ဒူးတွေ ညွတ်ကျသွားမလို ဖြစ်သွားသည့် ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက် ရတော့သည်။

တဒင်္ဂအတွင်း ခံစားလိုက်ရသည့် ခံစားမှုမောတွေ ကို နှုတ်ခမ်းလေး တင်းခန်နေပြီး အနောက်ဘက်ကို ဆတ်ခနဲ လှည့်လိုက်ရင်း အကြိတ်စခု ရသွားကာ ...

"ငါ့လက်ကို လွှတ်နော် ဂျန်၊ ဟိုမှာ နင့် အစ်မ လာနေ ပြီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဖြစ်သွားပြီး မျက်စိမျက်နှာ ပျက်သွားကာ အနောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဂျန်နဲ့ကို ပျိုက ရင်နာစွာ ခပ်မဲ့မဲ့လေး စိုက်ကြည့်လိုက်မိသည်။

"အဟင်း ... သိပ်ကြောက်သွားသလား ဂျန်၊ နင့်အစ်မ ငါတို့ကို မမြင်လောက်ပါဘူး၊ ဆန့်ကျင်ဘက်ကြီးဆိုတော့"

ပျို မထိတထိ ထေ့လိုက်တော့မှ ဂျန်က မခံချင်သည့် မျက်လုံးတောက်တောက်တွေနှင့် ပျို့ကို စိုက်ကြည့်လာသည်။

"ငါ ကြောက်သွားတာ၊ ငါတို့ စီမံကိန်း ပျက်သွားမှာစိုးလို့ပါ ပျို၊ မင်း သိပ်ပြီး မာယာတွေ ကြွယ်ဝမနေစမ်းပါနဲ့"

အခုမှ ဂျန့်ရင်ထဲက စိုးရိမ်မှု အလုံးကြီး ပြုတ်ကျသွားရကာ သူတို့နှင့် ဆန့်ကျင်ဘက် လမ်းမဆီသို့ ဆိုင်ကယ် ခပ်ဖြည်းဖြည်း မောင်းထွက်သွားသည့် မမကြီးကို လိုက်ငေးကြည့်လိုက်မိသည်။

မမကြီးများ သူနဲ့ပျို့ကို တွေ့သွားပြီလားဆိုတဲ့ အတွေးတစ်ချက်ကလည်း ရင်ပူသွားရသည်။

သူ့အတွေးတွေက ပျို့ကိုများ စော်ကားသလို ဖြစ်သွားပြီလား။





မလုံမလဲ စိတ်ကလေးနှင့် ပျို့ကို ငေးကြည့်လိုက်မိတော့ ပျိုက နှုတ်ခမ်းကလေး လှုပ်ရုံမျှ ပြုံးလိုက်ပြီး စက်ဘီးပေါ်တက်ကာ စီးထွက်သွားပါတော့သည်။

သူ့မှာသာ ပျို့အနောက်ကိုလိုက်ဖို့ အင်အားကုန်ခန်းသွားရကာ ခေါင်းကြီးကို ငိုက်စိုက်ချပြီး နောက်လှည့်ပြန်ခဲ့ရလေတော့သည်။

ဘာပဲဖြစ်ဖြစ် ...

ပျို့နဲ့ပတ်သက်ရင် သူ အရာရာကို ရင်ဆိုင်ရဲခဲ့ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



“သားငယ် … မင်း အခုတလော ဘာတွေအလုပ်ရှုပ်နေသလဲ၊ ကြည့်ရတာ ထောင့်မကျိုးဘူး”

အင်း …

ဓာတ်လမ်းကတော့ စလာပါပြီ။

မျက်နှာမှ မျက်နှာမောင်းကြီးဖြင့် ပြောလာသည့် မာမီကို သူက ပါးပါးလေးပုံစံ လုပ်ပြလိုက်သည်။

ပခုံးနှစ်ဖက်ကိုတွန့် မျက်ခုံးနှစ်ဖက်ကိုတွန့်ပြီး …

“မာမီကလည်း သားကို ဘာအပြစ်ဖို့ဦးမလို့လဲ”

“အေး … မင်းကိုယ်မင်း မလုံစရာရှိနေပြီဆိုတော့ ငါပြောမဲ့စကားကို ကြိုသိနေပြီပေါ့ ဟုတ်လား”





“ဟာ … မာမီကလည်းဗျာ”

“ဟော့ … မာမီကလည်းဗျာ၊ မမကြီးကလည်းဗျာနဲ့ ဆင်ခြေဆင်လက် ပြောတာတွေကို မမကြီး မကြားချင်ဘူး မောင်လေး၊ မင်း အခုတလော ဘာတွေဆက်လုပ်နေတာလဲ ကိုယ့်လုပ်ရပ်ကိုယ် ပြန်ဆန်းစစ်”

တကယ် အာကြမ်းလျှာကြမ်းကြီး၊ လာပါပြီ။

မာမီ့ထက်သောင်းကျန်းသည့် မမကြီးကို သူ တကယ်လန့်ပါသည်။

ဒီအိမ်မှာ သူက Main ။

သူ့ကိုပဲ မာမီတို့က ဆရာတင်ထားတာဖြစ်သည်။

စီးပွားရေးကိုလည်း ယောက်ျားတွေနဲ့အပြိုင် လုပ်ဆောင်နိုင်ခဲ့တာမို့ မမကြီးက အိမ်မှာ ဘုရင်မပဲ ဖြစ်ခဲ့သည်။

မမကြီးက ယိုင်ဆိုရင်ယိုင်၊ ထဆိုထ နေလာခဲ့ရသူကတော့ မမကြီးနဲ့ ဆယ့်ငါးနှစ်တိတိ ငယ်သည့်သူပင် ဖြစ်သည်။

အခုလည်း …

သူ့ကို ကျောင်းဆရာမတစ်ယောက်လို …

စာစစ်နေတာမို့ သူက မလုံတိုတို ဖြစ်ချင်သည့် မျက်နှာကို မျက်နှာကြောခွာပြီး ခပ်ရဲရဲ ရဲဆေးတင်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဘာပြောလာဦးမလဲ။

သူကလည်း အခုတလော ပို့ကို မျက်စိအောက်က အပျက်မခံဘဲ အသေအလဲ ဖြစ်ခဲ့တာ၊ ပြဿနာဖြစ်မို့ တာစူလိုက်သလိုများ ဖြစ်ခဲ့ရပြီလား။

ဟား ... သေချင်ပါတယ်ကွာ။

လောကကြီးမှာ မညီမျှတဲ့ ဘဝသမားကောင်းမလေးကို ချစ်ခဲ့မိတာ သူ ကံဆိုးတာပဲ။

"ဟဲ့ ... ဘာတွေ လိမ်ဖို့ ညာဖို့ အကြံထုတ်ပြီး ငြိမ်နေရတာ လဲ"

"ဟာ ... မမကြီးကလည်းဗျာ၊ အပျိုကြီးရယ်လို့ မပြောရဘူး၊ တပိပိနဲ့ နားကိုငြီးတယ်"

"အောင်မယ် ... မင်းက ... မင်းက ငါ့ကိုများ ဘာအပျိုကြီးလဲ"

"ဟင် ... မဟုတ်လို့လား၊ အသက်သုံးဆယ့်သုံးကျော်ရင် အပျိုကြီးပဲ"

"အေး ... အပျိုကြီးပဲ၊ ငါက ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင် အပျိုကြီးပဲ"





"အသည်းနှလုံးက စကားမပြောတော့ဘူးလား မမကြီးရယ်"

"ဘာလဲ၊ မင်းက ငါ့ကို ယောကျ်ားယူစေချင်ပြီလား"

"ဟုတ်ကဲ့"

သူက မမကြီး မေးတာကို အတည်ပင် ပြောပစ်လိုက်သည်။

ဒါကို မမကြီးက ဘာ့ကို အထာကောက်သွားပြန်ပြီလဲ မသိ။

"အေးပေါ့၊ မင်းက ငါ့ကို ယောကျ်ားယူစေချင်မှာပေါ့၊ ဒါမှ မင်းကလွတ်မှာ၊ အိမ်မှာ ငါသာမရှိရင် မင်းဟာလေ ခြောင်းထဲကလွတ်တဲ့မြင်းလို ဖြစ်မှာ"

"ဟာ ... မမကြီးကလည်း မဆီမဆိုင်"

သူက မမကြီးကိုကြည့်ပြီး စိတ်ညစ်လှပြီမို့ ဆံပင်ခပ်ထောင်ထောင်လေးကို ကုတ်ဖွပစ်လိုက်သည်။

မာမီကလည်း ဘာမှဝင်မပြောဘဲ သူ့ကို ခပ်တည်တည် မျက်နှာထားကြီးဖြင့် စိုက်ကြည့်နေတာမို့ သူ စိတ်ကျဉ်းကျပ်သွားရသည်။

ဟား ... မမကြီးကိုများ သူတို့ရဲ့ကြီးတော်ကြီးများ ထင်မှတ်နေသည်လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ဘက်ခြံက ဆတ်စလူးမလေး နာမည်ကလည်း ပျိုကညာတဲ့ မာမီရယ်၊ နာမည်ကြားရတာနဲ့တင် ယောကျ်ားတွေ ရင်ခုန်စရာ နာမည်ကိုက ကယုကယင် နိုင်လိုက်တာ၊ ဘယ်လိုမိဘစားကများ ဒီလိုနာမည်မျိုးကို မှည့်ရတယ် မသိဘူး"

မမကြီး ပြောချင်တာ သူနှင့် ပျို့အကြောင်းကိုပင်။

အခုတော့ စကားစပေါ်ပြီး ဖိုပြီးမည်းပြီဖြစ်သည်။

သူ့မှာတော့ နားရွက်တောင် လေတိုးမခံရဲအောင် မမကြီး ပြောလာမှာကို နားရွက်ကားလျက် ရင်တထိတ်ထိတ် နားထောင်နေမိသည်။

"သားငယ်"

"ဟင် ... ဗျာ"

အတွေးတွေနှင့် တစ်ယောက်တည်း ကြဲရာမရ ငြိမ်ကုပ်သွားချိန်မှာ မာမီက မာထန်ထန်ကြီး ခေါ်လိုက်ပြန်ပြီမို့ သူ့ကိုယ်လုံးကလေး ဆတ်ခနဲ တုန်ယင်သွားလေသည်။

"မမကြီး ပြောတာတွေကို မင်း နားထောင်ရမယ်နော်၊ အေး ... မင်း မမကြီးကို အာခံမယ်လို့တော့ မပြင်နဲ့"





"ဟင် ... ဘာတွေလဲ၊ ဘာဆိုင်လို့ သားကို ဘာတွေလာ ပြောနေတာလဲ"

"မင်းနဲ့ အဲဒီကောင်မလေးက ဘာတွေလဲ၊ မင်းတို့ ရင်းရင်းနှီးနှီး ဖြစ်နေကြတာ မမကြီး သိတယ်နော်"

"ဟာ ... မမကြီးကလည်း၊ ခုခေတ် ကောင်လေးတွေ ရေစီးကြောင်းကို ဘာမှမသိဘဲနဲ့ မဖွစမ်းပါနဲ့ဗျာ၊ ဒီလိုပဲ သူငယ်ချင်းပါ၊ ဘာမှမဟုတ်ဘူး၊ သားက ဒီလောက် အဆင့်အတန်းကွာတဲ့ မိန်းကလေးကို အတည်ဘယ်သူက မှန်းမှာလဲ၊ အပျင်းပြေ ပုံပြောသလောက် သဘော"

"အောင်မယ်၊ မင်းနော် ... မင်း၊ အပျင်းပြေ ပုံပြောတာ၊ ပုံပြောတာနဲ့ တော်ကြာမှ ဆေးခြောက်မိန်းမနဲ့တွေ့မှ မူးပြီးပစ်လဲသွားမယ်"

အခုမှ မမကြီးလေသံက လျော့ကျသွားသလို ...

မေမေ့မျက်နှာထားကြီးလည်း လျော့ကျသွားပြီမို့ သူ တိတ်တိတ်ကလေး သက်ပြင်းကျိတ်ချလိုက်မိသည်။

"အေး ... အေး ... ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကတော့ ဆင်ဆင်ခြင်ခြင်လေး နေပေါ့ကွာ၊ ခုခေတ် မိန်းကလေးတွေက ကိုယ့်ဘဝကိုယ် ပြန်မကြည့်ဘူး၊ အိမ်မှာသာ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ချောင်းကို မနည်းခွနေရတာ၊ ဝတ်လိုက်တော့ တကယ့် သူဌေးသမီးပဲ၊ အဝတ်အစားဆို သောင်းတန်မှ၊ ဆံပင်ကိုလည်း အဖြော့်က ဆွဲလိုက်သေး၊ တကယ်မသိရင် ရှင်းသန့်နေတာ၊ ရုပ်ကလေးပြပြီး တက္ကသိုလ်မှာ သူဌေးသားကို အပိုင်ဖမ်းကြတာ၊ တချို့ကျ အဖမ်းမတတ်တော့ ခွေးကျ ကျရော”

“ဟာ … မမကြီးကလည်း၊ အဲဒါနဲ့ သားနဲ့ ဘာဆိုင်လဲ”

“အေး … ဒါရိုက်မဆိုင်ဘူး၊ သွယ်ဝိုက်ဆိုင်တယ်၊ အဲဒီမိန်းကလေးလည်း စောစောက ငါပြောတဲ့ မိန်းကလေးအစားပဲ၊ ဟင်း … အိမ်ကဖြင့် ငါတို့ အဝတ်အစားတစ်ခါဝယ် သလောက်နဲ့နေပြီး ဝတ်တဲ့အဝတ်အစားကတော့ ကော့နေတာပဲ၊ ဆံပင်ကလည်းအိပြီးတုန်တောင်နေတယ်၊ ယောကျ်ားတစ်ယောက်ကို အလှနဲ့ဖမ်းစားနေတာ၊ အဲဒီမိန်းကလေးမျိုးကို မင်း သွားပြီးကြိုက်ဖို့တော့ စိတ်တောင်မကူးနဲ့နော် မောင်လေး၊ မင်း ဒုက္ခရောက်သွားမှာ”

မမကြီးရဲ့ ခပ်ကြမ်းကြမ်းအပြောကြီးက သူ့ရင်ကို တည့်တည့်ထိမှန်သွားရပြီမို့ သူ ကြက်သီးတဖြန်းဖြန်း ထသွားရပါသည်။





ဒီပုံအတိုင်းဆို ရှေ့လျှောက် ဘဝကြမ်းတစ်ခုပဲ လျှောက်လှမ်းရတော့မည် ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် ပျိုသာ သူ့အနားမှာရှိရင် သူ အရာရာ ရင်ဆိုင်ရဲပါသည်။

သူ့ရင်ထဲမှာ ဘာမှပြောစရာမရှိအောင် …

မမကြီးစကားကို ခပ်ငြိမ်ငြိမ်ကလေး နားထောင်ရင်းတွေဝေငြိမ်သက်သွားသည့် အချိန်မှာပဲ မာမီက တစ်ချက်တည်တည်ခိုက်ကြည့်ကာ သူ့ရင်ကို အမှန်ဆုံးစကားတွေဖြင့် ကိုင်ရိုက်လိုက်ပါတော့သည်။

“သားငယ် … မင်းရဲ့နှလုံးသားတံခါးကို ဒီနေရာမှာပဲ အသေပိတ်ပစ်လိုက်တော့၊ ရှေ့ဆက်ဖွင့်ထားမယ်ဆိုရင် မင်းဘဝပဲ သမိုင်းကြမ်းရသွားမှာ၊ မင်းကောင်မလေးကိုတော့ အတည်မရဘူးမှတ်”

“မာမီရယ်၊ သားက အဲဒီအဆင့်အထိ အောက်တန်းမကျသေးပါဘူး၊ သား ကိုယ့်တန်ဖိုး ကိုယ်သိပါတယ်၊ သိန်းထောင်ချီချမ်းသာတဲ့ သူဌေးသားတစ်ယောက်က အချိန်တန်ရင် သိန်းထောင်ချီချမ်းသာတဲ့ သူဌေးသမီးချောချောလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ အတည်ယူမှာပေါ့၊ သားလည်း ခေတ်ရေစီးကြောင်းထဲက ကောင်လေးတစ်ယောက်ပါ၊ ဒီလောက်ကတော့ ပါးပြီးသားပါ။ လှစ်လှစ်ကလေးပဲ”

“အေး ... သားကို မာမီတို့ယုံတယ်၊ ဒါပေမဲ့ကွယ်၊ မိန်းကလေးတစ်ယောက်ကို ကိုယ်မလိုအပ်ဘဲနဲ့တော့ အပျော်မတွဲနဲ့ မာမီ မကြိုက်ဘူး၊ အထူးသဖြင့် ဟိုခြေရင်းခြံက ကောင်မလေးကိုပေါ့၊ သူတို့က အဆင့်မမီတော့ သားလို ကောင်လေးတစ်ယောက်နဲ့ ခင်ရတာကိုပဲ သူ့သူငယ်ချင်းတွေကို ကြွားမဝ ဖြစ်ချင်ဖြစ်နေမှာ၊ အရေးမလုပ်စမ်းပါနဲ့၊ သားရယ် ... ကိုယ့်ဘာသာ သူဌေးသားပီပီ ဘဝင်နဲ့နေတတ် ထိုင်တတ်စမ်းပါ”

“ဟုတ်ကဲ့ ... သား ဆင်ခြင်လိုက်ပါ့မယ်”

ဒီလိုစကားမျိုးကို ကြားချင်နေသည့် မာမီနဲ့ မမကြီးအကြိုက် သူ ကြိုက်စာကျွေးပြီး ဒီစကားတွေကို ရင်ထဲက မပါဘဲ သုံးလိုက်ရပေမဲ့ သူ့ရင်ထဲမှာ နွမ်းချည့်သွားခဲ့ရလေသည်။

မာမီနဲ့ မမကြီးက ...

သူ့စကားတွေကို ကျေနပ်သွားခဲ့ပေမဲ့ ...





သူကတော့ ဒီလိုပြောခဲ့ရသည့် သူ့ဘဝသူ မကျေမနပ် ဖြစ်သွားရသည်။

ဖိုးကိုလည်း ပိုပြီးသနားကြင်နာသွားရပါသည်။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com

## ၉

အတန်းထဲက ပို့ စထွက်လိုက်သည်နှင့် ပို့အနောက်ကို ကောင်လေးနှစ်ယောက်က လှစ်ခနဲ ကပ်ပါလာတာကို ပို့ဂရုမစိုက်ဘဲ ခပ်တည်တည်ပင် လှည့်ထွက်လာခဲ့သည်။

ပို့မှာ အရင်းနှီးဆုံးသူငယ်ချင်းရယ်လို့ မရှိခဲ့တာမို့ အခုလိုပဲ တစ်ယောက်တည်း သတ်ခြေတင်ရတာများသည်။

ဒီနေ့မှာတော့ ...

ထူးထူးခြားခြား ကောင်လေးနှစ်ယောက်က ပို့အနောက်က ကပ်ပါလာခဲ့ရပြီး မထိတထိ ရိလာခဲ့တာမို့ ပို့မျက်နှာကလေးကိုတင်းပြီး ခပ်လွှဲလွှဲ ပြုထားသည့်ကြားက ကောင်လေးနှစ်ယောက်ထဲက အရပ်ရှည်ရှည် အသားဖြူဖြူကောင်လေးက





လက်ဖဝါးနှစ်ဖက် ဖြောင်းခနဲတီးပြီး ပို့ခေါင်းပေါ်သို့ မျက်စောင်းကြီးခဲ့ရင်း ...

"ဟာ ... ဟိုမှာ ... ဟိုမှာ"

ပြောရင်း မျက်လုံးကြီးကပါ ပြူးလာသဖြင့် ပို့ဘာပြန်ပြောရမှန်းမသိ ခပ်အမ်းအမ်းလေး ဖြစ်သွားရသည်။

ကိုယ့်လိပ်ပြာကိုယ်လည်း မလုံမလဲ ဖြစ်သွားရသည်။

ဒါပေမဲ့ ပို့က ခပ်စွာစွာ မိန်းကလေးတစ်ယောက်ပီပီ အဲဒီကောင်လေးကို ခပ်တည်တည် စိုက်ကြည့်ပြီး ...

"နင် သေချင်ပြီထင်တယ်၊ ကိုယ့်လမ်းကိုယ်သွားစမ်း"

"ဟား ... ကြောက်စရာကြီး"

"ဟင် ... နင် ဘာပြောတယ်"

"အာ ... မဟုတ်ဘူး၊ ဟိုမှာ ... ဟိုမှာ ... ဟိုဟာကြီးကို ပြောတာ"

ကောင်လေးက ပို့မျက်နှာကို လက်ညှိုးညွှန်သလို လုပ်ပြီးမှ ကောင်းကင်ကို လက်ညှိုးညွှန်လိုက်ပြန်သဖြင့် ပို့ နှုတ်ခမ်းသားလေး ဖိကိုက်ပြီး ဘေးပတ်ဝန်းကျင်ကို မျက်လုံးကလေးဝေ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ...

ဆိုင်ကယ်ခွလျက် ပို့တို့အခြေအနေကို စောင့်ကြည့်အကဲခတ်နေသည့် ဂျန်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ပို့အားတက်သွားရသည်။

"နင် အခုလည်ပြန်"

"ဟား ... ကြောက်စရာ ကောင်းလိုက်တာ"

"လက်ငါးသစ် ဘီးကုတ် အယ်စတုန်ကြီး ... ဟီး"

"ဟင်"

အခုမှပဲ ကောင်လေး လက်ညှိုးထိုးပြီး ပြောခဲ့တာ ပို့ကုပ်ထားသည့် ဘီးကုပ်ကြီးကို ဆိုလိုမှန်း သဘောပေါက်သွားကာ ပို့ ရယ်ချင်သွားသည့် မျက်လုံးတွေကို တစ်ချက် ဂျန်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ဂျန်က ပို့တို့အနားသို့ ဆိုင်ကယ်ထိုးရပ်ပြီး ဆိုင်ကယ်ခွလျက်က မျက်မှောင်ကြီးကုတ်ကာ ...

"ဘာလဲ ပို့"

"ဘာမှမဟုတ်ဘူး ဂျန်"

ဂျန် ရောက်လာပြီမို့ ကောင်လေးနှစ်ယောက် ပါးစပ်ပိတ်ကာ အာစီးသွားရပြီဖြစ်သည်။





ဂျန်က သဘောပေါက်သလို မေးတစ်ချက်ဆတ်ကာ ...

"စက်ဘီးမပါဘူးလား"

"မပါဘူး"

"ဒါဆို တက်"

ဂျန်က ပို့ကို လိုက်နှောင့်ယှက်သည့် ကောင်လေးတွေကို ဂရုစိုက်ပြီး မကြည့်တော့ဘဲ လက်ဟန်ဖြင့် သူ့ဆိုင်ကယ်အနောက်ကို တက်ထိုင်ခိုင်းလိုက်သည်။

ပို့ အခုလို အချိန်မျိုးမှာ ...

သူ့အနောက်ပဲ လိုက်ရကောင်းနိုးနိုး၊ ဒီအတိုင်းပဲလမ်းဆက်လျှောက်ရကောင်းမလားဆိုပြီး ဇဝေဇဝါဝေခွဲမရဖြစ်နေသည့် အချိန်မှာပဲ ...

"အဲဒါ ဘူလေးလဲ"

"ဘာကွ ... မင်း"

မထင်မှတ်ဘဲ ပါးစပ်သရမ်းသည့် စောစောက ကောင်လေးဆီက ထွက်လာသည့် စကားကြီးက ဂျန်နှင့် အဲဒီကောင်လေး လက်သီးထိုးပွဲ ဖြစ်သွားသည်အထိ ပြဿနာကြီးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေ့ခနဲ ဆိုင်ကယ်ခွထားရာကနေ အဲဒီကောင်လေးဆီ ရောက်သွားသည့် ဂျန့်ကို ပျို ဘာမှမတားနိုင်ခင်မှာပဲ ဂျန်က အဲဒီကောင်လေးမျက်နှာကို လက်သီးတစ်လုံး ပစ်ကျွေးပြီးသွားခဲ့လေပြီ။

"ခွပ်"

"ဟာ ... မင်း"

"မှတ်ထားကွ၊ မင်းက တစ်ချက်ဆို ငါက နှစ်ချက်"

"ခွပ်"

"ခွပ်"

"အား ... မလုပ်နဲ့၊ ဟဲ့ကောင် ... နင် ... နင်"

"ဟား ဟား ... ဒီမှာ ပျို၊ မင်း သူဌေးသားက ကြွေတယ်ဆိုပြီး ဘဝင်ခေါင်ခိုက်မနေနဲ့၊ နောက်မှ ဒူးနဲ့မျက်ရည်သုတ်နေရမယ်၊ ဘဝတူချင်းကျ ခါချလိုက်တာ၊ စောင့်ကြည့်ရသေးတာပေါ့၊ သူဌေးသားက သူ့ကို အတည်လား အပျော်လားဆိုတာ"

"ဟင် ... နင် ... နင် စော်ကားလိုက်တာ"

"ငါက ပါးစပ်ကလေးနဲ့တင် စော်ကားတာပါ"





"ဟင်"

ပျို အဲဒီကောင်လေးကို ဘာမှပြန်မပြောနိုင်လောက်အောင် ရှက်စိတ်တွေ တစ်ကိုယ်လုံး မွန်ထူသွားတော့သည်။

"ငါက ပါးစပ်ကလေးနဲ့တင် စော်ကားတာပါ"ဆိုတော့ ဘယ်သူကတော့ ... ဟား ဒီစကားကြီးဟာ ဘယ်အတိုင်းအတာအထိ သက်ရောက်သွားခဲ့ပြီ ဆိုတာကို မိန်းကလေးဖြစ်သည့် ပျိုက ရှက်လွန်းလို့ တွေးတောင်မတွေးဝံ့အောင် ရင်နာသွားရပါသည်။

"တက် ... ပျို၊ ဒီအလေမသားရဲ့စကားကို ဂရုစိုက်မနေစမ်းပါနဲ့"

ရှက်လွန်းလို့ ပျို့မျက်ဝန်းထဲမှာ ဘာမှမမြင်ရတော့။

မှောင်နင့်မည်းမည်းထဲမှာ လူတစ်ယောက်က ပျို့လက်ကိုဆွဲကိုင်ပြီး ဆိုင်ကယ်ပေါ် ခါးကိုဖွေ့ချီပြီး ဆွဲတင်ပေးလိုက်သလို ခံစားလိုက်ရသည်။

"ငါ့ခါးကို ဖက်ထား"

ဆိုတဲ့ အမိန့်သံကိုလည်း ကြားလိုက်ရသလို၊ ပျို အဲဒီအမိန့်ကိုလည်း နာခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂူး"ခနဲ ခပ်ကြမ်းကြမ်း မောင်းထွက်သွားသည့် သူ့နောက်ကျောပြင်လေးကို ပျို ခပ်တင်းတင်း သိုင်းဖက်ရင်းက သူ့ကျောပြင်မှာ မျက်နှာလေးမှောက်ကာ ပျို သတိလက်လွတ် ငိုကြွေးလိုက်ပါတော့သည်။

ပျို့ဘဝမှာ ဒီတစ်ကြိမ်ပဲ သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး အရှက်ခွဲ အစော်ကားခံလိုက်ရတာဖြစ်သည်။

အဲဒီဘဝတစ်ခုကိုလည်း အရှမ်းမှန်းတီး နာကြည်းသွားခဲ့ပါသည်။

ဒါပေမဲ့ ဂျန်ကတော့ ...

ပျို့ရင်ထဲက ခံစားချက်ကို မသိဘဲ သူ့ရင်ထဲက နှလုံးသားဆန္ဒကိုပဲ ရှေ့တန်းတင်ခဲ့ပြီမို့ ပျို ဒီနေရာမှာ ရှုံးတောင်ရှုံးသွားချင်တော့သည်။

❣ ❋ ❣





သူ့ရင်ခွင်ထဲမှာ တအိအိ ငိုရှိုက်နေသည့် ချစ်သူလေးကို သူ ဘယ်လိုသနားကြင်နာ မြတ်နိုးသွားရမှန်း မသိသည့် ခံစားချက်ကြီးဖြင့် ပျို့ကိုယ်လုံးလေးကို တစ်သားတည်းကပ်မတတ် ပွေ့ဖက်ရင်းက သူကိုယ်တိုင်လည်း ချစ်သူလေး ဝမ်းနည်းသလို ဝမ်းနည်းကြေကွဲသွားရပါသည်။

မညီမျှသည့် ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ ပတ်ဝန်းကျင်ရဲ့အလှောင်အပြောင်ခံရသည့် ဘဝတစ်ခုကိုလည်း နာကြည်းသွားခဲ့သည်။

လူလူချင်း အတူတူပဲ။

ပတ်ဝန်းကျင်စကား ဘာမှနားထောင်စရာ မလိုဘူးဟု ရင်ထဲက ကြွေးကြော်ခြင်းတွေက သူ့နှလုံးသားမှာ ပဲ့တင်လှိုင်းရိုက်ခတ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပို ... ချစ်သည်း၊ မငိုစမ်းနဲ့ကွာ၊ ဒီလို အလေးစိကောင်တွေရဲ့စကားကို ဂရုမစိုက်စမ်းပါနဲ့ကွာ၊ ဒီမှာ ကိုယ်တို့ချစ်သူနှစ်ဦး စိတ်တူကိုယ်တူနဲ့ တစ်ယောက်ခံစားချက်ကို တစ်ယောက် နားလည်ဖို့ပဲ မဟုတ်လား ပိုရယ်၊ ဟင် ... ဟင် ... ပို"

ဂျန် ဘယ်လိုမှ မျိုသိပ်ထိန်းချုပ်လို့ မရတော့ပြီမို့ ရင်ခွင်ထဲက တအိအိငိုရှိုက်နေသည့် ပို ပါးပြင်ကလေးကို လက်နှစ်ဖက်ဖြင့် ပင့်ညှပ်ပြီး ချစ်အနမ်းတွေ ဖွဖွလေး ပေးအပ်လိုက်တော့သည်။ မျက်ဝန်းကလေးတွေ ဖိမှိတ်ပြီး ...

အရက်သည်းစွာ ငိုရှိုက်နေသည့် ပို့မျက်ရည်တွေက သူ့ပါးပြင်သို့ ပူနွေးစွာ ကူးလွန့်သွားရပြီဖြစ်သည်။

"ပိုရယ် ... ဝမ်းမနည်းစမ်းပါနဲ့ကွာ၊ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲ"

သူက ချစ်သူလေးကို ချော့တေးသီဖို့ ကြိုးစားလိုက်ပါသည်။

သို့သော် ချစ်သူလေးက သူ့ချော့အနမ်းတွေကို ခါယမ်းတိမ်းရှောင်ရင်း သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားလိုက်သဖြင့် သူ ပိုပြီးရင်နာသွားရသည်။





သူ ဖြစ်စေချင်တာ ...

ချစ်သူလေးကို ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့် မိန်းကလေး ဖြစ်စေချင်ခဲ့တာ။

အဲဒါမှ သူတို့နှစ်ယောက် သာယာတဲ့ဘဝတစ်ခုကို ထူထောင်နိုင်မှာဖြစ်သည်။

"ဂျန် ... နင် ငါ့ကိုလွှတ်ပါ"

ခပ်ထန်ထန်လေး မာသွားသည့် ပို့အသံက သူ့နှလုံးသားထဲကို ရေနွေးပူနှင့် လုမ်းပက်လိုက်သလို ခံစားလိုက်ရသည်။

"ပို ... မင်း ဘာဖြစ်နေတာလဲ"

သူကလည်း ရင်မခံနိုင်သည့် အသံအက်ကြီးဖြင့် ပြန် အော်ပစ်လိုက်သည်။

အဲဒီနောက် သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်နေပြီဖြစ်တဲ့ ပို့ကိုယ်လုံးလေးကို ပိုတိုးဖက်ပစ်လိုက်ပြီး ပို့မျက်နှာလေးကို သူ့မျက်နှာကြီးဖြင့် နွေးနွေးလေး ဖိအပ်ပစ်လိုက်ကာ ...

"အရမ်းချစ်တယ်၊ မင်းကို ငါ အရမ်းချစ်တယ် ပိုရယ်၊ တစ်ဘဝလုံးစာအတွက်ကို ချစ်ခဲ့တာ၊ ဒါကို မင်း မယုံရင်နေလေ၊ သိပ်မကြာတဲ့အချိန်မှာ မင်း လက်ခံလာရမှာ



www.burmeseclassic.com

www.burmeseclassic.com

"မရှုးသွပ်ချင်စမ်းနဲ့ ဂျန်ရယ်၊ နင်ဘဝနဲ့ ငါ့ဘဝက ဒီလောက် ကွာခြားနေတာ၊ မဖြစ်နိုင်တာတွေကို အသည်းကွဲ ခံမနေစမ်းပါနဲ့"

"ဘဝဆိုတာ နှလုံးသားရေးရာနဲ့ တည်တံ့ဖို့ပဲ၊ ငါ ယုံမှတ်ထားတာ ဆင်းရဲတာ ချမ်းသာတာကို ကွာခြားတဲ့ ဘဝတစ်ခုလို့ ငါ မခံယူဘူး၊ အဓိက နားလည်ဖို့က ပို့ ငါ့ကိုနားလည်ခံစားပေးဖို့ပဲ၊ ဟောဒီ ငါ့ရင်ထဲမှာလေ မင်းကိုချစ်ရလွန်းလို့ နှလုံးသားတွေ ဆောင်ဘင်ခတ်နေပြီကွ"

သူက ရင်ခွင်ထဲက ချစ်သူလေး လက်နှစ်ဖက်ကို ဆွဲယူပြီး သူ့ဘယ်ဘက်ရင်အုံ(နှလုံးသား)တည့်တည့်ဆီသို့ အစမ်းနိုင်းလိုက်သည်။

ရင်ထဲက ပူလောင်စွာ တဒိန်းဒိန်း ခုန်နေသည့် ...

နှလုံးခုန်သံတွေက ပို့ကို သိပ်ချစ်သည့် သူ့ရဲ့နှလုံးသားသက်သေ ဖြစ်ခဲ့သည်။

"တူညီမှ ဘဝနှစ်ခု ပေါင်းစပ်ရမယ်လို့ ဘယ်စာဆိုတော်ကြီးတွေကမှ စာမဆိုထားခဲ့ပါဘူး ပို့"





"ဟင့်အင်း ... ဂျန်၊ ငါ့ကြောင့် နင့်မိဘဆွေမျိုးအသိုင်းအဝိုင်းကြားမှာ နင် မျက်နှာငယ်ရမဲ့အဖြစ်ကို ငါ ... ငါ မလိုအပ်ဘူး"

"မင်း မလိုအပ်ပေမဲ့ ကိုယ်ကတော့ မင်းကို တစ်ဘဝလုံးအတွက် (I need you) ငါ မင်းကို လိုအပ်တယ်"

"... ... ..."

ပို့ရဲ့အငြင်းစကားသံလေးကို သူ့နှလုံးသားက လက်ခံနိုင်သည့်သွေးတွေ ပြိုစီးသွားရပြီဖြစ်သည်။

ချစ်သူ နှုတ်ခမ်းပါးလေးသည်သာ ...

သူ့ရဲ့အလိုအပ်ဆုံး။

အနွေးထွေးဆုံး (ကမ္ဘာတစ်ခု)ဖြစ်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဒီမှာ ပျို့အတွက် ကိုယ့်ရဲ့ Present"

"ဟင် ... ဘာလဲ၊ ငါ့ Birthday လည်း မရောက်သေးပါဘူး"

ပျို့က သိချင်စိတ်တွေကို မထိန်းနိုင်တော့ဘဲ မျက်လုံးကလေးတစ်ချက် ဝင့်ကြည့်လိုက်တော့ ဂျန်က ခပ်ထောင်ထောင်ဆံပင်ကလေးကို ဖွဖွကလေးပွတ်ပြီး နှုတ်ခမ်းလေးကို လျှာဖြင့် ပိတ်လိမ်းလိုက်သည်။

အဲဒီလို ဂျန့်အမူအကျင့်လေးကို ပျို့ အသည်းခိုက်မတတ် ချစ်မြတ်နိုးသွားရကာ မျက်လုံးတောက်တောက်ကလေးနှင့် မော့အကြည့် ...





"အား ... ဘာလုပ်တာလဲ"

ဖျတ်ခနဲ မျက်စိနှစ်လုံးကို ဂျန်က အနောက်ကနေ လှစ်ခနဲ ဖမ်းပိတ်လိုက်သဖြင့် ပျို့ ကိုယ်လုံးလေး သူ့ရင်ခွင်ထဲ ပစ်ကျသွားရလေသည်။

"အာ ... ဂျန်၊ မလုပ်နဲ့ဟာ၊ ဧည့်ခန်းကြီးမှာနော်၊ နင် ပလူးပလဲမနေနဲ့ ငါ မကြိုက်ဘူး၊ မေမေ ပြန်လာတာနဲ့ တိုးသွားဦးမယ်"

"တိုးသွားတော့ ကောင်းတာပေါ့၊ အားကျလိုက်တာ ငါ သမက်လောင်းလေးရယ် ဖြစ်သွားမှာပေါ့"

"ဘယ်လိုဖြစ်နေတာလဲ ဂျန်ရာ၊ ငြိမ်ငြိမ်နေစမ်းပါ၊ ငါ့ မျက်လုံးကိုလည်းဖွင့်ပေး"

"အိုခေ ... ဝမ်း ... တူး ... သရီး ... ဟော ... ဖွင့်တော့"

သူက ယူလာသည့် လက်ဆောင်ထုပ်ကြီးကို စားပွဲပေါ်ဖြန့်ချပြီး စည်းချက်ညီညီ အချက်ပေးပြီး လှစ်ခနဲ ပိတ်ထားသည့် ပျို့မျက်လုံးလေးကို ဖွင့်ပေးလိုက်တော့သည်။

"ဟင်"

ပျို့မျက်လုံးကလေးတွေ အံ့သြလွန်းလို့ ချာလည်လည်သွားရသလို ...



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ တင်ထားသည့် ဂျန့်လက်ဆောင်ပစ္စည်းတွေကလည်း ပျို့ဝတ်ဖို့ အဝတ်အစားတွေ ဖြစ်နေတာက ပျို့အတွက် စိတ်မကြည်စရာ ဖြစ်သွားတော့သည်။

ဒါ သူက ပျို့ကို ဆင်းရဲတဲ့ မိန်းကလေးဆိုပြီး ချစ်သူဖြစ်စမှာပင် အဝတ်အစား ထောက်ပံ့တာပေါ့။

ပျို့စိတ်ထဲ မခံချင်လွန်းလို့ နှုတ်ခမ်းသားလေး ရှုံ့ကျသွားပြီးမှ စိတ်ကိုထိန်းကာ ရန်စကားမပါအောင် ဂျန့်ကိုအရိုးရှင်းဆုံး မေးလိုက်မိသည်။

"ဒါ ဘာလုပ်ဖို့လဲ ဂျန်"

"မင်း ဝတ်ဖို့လေ ချစ်သည်းရဲ့၊ ဘယ်လောက်မှ မပေးရပါဘူး၊ တစ်ထည်မှ သုံးထောင်ကျော် သုံးထောင်ပါပဲ"

"ဘယ်နှထောင်ဖြစ်ဖြစ်၊ ဒါလား သုံးထောင်၊ ဒီလောက်အသားကောင်းနေတဲ့ဟာ၊ ဒီမှာ နင် ငါ့ကို အဲဒီလို လက်ဆောင်ပေးပြီး မြှူဆွယ်ဖို့ မစဉ်းစားနဲ့၊ ငါက ခေတ်ထဲက မိန်းမပေမဲ့ မိန်းမအတော်များများလို ကိုယ့်ချစ်သူပေးလာမဲ့ ပစ္စည်းကို ငမ်းငမ်းတက် မျှော်လင့်နေမယ့်သူ မဟုတ်ဘူး ဆိုတာ သဘောပေါက် နားလည်ထား"





"ဟား ... ဒုက္ခ၊ မဟာဒုက္ခတော့ ပတ်ပြီကွာ၊ အဲဒါ ကိုယ်စင်ကာပူသွားတုန်းက ချစ်သည်းအတွက် ဝယ်လာတဲ့ Present ပါကွာ၊ အဲဒီတုန်းက ပျို့က ကိုယ့်ကို ခါးခါးသီးသီး ဖြစ်နေတော့ ..."

"အခုလည်း ခါးခါးသီးသီးပဲ"

"ဟော့ ... တော်ပြီနော်၊ တော်ပြီ၊ ဒီလောက် ရန်ထောင်လွန်းတဲ့နှုတ်ခမ်း ဒဏ်တပ်ခံချင်ပြီလား"

အခုမှပဲ ပျို့ တစ်ယောက် တိတ်တိတ်ကလေး ငြိမ်ကုပ်သွားလေတော့သည်။

ဘာပဲဖြစ်ဖြစ် ချစ်သူလေး စိတ်ဆင်းရဲအောင် သူငြိမ်းခြောက်ပြီးတော့တောင် စကားမဆိုချင်ခဲ့တာကို ဝန်ခံချင်ပါသည်။

ဒါပေမဲ့ ...

တစ်ခါ တစ်ခါမှာ သူ ချစ်မှန်းသိလို့ သူ့အပေါ်နဲ့ဆိုးဆိုး ဂျစ်ကျတတ်သည့် ချစ်သူလေးကို သူ ဦးနှောက်ပိန်းအောင် ခေါင်းခြောက်ခဲ့ရသည်။

အခုလို လက်ဆောင်ပေးတာမျိုးကို တူးခါးနေသည့်အတွက်လည်း မခံချင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ် ... ဖယ်စမ်း"

သူ့ကို ဆောင့်တွန်းပစ်လာသည့် ပျို့ကို သူ တစ်ချက် တည်တည်စိုက်ကြည့်ပြီး သူမ ကိုယ်လုံးလေးကို ဖြေလွှတ်ပေးလိုက်သည်။

အဲဒီနောက် ခေါင်းကလေးတစ်ချက်ငုံ့ပြီး ဗိုက်ကလေးကို လက်ဖြင့်ပွတ်လိုက်ကာ ...

"ငါ နံနက်စာ ဘာမှမစားရသေးဘူး၊ ဗိုက်ဆာတယ်ကွာ၊ မုန့်ဟင်းခါး ရှိတယ်မို့လား"

"ရှိတယ်"

"ဒါဆို ကျွေးကွာ"

နှုတ်ခမ်းကလေးစူပြီး မိန်းမလေးတစ်ယောက်လို အိုက်တင်ဖမ်း ပြောလာသည့် ဂျန့်ကို ပျို့က စိုက်ကြည့်ပြီး လှစ်ခနဲ သဘောကျစွာ ပြုံးလိုက်သည်။

"ဘာပြုံးတာလဲ"

မျက်နှာလေး တစ်ဖက်လှည့်ပြီး သူ မမြင်အောင် ပြုံးလိုက်ကာမှ သူက မြင်ဖြစ်အောင် မြင်သွားသေးသည်။

"နှုတ်ခမ်းလေးစူပြီးပြောတာ အခြောက်ကြီး ကျနေတာပဲ"

"အဟား ဟား ... ဟာ ... ပွတ်"





သူက တအားထအော်ရယ်ပြီးမှ သူ့ပါးစပ်သူ အချိန်မီဘရိတ်အုပ်ကာ လက်နှစ်ဖက်ဖြင့် ဖိလိုက်လေသည်။

ပျို့က သူ့အိုက်တင်ကို ပါးပါးလေး သတိထားမိသွားရကာ ရင်နာသွားရသည်။

ဒါ သူ့မိဘတွေ သူ့ရယ်သံကို ကြားသွားမှာစိုးရိမ်ပြီး မျက်လုံးအကြည့်တွေကအစ ယောက်ယက်ခတ်သွားတာကြီးကို ပျို့ အခံရခက်ခက် ဖြစ်သွားရတော့သည်။

"နင့်မိဘတွေ နင့်ရယ်သံကို ကြားမှာစိုးလို့လား"

"ဟာ ... မဟုတ်တာ၊ ပျို့ကလည်း"

သူက တူးတူးခါးခါးငြင်းရင်း ပျို့လက်ကိုဆွဲကိုင်ကာ မီးဖိုခန်းဆီသို့ လျှောက်သွားလိုက်ပါသည်။

သူ့စိတ်ထဲက ...

ခံစားချက်ကို ဒက်ခနဲ ချက်ချင်းကြီး သိသွားသည့် ပျို့ကိုလည်း သူ တော်တော်ဖြုံသွားရသည်။

ဟား ... ပါးလိုက်သည့် မိန်းကလေး။

အလိုလိုနေရင်း ဘဝမတူညီမှုကြောင့် ကျိုးလန့်စာစား ဖြစ်နေရသည့် ကိုယ့်ဘဝကိုယ်လည်း နာသွားရသည်။

ဖြစ်နိုင်ရင် ပျို့လို အဆင့်ရှိလောက်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



အနေအထားက ကောင်လေးတစ်ယောက်သာ ပြေးဖြစ်လိုက်ချင်သည်။

တစ်ယောက်တည်း ...

အတွေးကလေးတွေနှင့် ပို့ သူ့အတွက် မုန့်ဟင်းခါး ပြင်ဆင်နေပုံလေးကို သတိလက်လွတ် ငေးကြည့်နေခဲ့မိတာ သူ့အရှေ့မှာ မုန့်ဟင်းခါးပွဲ လာချပေးသည့် ပို့ကိုတောင် ခပ်ကြောင်ကြောင်ကြီး စိုက်ကြည့်လိုက်မိတော့သည်။

"စားလေ ... ဘာကြည့်နေတာလဲ"

"ဩော် ... ငရုတ်သီးမှုန့် ပါလားလို့ ကြည့်တာပါ"

သူက လျှပ်တစ်ပြက် ဉာဏ်ကူလိုက်မိပြန်သည်။

ချစ်သူလေးကို သူ ဘာဖြစ်လို့များ လိမ်ညာပြီး ပြောချင်ခဲ့ရတာလဲမသိ။

သူ့ရင်ထဲက အမှန်စကားလုံးတွေကိုလည်း ချစ်သူလေးကို မကြားစေလိုခဲ့ပါ။

ရှေ့လျှောက် ဘယ်လိုဘဝမျိုးနှင့် သူနှင့် ပို့ စခန်းမြန်းရမည်မသိ။

ပို့က သူ့ရင်ထဲကခံစားချက်ကိုသိထားပုံဖြင့် နှုတ်ခမ်းလေးတစ်ချက်မဲ့ကာ သူ့အရှေ့က လှည့်ထွက်သွားပြီဖြစ်သည်။





သူ့မှာသာ ရင်ထဲမှာ အစာမဝင်သေးခင်မှာပင် အစာနင်သွားရပါလေပြီ။

ပို့ ကျွေးလာသည့် မုန့်ဟင်းခါးကိုလည်း တစ်ပန်းကန်လုံး အပြောင်ကိုင်ပစ်လိုက်သည်။

"အား ... ဖလူး ... ဖလူး ... စပ်လိုက်တာကွာ"

နဂိုကတည်းက အစပ်ကြောက်သည့်သူ့မှာ အခုတော့ နားရွက်တွေ ရဲထုံသွားသည်အထိ ပူလောင်သွားရလေပြီဖြစ်သည်။

နားရွက်တစ်ပြင်လုံး ရဲတက်သွားရုံတင်မက လည်ချောင်းတစ်လျှောက် ပူဆင်းသွားသည့် ခံစားမှုကြီးကို ဘယ်လိုမှ ဟန်မလုပ်နိုင်တော့ဘဲ မျက်ရည်တွေ ဝဲသွားရပြီဖြစ်သည်။

"စပ်မှာပေါ့၊ ငရုတ်သီးမကြိုက်ဘဲ ငရုတ်သီးစားတာကို၊ ရော့ ... ရေသောက်လိုက်"

သူ့အရှေ့ကို ရေခွက်ကမ်းပေးလာသည့် ပို့လက်ထဲက ရေခွက်ကို လှမ်းမယူဘဲ သူက ပါးစပ်အဆင်သင့်ဟပေးလိုက်သဖြင့် ပို့ စိတ်ချဉ်ပေါက်သွားရသည်။

"အား ... စပ်လိုက်တာ၊ လုပ်လေကွာ၊ တိုက်လေ"

"ကျွတ် ... လက်နှစ်ဖက်ပြတ်နေတဲ့ကောင် ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပျို့ တိုက်လာသည့် ရေကလေးကိုလည်း စိမ်ပြေနပြေနှင့် ပါးစပ်ထဲမှာ ငုံပြီးမှ ဂွပ်ခနဲ မျိုချလိုက်သည်။

"ဟာ ... ဟာ ... ကွာ၊ ရေနဲ့မရဘူး၊ စပ်သေးတာပဲ"

"ဒါဆို ဘာစားမလဲ၊ သကြားစားမလားဟင်"

"ဟာကွာ၊ မစားချင်ဘူး"

"ဟာ ... ဒါဆို ဘာစားမလဲ"

စိတ်ညစ်သလို မျက်နှာလေးရှုံ့ပြီး မေးလာသည့် ပျို့ကို သူ မချင့်မရဲ စိုက်ကြည့်ရင်း ပခုံးလေးကို ခပ်တင်းတင်း ဆွဲကိုင်ကာ ...

"အချစ်စားချင်တယ်"

"ဟင် ... ဂျန် ... နင်"

"အဲဒါကို ပျို့ကျွေး"

"ဟာ ... ဂျန်"

"... ... ..."

"ဂျန်"

"အင်း"

"ပြောလို့မရဘူးလား ဂျန် ... နင်"

ဒီအချိန်မျိုးမှာ ...





ပျို့နှင့်ဂျန်ဟာ ...

ကြားလေသွေးလို့ ဝေးစရာမလိုတော့အောင်ကို နှစ်ဦးသား ချစ်ခြင်းတွေက မြဲမြဲခိုင်မတ်သွားရလေသည်။

အတန်ကြာမှ ဂျန်က မျက်နှာကလေးပင့်မော့ကာ ...

"ဟား ... အခုမှပဲ အစပ်နည်းနည်းပြေသွားတော့တယ်"

"သွား ... လူဆိုး"

"ဟော့ ... အဲဒီလိုတော့ မသမုတ်နဲ့နော်၊ ဒီထက်ဆိုးအောင် လုပ်ပစ်လိုက်လို့ ဘာမှတ်လဲ"

"ဂျန်ရယ် ... ငြိမ်ငြိမ်နေစမ်းကွာ၊ ဒီမှာ စကားအကောင်း မပြောရဘူး"

"အင်း ... ပြောပါဦးဗျာ၊ အနာဂတ် စီမံကိန်းဆွဲမလို့ မဟုတ်လား"

သူက လှစ်ခနဲပြုံးပြီး ချစ်မျက်ဝန်းတွေဖြင့် ပျို့ကို မေးဆတ်စိုက်ကြည့်လိုက်သည်။

ပျို့က သူ့အကြည့်တွေကို ရင်ခုန်သွားပုံဖြင့် ခေါင်းကလေးငုံ့ နှုတ်ခမ်းကလေး ဖိကိုက်ပစ်ရင်းက အသံအက်အက်ကလေးဖြင့် သူ့ရင်ကို အထိဆုံးစကားတွေဖြင့် တစ်လုံးချင်း ရင်ဖွင့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဘဝနဲ့ ငါ့ဘဝက မတူညီဘူးဂျန်၊ အရမ်းကို ကွာခြားလွန်းပါတယ်၊ ဘယ်လောက်အထိ ကွာခြားသလဲဆိုတော့"

"ရှူး ... ဆက်မပြောတော့နဲ့ကွာ"

"ပြောရမှာပဲ ဂျန်၊ ပြောချင်တာတွေကို ရင်ထဲမှာ ကျိတ်မျိုချထားရင် ငါပဲ တအုံ့နွေးနွေး ပူလောင်မှာ"

"ကဲ ... ပြောစမ်းကွာ၊ ကြိုက်သလောက် ပြောပစ်လိုက်စမ်း"

သူက ပို့မေးစေ့ကလေးကို ဆွဲဖျစ်ပြီး လက်နှစ်ဖက်ပင့်ပြီး ဆရာကြီးအိုက်တင် ဖမ်းလိုက်သည်။

မျက်ခုံးနှစ်ဖက်ပင့် မေးတစ်ချက်ဆတ်ပြီး ပြော ... နားထောင်မယ်၊ မူကြီးဖမ်းလိုက်တော့ ပို့က မကျေနပ်သလို မျက်စောင်းလေးခဲရင်း မျက်နှာလေးတစ်ချက်တည်ကာ ရင်ပွင့်သွားတော့သည်။

"ငါပြောချင်တာက နှင့်ဘဝနဲ့ ငါ့ဘဝဟာ တောင်သမုဒ္ဒရာနဲ့ မြောက်သမုဒ္ဒရာလို အလှမ်းဝေးလွန်းလှပါတယ်၊ မတူညီတဲ့ဘဝကိုဖန်တီးပြီး ရင်ထဲကအချစ်တွေနဲ့ နှင့်ကို ငါချစ်ခဲ့ပေမဲ့ တစ်ချိန်ချိန်မှာ ဘဝရေးနဲ့ယှဉ်လာရင် ဒီအချစ်တွေ





ဟာ မြူမှုန်တစ်မှုန်စာ ဖြစ်ချင်ဖြစ်သွားမှာပဲ၊ အဲဒီအချိန်မှာ နှင် ငါ့ကို စွန့်လွှတ် ကျောခိုင်းသွားရှင်လည်း ငါကျေနပ်မိမှာပါ။ ဒါကတော့ နှင့်ကို တစ်သက်လုံး ချစ်သွားမယ်ဆိုတာ ရင်ထဲက ကတိသစ္စာဆိုပါတယ်"

သူ့ကို ဆွေးဆွေးလေး ပြောလာသည့် ချစ်သူလေးကို သူ နွေးနွေးလေး စိုက်ကြည့်ပြီး ပြုံးလိုက်မိသည်။

"ငါ့ရင်ထဲက အချစ်က မင်းကို ထာဝရပေးဆပ်ပြီးသားပါပို့၊ ဘယ်တော့မှ ငါ့အချစ်က မင်းအပေါ်ကို မြူမှုန်တစ်မှုန်စာ မဖြစ်စေရဘူး၊ ငါလည်း ကတိပေးပါတယ်"

ရင်ထဲက အလေးနက်ဆုံး စကားကို ပို့လည်း နားသည်ခံစားမိသည် ထင်ပါသည်။

ရှည်လျားထူသိပ်လွန်းသည့် မျက်တောင်ကြီးတွေခင်းချကာ သူ့ရင်ခွင်ဆီသို့ မျက်နှာကလေးပင် လွှဲလိုက်သည့် ချစ်သူလေးသည်သာ သူ့အတွက် အကျေနပ်ဆုံး ဘဝတစ်ခု ဖြစ်သွားရတော့သည်။

❦ ❋ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ထင်မှတ်မထားသည့် သူတစ်ယောက်ကို မထင်မှတ်ဘဲ အိမ်ရှေ့မှာ ရုတ်တရက် တွေ့လိုက်ရသဖြင့် ပျို့ အံ့သြသွားသလို နှုတ်ခမ်းကလေးတောင် ဟဟလေး ပွင့်ဟသွားရသည်။

"ဟင် ... မမကြီး"

"ဘာအော့ ... ညည်း ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်"

"ဟို ... ဟို ..."

"ဟွန်း ... ကြည့်တော့ မခုတ်တတ်တဲ့ကြောင်၊ အဖြူထည်သီးကလေး လုပ်မနေနဲ့"

ကြားလိုက်ရသည့် တစ်ဘက်ခြကျ ဂျန့်အစ်မစကားသံက ပျို့အတွက် ဘယ်လိုမှ အလားအလာ မကောင်းမှန်း ပျို့သိလိုက်ရပါသည်။





တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလိုပြဿနာမျိုးတွေဖြစ်လာလိမ့်မယ်လို့ ကြိုတင်မျှော်လင့်ထားသည့် ပျို့ကတော့ ...

ဂျန့်အစ်မရဲ့ အထူးဆုံးစကားတွေကို နှုတ်မိတ်နားထောင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ဒီမှာ ညည်းကို ဘာမှ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ လေကုန်တယ်၊ အရှင်းဆုံးပဲ ပြောချင်တယ်၊ ညည်းနဲ့မောင်လေး ဇာတ်လမ်းခင်းနေရင် ဒီနေရာမှာပဲ ဇာတ်သိမ်းလိုက်တော့ ပျို့ကညာ၊ ညည်းကို အစ်မ မိန်းမချင်း ကိုယ်ချင်းစာလို့ ဒီစကားမျိုး လာပြောတာနော်၊ ညည်း စိတ်လည်းဆိုးစရာ မလိုဘူး"

စိတ်မဆိုးပေမယ့် စိတ်တော့နာတာပေါ့ မမကြီးရယ်လို့ ရင်ထဲက စကားတွေသာ ဖွင့်အန်ထုတ်လိုက်ရင် ဂျန့်အစ်မပွဲကြီးပွဲကောင်း ထသောင်းကျန်းပစ်မှာ သေချာသည်။

ပျို့လို မိန်းကလေးမျိုးလောက်ကို သူလို စီးပွားရေးကို နှာခြေအောင် ဦးဆောင်ခေါင်းရွက်လုပ်နေသည့် မိန်းမကလက်ညှိုးကလေးနဲ့ တောက်ကာစားရုံဖြင့် အရည်ဖျော်ပစ်နိုင်သည်ဆိုတာကို သိထားသည့်ပျို့ကလည်း သူမကို ဘာမှပြန်မပြောမိဘဲ ဒီအတိုင်း ခေါင်းငုံ့နားထောင်ခဲ့ရသည့်ဘဝ။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးက မတရားပါဘူး ...

ပိုက်ဆံမရှိတဲ့ ဆင်းရဲသားတွေကို ...

ပိုက်ဆံချမ်းသာလွန်းတဲ့ သဌေးတွေက ...

နိုင်ထက်စီးနင်း နင်းချေပြောနိုင်ဆိုနိုင်ခဲ့တာ ...

တိုးအစဉ်အလာထဲက ရှိလာခဲ့တဲ့ ...

မှုဝါဒ(လမ်းစဉ်ကြီး)လား မသိ"

ပြောနိုင်ပါတယ် အစ်မရယ်၊ အစ်မက သူဌေးပီပီ ပျို့လို မရှိနွမ်းပါးတဲ့ မိန်းကလေးကို အားသွန်ခွန်စိုက် ပြောလို့ ရနဲ့ပါတယ်။

ပျို ဝမ်းနည်းလွန်းလို့ ဘာမှ ပြန်မပြောနိုင်သလို ရင်ထဲမှာလည်း ပြောစရာစကားတွေ မရှိတော့။

"ပျိုကညာ"

"... ... ..."

"ဒီမှာ ... ဟိတ် ... ပျိုကညာ"

ငုံ့ကိုင်းထားသည့် ပျို့ခေါင်းကလေး ဆတ်ခနဲမတ် ထောင်သွားရလေသည်။





ရစ်ဝိုင်းတက်လာသည့် မျက်ရည်စတွေကို ဂျန့် အစ်မ မြင်သွားမည်ကိုလည်း စိုးရိမ်စွာဖြင့် ပျိုက မာနအရောင် ဖြင့် မျက်လုံးကို ပြူးသထက်ပြူးအောင် စိတ်တွေတင်းခံထားခဲ့ သည်။

ဂျန် ... နင့်ကြောင့် ငါ နင့်အစ်မရဲ့အပြောခံ အဆိုခံ ဘဝကို ရောက်နေရပြီ။

"ဘာလဲ ... ညည်း ဝမ်းနည်းသွားသလား"

"... ... ..."

ပျို သူ့မမကြီးကို မျက်လုံးတောက်တောက်ကလေး ဖြင့် ပြန်စိုက်ကြည့်လိုက်ပြီး သည်းခံအား ကုန်သွားရပြီဖြစ်သည်။

"အစ်မ ဘာပြောချင်တာလဲ၊ ပျိုလည်း လိုရင်းတိုရှင်းသမား ပါ၊ ဒါပေမဲ့ တစ်ခုတော့ အစ်မကို သိစေချင်တယ်"

"အင်း ... ပြောစမ်းပါဦး၊ ညည်းက ဘာပြောမှာလဲ"

သူဌေးမှ သူဌေးအိုက်တင်ကြီးဖြင့် ဂျန့်အစ်မက မျက်နှာကြီးပင့်ပြီး နှုတ်ခမ်းမဲ့ကာ ပြုံးလိုက်လေသည်။

"အစ်မက ဂျန်နဲ့ ပျို့ အကြောင်းကို ဘယ်အတိုင်းအတာ အထိ သိထားလို့ ဒီစကားတွေ လာပြောနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုအေ ... မောင်လေးကိုယ်တိုင်က ညည်းကို အပျော်တွဲ တွဲနေပါတယ်လို့ ဝန်ခံလို့ ပြောခဲ့ရတာပေါ့။ ခုခေတ်မိန်းမတွေက ကိုယ့်ဘဝမှ ကိုယ်ပြန်မကြည့်၊ မြင့်လွန်းတဲ့ ဟိုင်းသူဌေးကိုမှ တက်မှန်းချင်ရတာ၊ ဟိုင်းသူဌေးနဲ့ စကားပြော၊ ဆိုင်ထိုင်၊ အရည်တစ်မျိုးမျိုးသောက်၊ လက်ကလေးအကိုင်ခံ၊ ပါးကလေးအနမ်းခံနဲ့ သူတို့ အငွေ့အသက်ကလေးကို ရှူရှိုက်ရတာနဲ့တင် ကိုယ့်ဘဝကိုယ်မေ့သွားပြီ၊ အယောင်ဆောင်သူဌေး ဖြစ်သွားပြီ၊ ရှက်မရှက်အေ"

"တော်ပြီ အစ်မ၊ အစ်မ သိပ်စော်ကားတဲ့ စကားလုံးတွေနဲ့ လာကိုင်ပေါက်မနေပါနဲ့"

ပျို့ ရှက်လွန်းလို့ ဘာစကားမှ ပြန်မပြောနိုင်တော့ဘဲ နှုတ်ခမ်းသားလေးကို ဖိကြိတ်ပစ်လိုက်တော့သည်။

ဝမ်းနည်းလွန်းလို့ လည်ချောင်းထဲကို ဆို့တက်လာသည့် ခံစားမှုတွေက ပျို့အရှုံး ဖြစ်ခဲ့ရလေသည်။

"ဂျန်က ဒီလိုပဲပြောတယ်လား၊ ဟင့်အင်း ... ငါ မယုံဘူး ငါ လုံးဝမယုံဘူး၊ ဒါ ဒီမိန်းမကြီး လီဆယ်နေတာ၊ ငါ စိတ်နာသွားအောင် လီဆယ်ပြီးပြောတာ"

လို့ပဲ ရင်ထဲက အော်မြည်တမ်းလိုက်သည်။





တကယ့် တကယ်တမ်း အပြင်လက်တွေ့ဘဝမှာတော့ ဂျန့်အစ်မရှေ့မှာ ပြားပြားဝပ် ကြောက်ရသည့် မိန်းမငယ်လေး ဖြစ်ခဲ့ရတော့သည်။

ဝမ်းနည်းလွန်းလို့ ...

ရင်ထဲမှာ ကွက်လပ်အတိ ဖြစ်သွားပြီး မျက်ရည်ကလေးတွေလည်း ထင်ထင်ပေါ်ပေါ် ရစ်သိုင်းသွားရပြီဖြစ်သည်။

"ကျုပ် ညည်းကို ဒီထက်ရိုင်းတဲ့ အသုံးတွေ သုံးလို့ရပေမဲ့ အိမ်နီးချင်းဆိုတဲ့ အသိကြောင့် ညည်း နားလည်ပေးစမ်းပါ၊ ဟုတ်လား။ ကိုယ့်ဘဝကိုယ်သိရင် ဘဝမှာ ပူဆွေးသောကတွေ မရှာဘူးပေါ့အေ၊ တစ်ခုပဲ အစ်မပြောချင်တယ်၊ ဒါ ညည်းကို မိန်းမချင်း ကိုယ်ချင်းစာပြီး ပြောတာပဲ၊ ညည်းဘဝ အမည်းစက်အဖြစ်မခံစမ်းပါနဲ့အေ၊ ဒါပဲ အစ်မ ပြောချင်တယ်"

ပြောချင်ရာပြောပြီး ပျို့အရှေ့ကနေ ချာခနဲ လှည့်ထွက်သွားသည့် ဂျန့်အစ်မကို ပျို့ ဘာမှပြန်ပြောနိုင်သည့်အင်အားမရှိတော့ဘဲ နေရာမှာတင် အရုပ်ကြိုးပြတ် ပစ်လဲသွားမတတ်ဖြစ်သွားသည့် ခံစားမှုတွေက ပျို့အတွက် အရှုံးတွေလည်း ဆက်တိုက်ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ငါဟာ သိပ်ညံ့တဲ့မိန်းမ ...

ဟိုမိန်းမကြီး အနိုင်ပိုင်းပြောသွားသည့် စကားတွေကို ဘာမှ ပြန်မပြောနိုင်ခဲ့သည့် ခပ်ညံ့ညံ့ မိန်းမအဖြစ် ...

ကိုယ့်ကိုယ်ကိုယ် အရှမ်းမုန်းတီး နာကြည်းသွားပါတော့သည်။

ဖြစ်နိုင်ရင် ...

အာခေါင်ခြစ်ပြီး ...

"ဂျန် ... နင့်ကို ငါ သိပ်မုန်းတယ်"

ဟု အော်ဟစ်သောင်းကျန်းပစ်လိုက်ချင်ပါသည်။

သို့သော် တကယ်တမ်း သူမ လက်တွေ့ကျင့်သုံးလိုက်တာတွေက မိန်းမတစ်ယောက်အတွက် တစ်ဘဝလုံးအရှုံးဖြစ်သွားလေတော့သည်။

မျက်နှာကလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖိအုပ်ပြီး "ဟင့်"ခနဲ ရှိုက်ငိုချလိုက်သည့် အညံ့ဆုံး အရှုံးပေးခဲ့ရသည့် မိန်းမတစ်ယောက်အဖြစ် ပျို့ ကိုယ့်ဘဝကိုယ် ဘယ်လိုနာကြည်းသွားမှန်း မသိအောင် ခံစားလိုက်ရသည်။

❣ ❋ ❣





## ၁၂

အမှောင်ထုထဲမှာ ပျို့ တစ်ယောက်တည်း ဘာမှ ခံစားချက်မရှိသည့် (ဗလာမဲ့)ရင်ဖြင့် ဂျန်တို့တိုက်အိမ်ကြီးဆီ ငေးငိုင်စွာ စိုက်ကြည့်နေခဲ့မိသည်။

ဘဝချင်းမမျှသည့် လူသားကို ရင်ထဲက နှလုံးသားက မတန်မရာ တက်မှန်းချင်တော့လည်း အခုလိုမျိုး အနာတရကြေကွဲခြင်းတွေနှင့် ပူဆွေးခဲ့ရပြီဖြစ်သည်။

ဆင်းရဲသူမလေးက ...

သူဌေးသားလေးကို ကြိုက်ခဲ့မိသည့် ...

ဓာတ်လမ်းက ဒီခံစားမှုတွေပဲ ခံစားပေးဆပ်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက်မညီမျှတဲ့ အမြင့်ဆုံး ဘဝကြီးကို ခုန်ကူးဖို့ မိုက်ခဲ့ရင်တော့ ဂျန့်အစ်မ ပြောခဲ့သလို ဘဝမှာ အမည်းစက်ကြီး စွန်းကျန်ခဲ့တော့မည်။

တစ်ယောက်တည်း ဘယ်လိုခံစားရမှန်း မသိသည့် ခံစားချက်တွေဖြင့် ပို့ သူတို့တိုက်ကြီးကို မော့ငေးနေရာမှ ကောင်းကင်ကြီးကို မော့ကြည့်လိုက်မိပြန်သည်။

အဲဒီအချိန်မှာ ကြယ်ကလေးတွေ မိတ်တုတ် မိတ်တုတ်ဖြင့် သူ့ဘဝနှင့်သူ ရောင့်ရဲနေခဲ့တာဟာ ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းလိုက်သလဲ။

ကြယ်ကလေးတွေကိုငေးရင်း မေမေ ပြောခဲ့တဲ့ စကားတွေကလည်း ပို့နှလုံးအိမ်ကို အပြင်းဆုံး ရိုက်ဝင်လာရပြန်သည်။

"သိပ်ပြီးဝမ်းနည်းခံစား မနေစမ်းပါနဲ့ သမီးရယ်၊ ဒါလောက အတွေ့အကြုံတွေပဲ၊ တစ်ချိန်ချိန်မှာ သမီး နားလည်လာမှာပါ၊ မေမေကတော့ ဂျန်လေး သမီးကို တကယ်မြတ်မြတ်နိုးနိုးချစ်ပြီး လက်ထပ်မယ်ဆိုရင် သဘောတူတယ်၊ ဘဝဆိုတာ ရဲရဲရင်ဆိုင်ရမှ သမီး"





ဆိုတဲ့ စကားတွေက အခုချိန်မှာ ပို့ ခံစားခဲ့သည့် ခံစားမှုတွေနှင့် ထပ်တူညီခဲ့ရပြီဖြစ်သည်။

"မေမေ ဘဝကို ပို့ ရဲရဲရင်မဆိုင်ရဲဘူး၊ ပို့အသက် ပို့အရွယ်နဲ့ ဒီထက် ဘဝနာသွားမှာ ပို့ သိပ်ကြောက်တယ်"

ဟုလည်း တိုးဖွဖွကလေး ကောင်းကင်ကြီးဆီ တိုင်တည်ရင်း ကျရှုံးမျက်ရည်တွေ စီးကျလာခဲ့သည်။

မေမေကတော့ ပို့ အခုချိန်မှာ ဘယ်လိုခံစားမှုမျိုးနဲ့ ခံစားကြေကွဲနေရတယ်ဆိုတာ ဘာမှမသိ။

တိတ်ဆိတ်စွာဖြင့် အိပ်မောကျနေခဲ့ပြီ ဖြစ်သည်။

ပို့ကတော့ ကျေးငှက်ကလေးတွေ အိပ်တန်းထတဲ့ အချိန် အရုဏ်ဦးနံနက်သုံးနာရီခွဲ အချိန်အထိ အိပ်ခန်းထရံပြတင်းကလေးကနေ တစ်ဘက်ခြံက တိုက်ကြီးကို ငေးကြည့်ရင်း တိတ်တိတ်ကလေး မျက်ရည်ကျနေခဲ့ရသည့်အဖြစ်။

ဒီလိုခံစားနေရသည့် ပို့ခံစားချက်ကို ...

ကျေးငှက်ကလေးတွေကများ ကူညီမျှဝေ ခံစားပေးခဲ့ကြသည်လား မသိ။


www.burmeseclassic.com

www.burmeseclassic.com



အိပ်တန်းအထမှာ တကျိုကျို ချစ်စဖွယ်အော်ပြီး ကျီစယ်နေခဲ့ကြသည့် ကျေးငှက်ကလေးတွေက အလွမ်းတေးသံအဖြစ် လွမ်းဖွယ်ဆိုညည်း ဖြစ်သွားရတော့သည်။

"ဩော် ... ကျေးငှက်လေးတွေရယ်၊ မင်းတို့မမရဲ့ ခံစားချက်ကို နားလည်ခံစားလိုက်ကြပြီလားကွယ် ...

"မင်းတို့ အော်သံလေးတွေက မမရင်ထဲက အလွမ်းစကား ငိုညည်းသံတွေနဲ့ တစ်ထပ်တည်း ... တစ်ထပ်တည်းပါပဲကွယ်"

ထရံပြတင်းပေါက်ကလေးမှ သစ်ပင်ပေါ်က အော်မြည်နေသည့် ကျေးငှက်ကလေးတွေကို လှမ်းတိုင်တည်လိုက်သည့် ...

ပို့အသံတွေကို ကျေးငှက်ကလေးတွေ ကိုယ်ချင်းစာနားလည်ပေးခဲ့မယ်ဆိုရင် ပို့ ကျေနပ်ခဲ့ပါသည်။

❦ ✻ ❦





နံနက်ခင်း နေခြည်နုနု နွေးစ ...

ညနေခင်း နေရောင်ခြည် စုံးစုံးမြုပ်စ နေလုံးကြီးပျောက်ကွယ်ပြီး တိမ်လိပ်ကြီးထဲ တရွေ့ရွေ့ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည့် နေ့တွေ ညတွေ ကုန်လွန်ခဲ့ရတာ အခုဆိုရင် ...

ရက်ပေါင်းများစွာ ကြာခဲ့ရပြီဖြစ်သည်။

အခုလို ဂျန့်အစ်မကြီး အိမ်တိုင်ရာရောက်လာပြီးဘဝဒဿန ဖွင့်ပြခဲ့သည့် အချိန်ကစပြီး ဂျန်နှင့် အဝေးဆုံးရှောင်နေခဲ့တော့သည်။

ပို့ကို အမျိုးမျိုး တွေ့ခွင့်ကြိုးစားခဲ့သည့် ဂျန့်ကိုမြင်တွေ့လိုက်သည်နှင့် ပို့က အိမ်ပေါ်အမြန်ပြေးတက်ပြီး တံခါးပိတ်ပစ်ခဲ့သည်။

"ပို့ ... တံခါးဖွင့်ဦးကွာ၊ ရုတ်တရက်ကြီး အခုလိုဖြစ်တာဘာဖြစ်တာလဲ၊ ငါ ဘာမှနားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အိမ်အပြင်ကနေ တံခါးကိုထုပြီး အတင်းဖွင့်ခိုင်းသည့် ဂျန့်ကို ပျို့ ဂရုမစိုက်တော့။

ဂျန်ကတော့ မေမေနှင့် ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားခဲ့သည်။

"အန်တီရယ် ... ကျွန်တော် ဘာမှနားမလည်ခဲ့တာကြီးကို သူ မဖြေရှင်းဘဲ အခုလိုလုပ်တာ မကောင်းပါဘူး"

"အန်တီလည်း ဘာမှမသိဘူး သားရယ်၊ မင်းသာ သူ့ကို မေးကြည့်ပေတော့"

အန်တီ့ရဲ့မယုတ်မလွန်စကားက သူ့အတွက် အားဆေးတစ်ခွက် ဖြစ်သွားတော့သည်။

ဒါပေမဲ့ ပျို့ အခုလို ရုတ်တရက်ကြီး စိမ်းကားသွားတာကြီးကို သူ နားမလည်နိုင်သလို ခံလည်းမခံစားချင်။

ဘာကြောင့် အခုလို ပျို့ သူ့အပေါ် ရက်စက်စိမ်းကားသွားတယ် ဆိုတာကို အဖြေရှာမရပေမယ့် သူ့စိတ်ထဲကတော့ နာလည်သိရှိပြီး ဖြစ်ခဲ့ရသည်။

မမကြီးများ ပျို့ကို တစ်ခုခု ပြောခဲ့ပြီလား။

ဖြစ်နိုင်ချေများသည်။





"ပျို့ရယ် ... မင်း ခံစားနေရတာတွေကို ကိုယ် ... ကိုယ် နားလည်ပါပြီကွာ၊ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက် နားလည်မှုရှိမှဖြစ်မှာ၊ မင်း အခုလို စိမ်းကားနေတော့ ဘာမှညှိမရဘဲ တစ်ယောက်နဲ့တစ်ယောက် စိတ်ညစ်စရာတွေပဲ ဖြစ်လာမှာ၊ တကယ်တမ်း ဝေးရမဲ့အဖြစ်ကို မင်းလည်း မခံစားနိုင်ဘူး၊ ငါလည်း မခံစားနိုင်ဘူး မဟုတ်လား"

သူ့ရင်ထဲက စကားတွေက ပျို့အတွက် ခံစားလို့မရခဲ့ပေမယ့် သူကတော့ နလုံးသား အရည်တောင် ပျော်သွားရလေသည်။

ဟား ... မင်း ငါ့ကို ဒီလို လျစ်လျူရှုရင်း ငါ့ရင်ထဲက အချစ်မှိုင်းက ပိုပြီးအုံကြွပေါက်ကွဲမှာပဲ။

ဘယ်လိုမှ နေလို့မရသည့်ရင်ဖြင့် ...

ဒုတိယအကြိမ် ပျို့ကို အသည်းအသန် တွေ့ခွင့်ရဖို့ ကြိုးစားလိုက်ပြန်သည်။

ဒီကနေ့မှာတော့ ...

ကံကောင်းထောက်မစွာဖြင့် ပျို့ကို ပျို့တို့အိမ်ခြေရင်း သရက်ပင်ကြီးအောက်မှာ တွေတွေလေး ထိုင်ဆွေးနေတာ တွေ့လိုက်ရသဖြင့် သူ နှုတ်ခမ်းတစ်ချက် တင်းခနဲစေ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သူမ မှီထိုင်နေသည့် သရက်ပင်ကြီးဆီသို့ ခြေလှမ်းတွေ မှန်နှင်းရင်း အားစိုက်လျှောက်သွားလိုက်သည်။

"ဖြောင်"

ခြေသံကလေး မှန်နှင်းပါသည်ဆိုကာမှ သစ်ခြောက်ကိုင်းလေးကို တက်နင်းမိသွား၍ ဖြောက်ခနဲအမြည် တွေတွေလေး ထိုင်ဆွေးနေသည့် မျက်လုံးကလေးတစ်စုံက သူ့ဘက်ကို ဖျတ်ခနဲလှည့်လာပြီး ထရပ်လိုက်တာ တွေ့လိုက်ရသည်။

"ဒါ ... ဘယ်လဲ၊ မင်း ..."

လုစ်ခနဲ ပျို့ဆီ သူ အပြေးလျှောက်သွားပြီး ပျို့ကိုယ်လုံးလေးကို သရက်ပင် ပင်စည်ကြီးဖြင့် အတင်းဖိကပ်ချုပ်နှောင်ပစ်လိုက်သည်။

"တောက် ... နင် ... နင် ... ငါ့ကိုနော်"

"အင်း ... ဘာဖြစ်လဲ၊ သရက်ပင် ပင်စည်ကြီးကို ဖိကပ်ရုံမဟုတ်ဘူး၊ မင်းကို မိုးပေါ်ရောက်သွားအောင် ကိုင်မြှောက်ပစ်ချင်တာ"

သူက ခပ်ကြမ်းကြမ်းပင် ဖိချုပ်လိုက်တော့ ပျို့က မျက်ဝန်းကလေး မှိတ်ချကာ အံကလေး ဖိကြိတ်လိုက်သည်။





"ဒါက ဘာမှုလဲကွာ"

"နင် ... ငါ့ပခုံးကို လွှတ်နော်၊ ဒီမှာ နင် ငါ့ကို ဒီပုံစံလာမချိုးနဲ့၊ ငါ ပိုက်ဆံချမ်းသာတယ်ဆိုပြီး သိပ်အာဏာတွေ ပြင်းမနေစမ်းပါနဲ့၊ နင် အာဏာပေးချင်ရင် နင့်အိမ်နင်ပြန်ပေး၊ ငါ့ကို လာပေးစရာ မလိုဘူး ဂျန်"

"ဟား ... ဘာဖြစ်တာလဲ၊ အဲဒါ ဘာမှုလဲ၊ အေးအေးဆေးဆေး ကိုယ့်ကိုပြောပြမှပေါ့၊ ပျို့ ဘာဖြစ်တယ်၊ ဘာတွေခံစားနေရတယ်၊ ဘယ်သူ့ဆီက ဘာစကား ကြားခဲ့တယ်၊ အဲဒါတွေ တစ်လုံးမကျန် ကိုယ့်ကိုချပြောလေ၊ ကိုယ်လည်း ကိုယ့်ဘက်က မှန်ကန်ကြောင်း သက်သေပေးချင်တာပေါ့ ပျို့ရယ်၊ ဟင် ... ပြောပါဦး"

"ဘာမှ မပြောဘူး၊ နင့်ကို အရေးစိုက်ပြီးလည်း ငါဘာစကားမှ မပြောချင်ဘူး သိလား ဂျန်"

မျက်ရည်မကျပါဘူးဆိုပြီး တင်းခံထားသည့် ပျို့
ရင်ထဲက မာနတွေက လိမ့်ခနဲ ကျရှုံးသွားရပြီဖြစ်သည်။

ပျို့ မငိုပါဘဲ ဝမ်းနည်းစွာ တစ်ချက်ရှိုက်ရင်း မျက်
ရည်တစ်ပေါက် ကြွေကျသွားခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ပျိုရယ်၊ ကိုယ်ပြောတယ်၊ ကိုယ့်စိတ်ကိုယ် ဒဏ်မခတ်စမ်းနဲ့၊ အရမ်းမခံစားစမ်းနဲ့၊ သူများစကား နားမဝင်စမ်းနဲ့ ဆိုရင်ကွာ၊ အခုရော ပျို့ကို မမကြီးက ဘာတွေလာပြောသွားလဲ၊ ကိုယ် သိတယ်၊ မမကြီး ကိုယ်တို့ နှစ်ယောက်ကို ဂြိုဟ်မွှေတော့မယ်ဆိုတာ"

သူကိုယ်တိုင်လည်း ပျို့ပါးပြင်က ပိုနွေးစွာ လိမ့်စီးလာသည့် မျက်ရည်ပေါက်ကလေးကို လက်မကလေးဖြင့် ဖိသုတ်ရင်း သူပါ ကြေကွဲမျက်ရည်များ ကြေကျသွားခဲ့ရပါသည်။

ဘဝဆိုတာ ခါးသီးမှုဒဏ်ရာတွေ များပါလားဆိုတာကြီးကို ငယ်ငယ်ရွယ်ရွယ်နှင့် သူ ခံစားသိရှိလိုက်ရသည်။

"ဟား"

ခံစားရလွန်းလို့ ပျို့ပခုံးကလေးကို ဖိပုတ်ရင်း သရက်ပင်ကြီးဆီ မော့ကြည့်ရင်း လေဟားထုတ်လိုက်သည်။

"သိနေတယ်၊ မမကြီး ပျို့ကို တစ်ခုခု ပြောတော့မယ်ဆိုတာ ကိုယ်သိနေတယ်"

"ဘဝဆိုတာ ဘာလဲ၊ ငါ နားလည်သွားပြီ ဂျန်"

"ဟင် ... ဘာလဲ၊ ဘဝဆိုတာ ဘာလဲဟင်"





ဆယ့်ရှစ်နှစ်အရွယ် ချစ်သူကလေးတွေရဲ့ ရင်ထဲမှာ ဘဝဆိုတာ ဘာမှန်းမသိသေးဘူး ဆိုတာကို သူတို့နှစ်ဦးစလုံး နားလည်ခံယူမိကြတာ၊ အခုမှပဲ ပျို့ရဲ့ရင်ဖွင့်စာတမ်းကြောင့် သူ နားလည်ရတော့မည်ဖြစ်သည်။

"ဘဝဆိုတာ နှင် မသေသေးသရွေ့ မှတ်ထားလိုက်တော့ ဂျန်၊ အဆင့်အတန်း မြင့်မားလွန်းတဲ့ လူတစ်ယောက်ကို ချစ်ရတာ လမိုက်ညမှာ လမ်းလျှောက်သလိုပါပဲ ...

"အမှောင်မည်းမည်းထဲမှာ လမ်းလျှောက်ရင် ခလုတ်တိုက်မိမယ်၊ ဆူးစူးမိမယ်၊ ပိုးမွှားတိရစ္ဆာန်ရှိရင် ထိမယ်၊ အဲဒါတွေပါပဲ ဂျန်၊ ငါ နားလည်ခံစားရတဲ့ဘဝက ဒါပါပဲ"

မော့ထားသည့် ဂျန့် မျက်နှာကလေး ပြုတ်ကျသွားသလို ငုံ့ကိုင်းညွတ်ကျသွားတော့သည်။

"မဟုတ်ဘူး၊ အဲဒါတွေက တွေ့ကြုံရတဲ့ တစ်ခဏတာ ခံစားချက်ကလေးပါ ပျိုရယ်"

လို့လည်း စိတ်ထဲက တောင်းပန်ခဲ့မိသည်။

ဒါပေမဲ့ ပျိုကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝကို သူမ စိတ်နာလွန်းသည့် မျက်နှာနုနုလေးက ရင့်ကျက်တည်ငြိမ်ပြီး မိန်းမကြီးရုပ်သွင် ဆောင်ခဲ့တာ၊ သူလည်း တော်တော်ခံပြင်းသွားပါသည်။

မမကြီး ဂြိုဟ်မွှေချက်က ...

ပို့ုနှလုံးသားနုနုကလေးကို အရှိန်ပြင်းပြင်း ထိမှန်သွားခဲ့ရပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ...

ဒီလိုခံစားမှုတွေ ကွယ်ပျောက်သွားအောင် သူ ပို့ုကို တာဝန်ယူချင်သည်။

ပို့ုနှလုံးသားနုနုလေးနှင့် သူ့နှလုံးသားနုနုကလေး တစ်ထပ်တည်း ဖြစ်ချင်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ပို့ုရယ်၊ ဘဝဆိုတာ ရဲရဲရင်ဆိုင်ဖြေရှင်းမှ ရပ်တည်မှု အဖြေဆိုတာ ရခဲ့မှာလေ၊ ကြမ်းရှလွန်းတဲ့ ဒီခလုတ်ကန်သင်းတွေကို အလေးထား ဂရုစိုက်နေကြမယ်ဆိုရင် ကမ္ဘာပေါ်မှာ သူဌေးသားတစ်ယောက်က ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးကို မယူရတော့ဘူးတဲ့လား ဆိုရိုးစကား မရှိလိုက်တာကွာ"





"နင် ဆိုရိုးစကား မရှိတာ၊ နင့်ခံစားချက်၊ ငါကတော့"

"မပြောပါတော့နဲ့၊ ငါ မခံနိုင်တော့ဘူး ...

"ဟင် ... ပို့ု၊ မတူညီတဲ့ ဘဝနှစ်ခု ပေါင်းစပ်မကမယ်ဆိုရင် ငါတို့ရဲ့နှလုံးသားလေးကို အမည်းရောင် တင်ထားရမယ်လေ၊ ဘာတွေနဲ့ ပစ်ခတ် ပစ်ခတ်၊ ငါ တို့နှလုံးသားက ခုခံကာကွယ်အား ရှိရမဲ့ အမည်းရောင်ပဲ၊ နော်...ပို့ု ကိုယ်တို့ ... ကိုယ်တို့ စွန့်စားမယ်"

"ဟင့်အင်း ... ငါ မစွန့်စားဘူး"

ပို့ုမျက်ရည်ပေါက်ကလေးက သူ့နှလုံးသားတည့်တည့်ဆီ ပစ်ထိဝင်ရောက်သွားလေသည်။

သူ အငိုက်မိသွားသလို ပို့ုလည်း တိတ်ဆိတ်ငြိမ်ကျသွားလေတော့သည်။

တိတ်ဆိတ်ငြိမ်ကျသွားသည့် ...

အသိအာရုံကြားမှာ ဘူ ပို့ုမျက်ရည်ကို ဖွဖွငုံသောက်ပစ်လိုက်မိသည်အထိ သူ့ရင်ထဲက ကြင်နာမြတ်နိုးခြင်းတွေက အတိုင်းအတာ လွန်မြောက်သွားရပြီဖြစ်သည်။

"ငါကတော့ စွန့်စားမယ်"

"............"



www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်လား ပို့"

"ဟင့်အင်း ... ဟင့်အင်း ... ငါ မစွန့်စားရဲဘူး၊ ကြောက်တယ်"

ပို့အသံ တုန်ယင်ယင်လေးက သူ့နှလုံးသားကို ပိုပြီး ပြုစားလိုက်သလို မူးရီသွားတော့သည်။

ရင်ထဲက ချစ်စိတ်တွေကလည်း ပိုပြီးဆူပွက်သွားရသည်။

"စွန့်စားခြင်းဆိုတာ စွန့်စားစရာ ရလာလို့ စွန့်စားရတာပဲ ပို့ရယ်၊ လူတိုင်း လူတိုင်း စွန့်စားလို့ ရတာမှတ်လို့... ဟင်း ... ဟင် ... ပို့"

ပို့ ဘာစကားမှ မပြောနိုင်တော့သလို သူလည်း ဘာစကားမှ ဆက်မပြောမိတော့ချေ။

ရင်ထဲက တိတ်ဆိတ်သည့် ...

ချစ်ခြင်းတွေက ရှေ့အနာဂတ် ဘဝခရီးဆီသို့ တိုးတိုးတိတ်တိတ်ကလေး သယ်ဆောင်သွားရလေပြီဖြစ်သည်။





၁၃

ထီးကလေး မိုးထားသည့် အသုပ်ဆိုင်ကလေးအရှေ့မှာ သူ့ဆိုင်ကယ်လေး "ဝူး"ခနဲ ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက်က ပို့က ဆတ်ခနဲ ဆိုင်ထဲမှထွက်ပြေးဖို့ ခြေလှမ်းပြင်လိုက်လေပြီဖြစ်သည်။

ပို့လှုပ်ရှပ်တွေကို သူ မခံနိုင်လွန်းစွာ ဒေါသဖြင့် ခြေလှမ်းကျဲကြီးတွေနှင့် ပို့ဆီ လျှောက်အသွား ပို့က ဆိုင်ထဲကနေ လှစ်ခနဲ ခြေကုန်သုတ်လိုက်လေပြီ။

"ဟော့ ... နေဦး ပို့"

"ဟာ ... နင် ငါ့ကို လိုက်မနှောင့်ယှက်နဲ့နော်"

"ဘာ လိုက်နှောင့်ယှက်တာလဲ၊ မင်းနဲ့ ငါက ဘာလဲဆိုတာ သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဆိုတဲ့ စကားလုံးက ပျောက်ကန်းသွားပြီ"

ပျို့က ပြောပြောပြေးပြေး လမ်းမဆီသို့ ရောက်သွားပြီမို့ သူကလည်း အားစိုက်ကာ ပျို့ဆီသို့ ပြေးလျှောက်သွားလိုက်သည်။

အဲဒီနောက် သူ့ကို လုံးဝအတွေ့မခံဘဲ ယတိပြတ် ဖြတ်ထားရက်သည့် ချစ်သူလေးကို ဒီကနေ့မှာပဲ ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုဖြင့် နိုးပြေးဖို့ သူ အခုလို ပျို့ကိုမရအရ အမိဖမ်းလိုက်တာဖြစ်သည်။

"လာစမ်း ... နင်"

"လွှတ် ... နင် ငါ့လက်ကိုလွှတ်စမ်း ... ဟဲ့ကောင်"

"ရိုင်းစမ်း၊ ကြိုက်သလောက် ရိုင်းစမ်း၊ ငါကလည်း ကြိုက်သလောက် ရမ်းပစ်မယ်"

ပျို့လက်ကို ဆတ်ခနဲ ဆောင့်ဆွဲကိုင်ပြီး ဆိုင်ကယ်လေးဆီသို့ ဆွဲခေါ်လာခဲ့သည်။

"တက်"

"မတက်ဘူး"

"တက်စမ်း



BURMESE CLASSIC .com



လူတွေ ဝိုင်းကြည့်လာသည့်အထိ သူနှင့် ပျို့ ပွဲကြမ်းသွားရတာ။ ဓာတ်လိုက်မင်းသား မင်းသမီးတွေ ဖြစ်သွားခဲ့လေသည်။

"နင်နော် ... ငါ အော်လိုက်မယ်"

"ကြောက်မယ်ထင်လို့လား၊ အော်စမ်း ပျို့"

သူက ဘာကိုမှ ဂရုမစိုက်သည့် မျက်နှာထားဖြင့် ပျို့ခါးကို ပွေ့ချီကာ ဆိုင်ကယ်ပေါ် ဇွတ်ခနဲ ပွေ့တင်ပစ်လိုက်သည်။

အဲဒီနောက် ဟန်ဒရယ်မှာ ချိတ်ထားသည့် ဟဲမက်ကို ဆွဲဖြုတ်ကာ ပျို့ခေါင်းကလေးဆီ ခပ်ကြမ်းကြမ်း ပိတ်စွပ်ချလိုက်သဖြင့် ပျို့က ခေါင်းကလေးတခါခါဖြင့် ငြင်းဆန်နေသေးသည်။

ပျို့ အဲဒီအမူတွေကို သူ အသည်းယားပေမယ့် ကျိတ်ပြီးသည်းခံကာ နှုတ်ခမ်းကလေးကို စိတ်လှုပ်ရှားစွာ ဖိကြိတ်ပစ်လိုက်သည်။

ဒီအချိန်မှာ သူ အရမ်းစိတ်လှုပ်ရှားနေတာတွေကို သူ့ကိုယ်သူ ဆင်ခြင်ထိန်းချုပ်နိုင်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တစ်ခုက သူ့နှလုံးသွေးတွေကို တစ်ပေါက်ချင်း တစ်ပေါက်ချင်း စီးဆင်းလည်ပတ်နေခဲ့ပါသည်။

သို့သော် ရင်ထဲက လျှို့ဝှက်ချက် စကားလုံးတွေကို ဒီအချိန်မှာ ချစ်သူလေးကို ဖွင့်ပြောလို့ မဖြစ်သေး။

"ပျို့ ... ကိုယ် မင်းကို ခိုးပြေးလာခဲ့ပြီ"

ဆိုသည့် ရင်ထဲက စကားတွေကိုသာ ပျို့ ကြားသိလိုက်ရရင် ဒီဆိုင်ကယ်ပေါ်ကနေ ချက်ချင်း ခုန်ဆင်းသွားမှာ သေချာသည်။

"ဒါ ... ဒါ ဘယ်ကိုမောင်းနေတာလဲ"

"တွေ့ရာလမ်း"

သူက စိတ်လှုပ်ရှားသံဖြင့် အကျယ်ကြီး အော်လိုက်တော့ ပျို့က ခဏငြိမ်သွားပြီးမှ သူ့ကျောပြင်ကို တဗုန်းဗုန်းထုရိုက်လာခဲ့သည်။

"ငါ ဘယ်သွားမှာလဲလို့ မေးနေတယ်"

"ပြောရင် မင်း လန့်သွားမှာပေါ့"

"ဂျန် ... နင် ငါ ခုန်ချလိုက်မှာ၊ ငါ့ကို ဒီလိုမရမ်းနဲ့၊ ငါ ခုန်ချပြီး အသေခံမှာ"





ပျို့အသံ တုန်ယင်ယင်လေးက သူ့နှလုံးသားတစ်ခုလုံးကို တုန်ယင်မှုးဝေသွားခဲ့ရသည်။

ဒါပေမဲ့ မာန်ကိုယ်ဖို့ စကားနှင့်အညီ ...

"ခုန်ချစမ်း၊ ငါလည်း သေရဲတယ်၊ ရာဇဝင်မှာ စာတင်လို့ရသွားတာပေါ့၊ ဆိုင်ကယ်တစ်စီးနဲ့ ခိုးပြေးလာတဲ့ ချစ်သူနှစ်ယောက် လမ်းမှာ ဆိုင်ကယ်မှောက်ပြီးသေ ..."

"မပြောနဲ့ ... မပြောနဲ့ ... ဟင့် ... ဟင့် ... နင် ငါ့ကို သတ်နေတာ၊ သတ်နေတာ"

သူ့ကျောပြင်ကြီးမှာ မျက်နှာလေးအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည့် ချစ်သူလေးကို သူ အခုချိန်မှာ ချော့မြူခွင့်မရခဲ့ဘဲ ဆိုင်ကယ်ကိုသာ အရှိန်ပြင်းပြင်းသတိထား မောင်းလာခဲ့တော့သည်။

ဦးတည်နေသည့် လမ်းကြောင်းက ရန်ကုန်သွားသည့် နယ်မြို့လမ်းသစ်ကလေးဆီ။

သူ့မှာ နယ်မြို့ရွာကလေးက အခင်ဆုံးသူငယ်ချင်း ဆလွင့်အိမ်ကိုပဲ ဦးတည်ချက်ရှိခဲ့သည်။

ဒီအချိန်မှာ သူ့ခါးလေးကိုဖက်ပြီး ကျောပြင်ကလေးကို မျက်နှာလေးအပ်ကာ တအိအိ ငိုကြွေးနေသည့် ချစ်သူလေး



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေကိုလည်း ဂရုမစိုက်နိုင်တော့ဘဲ ခါးကိုပဲတင်းတင်းဖက်ဖို့ သတိပေးလိုက်ရသည်။

"ငါ့ခါးကို တင်းတင်းဖက်ထား၊ ပြုတ်ကျသွားမယ်"

"ပြုတ်ကျလို့ သေသွားရင် အကောင်းဆုံးပဲ၊ အကောင်းဆုံးပဲ"

ချစ်သူလေးရဲ့ ငိုရှိုက်ရန်တွေ့သံတွေကို သူ လျစ်လျူရှုပြီး ဟိုးအဝေးမှာ ပျပျလေး လှမ်းမြင်နေရသည့် ဝေလွှင်တို့နယ်မြို့ရွာကလေးကို အားရိုတက်ကြွစွာ ပြုံးကြည့်ရင်း အခုမှ ရင်ထဲက မောခဲ့ရသမျှ အမောပြေကျသွားသလို ခံစားလိုက်ရတော့သည်။

"ဟား ... ရောက်တော့မယ် အချစ်ကလေးရဲ့၊ ရင်တွေ ခုန်လိုက်တာကွာ"

ဆိုင်ကယ်လေးကို အရှိန်လျှော့ချပစ်လိုက်ကာ ချစ်သူလေးလက်ကလေးကို နွေးနွေးလေး ဆုပ်ကိုင်လိုက်သည့် အချိန်မှာ အေးစက်စက် လက်ကလေးတွေက ...

မို့ ဘယ်လောက်အထိ ကြောက်ရွံ့တုန်လှုပ်နေသည်ဆိုတာကို သူ ခံစားသိလိုက်ရသည်။





ကိုယ်ချင်းစာစိတ်ဖြင့်လည်း သနားကြင်နာသွားရကာ ချစ်သူလေးကို ဆထက်ထမ်းပိုးတိုးပြီး ပိုချစ်ကြင် မြတ်နိုးသွားရသည်။

"သိပ်ကြောက်နေသလား မို့ ... ဟင်"

သူက မို့ ကြားရုံ အသံဖွဖွကလေးနှင့် ကြင်နာစွာ မေးလိုက်သည်။

အဲဒီခဏမှာ မို့ ဖြေလိုက်သည့် စကားလေးက သူ့နှလုံးသားလေးကို အရှင်လတ်လတ် မီးလောင်တိုက်ထဲ သွင်းပစ်လိုက်သလို ခံစားလိုက်ရသည်။

"ငါ ကြောက်နေတာက နောင်ဖြစ်လာမယ့် ငါတို့နှစ်ယောက်အတွက် တစ်ဘဝလုံးစာပါ ဂျွန်"

တဲ့လေ ...။

ငါ ဘယ်လို ခံစားရတော့မလဲ မို့ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ရပ်ကွက်လူကြီးတွေနှင့် အသိသက်သေထားပြီး လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးသွားသည့်အချိန်မှာ သူနှင့်ပျို တရားဝင်လင်မယား ဖြစ်သွားတော့သည်။

လက်မှတ်ထိုးပြီး လူကြီးတွေ ပြန်သွားသည့်အချိန် သူငယ်ချင်းကလည်း သူတို့အနားကနေ အလိုက်တသိ ထရှောင်ပေးသည့်အချိန်မှာ သူက လက်မနှေးဘဲ ပျို့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်မိရက်သား ဖြစ်သွားရသည်။

"ပျို အခုချိန်ကစပြီး ကိုယ်တို့ ဘာမှ စိုးရိမ်စရာမလိုတော့ဘူးနော်၊ မောခဲ့ရတဲ့ အမောတွေလည်း ပြေသွားပြီ။ ဒီက





ဇနီးလေး မျက်ရည်တွေက ကိုယ့်ကို တကယ် ရင်မောခဲ့ရတာ။ အခုတော့ ချစ်မျက်ဝန်းလှလှလေးကြောင့် အမောလည်းပြေ ပိုပြီးလည်း ရူးရတယ်"

ကဗျာဆန်သည့် စာသားတွေကို ...

သူချစ်သည့် ဇနီးလေးက ရင်ခွင်ထဲကနေ တိတ်တိတ်ကလေး နှာထောင်နေပုံလေးကို သူ ပိုပြီး မြတ်နိုးသွားရသည်။

"ဟော ... စကားပြောလေကွာ၊ ဘာလို့ ငါ့ရင်ဘတ်ကြီး မျက်နှာအပ်ပြီး မျက်လုံးတွေ မှိတ်ထားရတာလဲ"

"ဟာ ... ဖယ်စမ်းကွာ စိတ်ညစ်တယ်"

သူက ပျို့မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ပင့်ညှပ်ပြီး အတင်းမော့ပစ်လိုက်သည်။

အခုမှ အသစ်စက်စက် ချစ်ဇနီးလေးကလည်း အရှက်သည်းစွာဖြင့် သူ့ရင်ဘတ်ကြီးမှာ မျက်နှာလေးပွေ့အပ်ထားရာမှ နည်းနည်းမှမခွာဘဲ အတင်းပြန်ဖိကပ်ထားလိုက်သည်။

"ဟား ဟား ... ရှက်နေလိုက်တာများ သနားစရာကလေး၊ ကရော် ... ကရော်"



www.burmeseclassic.com

www.burmeseclassic.com

သူက ပျို့ချိုင်းအောက်ကို ကလိထိုးလိုက်သဖြင့် ပျို့ကိုယ်လုံးလေး တွန့်လိမ်သွားပြီး ဝှက်ထားသည့် မျက်နှာလေး ပင့်မော့လာသည့်အချိန် သူက နှာခေါင်းမနေးဘဲ လှစ်ခနဲ ငုံ့နမ်းမိရက်သား ဖြစ်သွားရသည်။

"ဟာ ... သိပ်မုန်းတာပဲ၊ သွား ... သွား"

"ဘယ်ကိုသွားရမှာလဲ အိပ်ရာထဲကိုလား"

"သိပ်မုန်းဖို့ကောင်းတာပဲ၊ သူများကို သူ့သူငယ်ချင်းအရှေ့မှာ မိန်းမလို့ခေါ်တာ သိပ်ဆိုးတာပဲ"

"မိန်းမမို့လို့ မိန်းမခေါ်တာ ဘာစိတ်ဆိုးစရာရှိလဲ၊ မဟုတ်လို့လား၊ မိန်းမ ပျိုကညာ၊ ငါ့မိန်းမ ... မိန်းမ ပျိုကညာ၊ ငါ့မိန်းမ ..."

ပြောနေရင်း တန်းလန်းကနေ သူက ပါးစပ်ကြီးကို လက်သီးဆုပ်ကြီးတင်ပြီး မိုးကောင်းကင်ကိုမော့လျက် "မိန်းမ ပျိုကညာ၊ ငါ့မိန်းမ ... မိန်းမ ပျိုကညာ၊ ငါ့မိန်းမ"ဟု အော်လိုက်ပြန်သဖြင့် ပျို ခေါင်းမဖော်ဝံ့အောင် အရှမ်းရှက်သွားကာ သူ့ရင်ဘတ်ကြီးကို တဘုန်းဘုန်း ထုထိုက်ပစ်လိုက်မိတော့သည်။

"သွား ... သွား ... သိပ်မုန်းတယ် ... ဘုန်း ... ဘုန်း"





"ဟာ ... ဟော့ လွန်ပြီနော်၊ ချစ်သူဘဝလို ကိုယ် ဟန်ဆောင်ပန်ဆောင် သည်းခံမှာ မဟုတ်ဘူးနော်၊ အခုက လင်မယားပိုင်သွားပြီ၊ လုံးဝ သည်းမခံတော့ဘူး"

"ဂျန်နရီထွင့်ခေါင်"

"ဟာ ... ဘယ်လိုကြီး ခေါ်လိုက်တယ်"

သူက ချက်ချင်း မကျေနပ်သွားပုံဖြင့် မျက်မှောင်ကြီးရှုံ့ကာ ပျို့ကို ငုံ့ကြည့်လာသဖြင့် ပျိုကလည်း စိတ်ကောက်သလို ခြေကလေး ပိတ်ဆောင့်ပစ်လိုက်သည်။

"ဘယ်လိုခေါ်တယ်"

"နင့်နာမည်ခေါ်တာပဲ၊ အခုမှ နာမည်အရင်းကို သိရတော့တယ်၊ သူ့ကိုယ်သူ တစ်လုံးတည်းနာမည် ဂျန် ဆိုပြီး"

သူ့မျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်သွားသလို ပျို့ပါးပြင်ကလေးကို ဖွဖွကလေးလိမ်ဆွဲရင်း မျက်လုံးအကြည့်တွေ ရီတီရွေးမြသွားကာ ခြောက်ကပ်နေသည့် နှုတ်ခမ်းကလေးကို လျှာသိမ်းလိုက်သေးသည်။

ဟင်း ... ယောက်ျားဖြစ်ပြီး အိုက်တင်ကလည်းဖမ်းသေး။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အိုက်တင်အဖမ်းကောင်းသည့် ဂျန့်ကို ပျို သိပ်ချစ်ခဲ့ရတာဖြစ်သည်။

အခုလို ပျိုရဲ့ခင်ပွန်း ဖြစ်လာပြီဆိုတော့လည်း ... ပိုင်နိုင်သေချာစွာ ချစ်ခွင့်ရသွားခဲ့ပြီဖြစ်သည်။

"အဟား ... အဲဒါ ပျိုလေးကို သိပ်ချစ်လို့၊ နင့်မို့ဆိုခင်ဗျားက နားကြားမြင်းကတ်အောင် အခုလို နာမည်အပြည့်အစုံကြီး ခေါ်ဦးမယ် မဟုတ်လား"

"ခေါ်မှာပဲ"

"ဒါဆို အခု ခေါ်ရဲရင် ခေါ်ကြည့်လိုက်စမ်း"

ကိုယ်လုံးကလေးတင်းပြီး ခေါင်းကလေးမော့ကာ ပျို့ကို ရှုတည်တည်ကြီးစိုက်ကြည့်လာသဖြင့် ပျိုက မျက်စောင်းကလေးခဲရင်း ကိုယ့်ဘဝကိုယ်သတိရကာ မျက်လုံးကလေးတွေ အရောင်ညှိုးမှေးသွားတော့သည်။

မတူညီတဲ့ဘဝနှစ်ခုကို ပေါင်းစပ်ထားသည့် ဘဝတစ်ခုကိုလည်း ကြည်နူးပျော်ရွှင်ခွင့်ရမှာ မဟုတ်ဘူး ဆိုတာကို ရင်ထဲက နားလည်လိုက်သည်။





"တော်စမ်းပါ ဂျန်ရယ်၊ နင်က ဘာအပူအပင်မှ မရှိဘဲ လျှောက်ပြောမနေစမ်းပါနဲ့၊ ငါ့ရင်ထဲမှာ တကယ်ပူလောင်တယ် ဂျန်၊ နင်နဲ့ ငါ့ဘဝဟာ ဒီအတိုင်းသမားရိုးကျ တစ်သမတ်တည်း သွားလိမ့်မယ်လို့ နင် ထင်သေးလို့လား"

"ဟာကွာ ... တရားဝင်စာချုပ်မှာ လက်ထပ်ပြီးပြီလေ၊ ဘယ်သူတွေခွဲခွဲ မကွဲတော့ဘူး၊ ဘယ်သူခွဲခွဲမခွဲခွဲ အမြဲစည်းလုံးပြီး မင်းဘဝနဲ့ ကိုယ့်ဘဝက ..."

"အရေးထဲ ဂျန်ရယ် နင့်ရင်ထဲမှာ ဘာမှ အပူမရှိပေမယ့် ငါကတော့ ပူတယ် ဂျန်"

"အင်း ... ပူပါ ... ပူပါ၊ ဒါပေမဲ့ အခုတော့ ပူလို့မရသေးဘူးနော်၊ လေးငါးလလောက်တော့စောင့်"

"ဂျန် သေချင်းဆိုးလေး"

"မဆဲနဲ့ ချစ်သည်း၊ ကိုယ့်ကို မဆဲနဲ့"

ဂျန်က ခါးနှစ်ဖက်ကို ဖျတ်ခနဲ ပိတ်ထောက်ပြီး ရင်ကော့ ခြေထောက်ကြွကာ လည်ပင်းလေးကိုပါလိမ်ပြီး ခေါင်းတစ်ချက်ခါလျက် ရာဇာနေဝင်းအိုက်တင်ဖမ်းကာ ပြောလိုက်သဖြင့် စိတ်တွေ ထွေနေသည့်ကြားက နှုတ်ခမ်းစေ့ပြီး ပြုံးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ"

ပျို့က သူ့လက်မောင်းကြီးကို ဆွဲခါပြီး ပိတ်တွန်းလိုက်တော့ သူက ခေါင်းတစ်ချက်ညိတ်ကာ ပျို့လက်ကလေးကို ဖမ်းဆွဲလိုက်သည်။

အဲဒီနောက် ပန်းချုံတစ်နေရာကို ဆွဲခေါ်သွားခဲ့သဖြင့် ပျို့က အလိုက်သင့်ကလေး သူနှင့်ယှဉ်ပြီး လိုက်သွားလိုက်မိတော့သည်။

"ဘယ်သွားမလို့လဲ"

"မအိပ်ခင် ဖိုးလမင်းကို လက်ထပ်ညအမှတ်တရ ချစ်သက်သေတိုင်တည်မယ်လေ"

ဂျန်ကတော့ တကယ့်ကို ဘာအပူအပင်မှမရှိ။

ကြည်လင်ဝင်းဖန့်နေသည့် ဂျန့်မျက်နှာချောချောလေးက လရောင်အောက်မှာ ထင်းခနဲပေါ်လွင်လွန်းနေတာ ပျို့အတွက် ရင်ခုန်စရာအတိ ဖြစ်ခဲ့သည်။

ဘယ်လိုအခြေအနေမျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ ပျို့ ဂျန့်ကို ဘယ်တော့မှ မမုန်းစတမ်း ရင်ထဲအသည်းထဲကကို နင့်နင့်နဲနဲ ချစ်ခဲ့ပါသည်။





ငါတို့နှစ်ယောက်သာ ဘဝချင်းညီမျှလိုက်ရင် အခုချိန်မှာ ငါ့ရင်ထဲမှာ အခုလို စိုးရိမ်သောက ဗျာပါဒတွေ မဝင်ဆောင်းခဲ့ရဘူးပေါ့ ဂျန်။

နင့်လိုပဲ ဆန်းသစ်တဲ့ ခံစားချက်တွေနဲ့ ငါ ပျော်နေမိမှာပါ။

အခုတော့ ငါ့ဘဝက ...

"ဟော့ ... ချစ်သည်း၊ ဘာဖြစ်လဲ ပြောပါဦး"

မျက်လုံးအရောင်တွေ ညှိုးဖျော့သွားသည့် ပျို့ကို ဂျန်က တစ်ချက်ငုံ့ကြည့်ရင်း ပန်းချုံအစပ် ထင်းထင်းသာသည့် လရောင်အောက်က မြေကြီးပေါ်မှာပဲ တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။

ဆောင်းဘိရှည်လေး ဝတ်ထားသည့် ဂျန့်ပေါင်သားလေးက လူကြီးတစ်ယောက်လို အဖိအဖောင်း မပြည့်သေးတာလေးကိုကြည့်ပြီး ပျို့ တစ်ချက်ပြုံးမိသည်။

အခုလိုအရွယ် ကောင်လေးက လူကြီးအဆန်ဆုံး လက်ထပ်ခြင်းကို ပြုလုပ်ခဲ့တာသာ သူ့မိဘတွေသိသွားရင်...



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူမလို အောက်တန်းစားမိန်းမတစ်ယောက်ကို ကောက်ယူလိုက်တာသာ သိလိုက်ရင်ဖြင့် ရင်ဘတ်ထုသွေးအန်မည်ဖြစ်သည်။

"ဟော့ ... မိန်းမ၊ ချစ်သည်းလေး ပျိုကညာလေး"

"ကညာတွေစာတွေ သိမနေစမ်းပါနဲ့ ဂျန်ရယ်၊ အခုလောက်ဆိုရင် နင့်အိမ်က မေမေ့ကို လာပြီးသောင်းကျန်းနေလောက်ပြီ၊ ပြီးတော့ ..."

"တော်စမ်းပါကွာ၊ ပျိုနဲ့ကိုယ်က တရားဝင်လင်မယားဖြစ်သွားပြီ၊ ဘယ်သူမှ ကန့်ကွက် တားဆီးလို့ မရတော့ဘူး သိလားဟော့"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နင့်မိဘတွေက ပိုက်ဆံအရမ်းချမ်းသာတယ်လေ၊ ပိုက်ဆံချမ်းသာတော့ ငါ့ကို နင်နဲ့ အဝေးဆုံးဖြစ်အောင် ပါးစပ်ကလေးနဲ့မှုတ်လိုက်တာနဲ့ လွင့်ထွက်သွားအောင် လုပ်လို့ရတယ် ဂျန်ရဲ့၊ နင်က ငါ့နေရာ ဝင်မခံစားရဘဲနဲ့"

"ကဲ ... ကဲ ... ဒေါ်ပျို ... မင်း သံသယတွေပဲ ဝင်နေဦးမှာလား၊ ဖိုးလမင်းကို တိုင်တည်မှာလား ပြော"





တစ်ချက်တည်သွားပြီဖြစ်တဲ့ ဂျန့်မျက်နှာကိုကြည့်ပြီး၊ ငိုမဲ့မဲ့ဖြစ်နေသည့် ပျို့မျက်နှာကို တည်ပစ်လိုက်ရသည်။

"ဖိုးလမင်းကို ဂျန်က ဘာတိုင်တည်မှာလဲ"

"ပျို ကိုယ့်ပေါင်ပေါ် ခေါင်းအုံးအိပ်လိုက်၊ ကိုယ် ပြောပြမယ်"

သူက ပြောပြောဆိုဆို ပျို့ခေါင်းကလေးကို လက်နှစ်ဖက်ဖြင့်ဖိနှိမ်ပြီး သူ့ပေါင်ပေါ်သို့ တင်စေလိုက်သည်။

"ဟာကွာ ... ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတာပဲ ပြောပါ"

"Feeling ပြည့်အောင်လို့ပါ ပျိုရယ်"

ပျိုလည်း ဘာမှ ပြန်မပြောဖြစ်တော့ဘဲ ရင်ခုန်လေးနက်သည့် မျက်ဝန်းကလေးဖြင့် သူ့ပေါင်ပေါ်မှာ ခေါင်းအုံးရင်းက သူ့ကို မော့ကြည့်ကာ သက်ပြင်းကလေး ရှိုက်လိုက်သည်။ သူကတော့ ဘာအပူအပင်မှမရှိသလို ပျို့ကို နွေးနွေးလေးပြုံးစိုက်ကြည့်ပြီး ပျို့ဆံပင်အိအိကလေးကို ခေါင်းငုံ့လေမှုတ်ကစားလိုက်သေးသည်။

"ကိုယ် ညတိုင်း ညတိုင်း စိတ်ကူးယဉ်ခဲ့ရတဲ့ ဒီဘဝလေးကို အခုမှပဲ ရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပျို့က သူ့ရင်အုံဆီသို့ လက်ကလေးတစ်ဖက်ဖြင့် ဖိလိုက်ရင်းက မျက်ဝန်းကလေးကို တင်းတင်းမှိတ်ချပစ်လိုက်သည်။

အခုလောက်ဆိုရင် မေမေ့ကို သူ့အမေနဲ့ အစ်မ ဘယ်လောက် နှစ်ပြားမတန်အောင် ပြောဆိုနေလိုက်မလဲ။

ဒီပုံရိပ်တစ်ခုက ပျို့မျက်ဝန်းမှတစ်ဆင့် နှလုံးသားဆီသို့ ပူလောင်စွာ ထိုးထွင်းဝင်ရောက်သွားပါသည်။

ပူလောင်သည့် ရင်ထဲက ခံစားချက်မျက်ဝန်းတွေဖြင့် ဂျန့်ကို ငေးငေးကလေး မော့ကြည့်ကာ ...

"စိတ်ကူးယဉ်တာ အပြင်လက်တွေ့ဘဝမှာ ကွာခြားလွန်းပါတယ် ဂျန်၊ အခုချိန်လောက်ဆို နင့်မိဘတွေ ငါတို့နှစ်ယောက်အခြေအနေကိုသိပြီး မေမေ့ကို ဘယ်လောက်ပြောဆိုနေပြီဆိုတာ ငါ့နှလုံးသားက ကြားနေရတယ် ဂျန်"

"ဟား ... ဒါတွေကို မတွေးချင်ပါဘူး၊ ပူလောင်လွန်းလို့ပါ ပျို့၊ ဒါပေမဲ့ မတွေးချင်ဘဲ ဖြစ်တည်ခဲ့ပြီလေ၊ ကိုယ်နဲ့မင်းဘဝရေ့ရေးကို ကိုယ် အားလုံး စီမံကိန်းဆွဲပြီးပါပြီ"

"ပြောပါဦး ဂျန်၊ ငါ စိတ်တွေ မွန်းကျပ်နေရပြီ"





"အဲဒီလို ကိုယ့်စိတ်ကိုယ် အရမ်းနှိမ်ချမထားရဘူးလေ ပျို့ရဲ့၊ စိတ်ဓာတ်ကို အရာရာ သစ်လွင်တောက်ပအောင် Confidenceထားရမယ်၊ ယုံကြည်ချက်ရှိမှ လက်တွေ့ဖြတ်သန်းရတဲ့ဘဝအသိကို ဒဏ်ခံနိုင်မှာလေ ပျို့ရဲ့"

"ဟင့်အင်း ... ငါ့ရင်ထဲမှာလေ အခုချိန်မှာ ငိုချင်တယ်"

"ပျို့ အရမ်းစိတ်မပျော့ရဘူးလေ၊ ကိုယ် ပြောမယ် ကိုယ်တို့နှစ်ယောက်ကို ကိုယ့်မိဘတွေ သဘောမတူဘူးဆိုတာ ကိုယ်သိတယ်၊ ကိုယ်ကလည်း ကိုယ့်မိဘတွေကိုအားကိုးပြီး သူတို့ရင်ခွင်မှာ မှီတွယ်နေမယ့် ခပ်ညံ့ညံ့ကောင် မဟုတ်ပါဘူး ...

"ပျို့ ကိုယ့်ကို လက်ထပ်လိုက်ရလို့ ဘယ်တော့မှ စိတ်မဆင်းရဲရဘူး ပျို့၊ နားလည်လား"

ပြောရင်းနှင့် သူလည်း ငိုရှိုက်သံတွေစွက်သွားရပြီဖြစ်သည်။ ရင်ခွင်ထဲမှာ မျက်နှာလေးအပ်ပြီး တိတ်တိတ်ကလေး ကျိတ်ငိုနေသည့် ပျို့ကိုယ်လုံးလေးကိုလည်း တင်းတင်းကြီးပွေ့ဖက်ပြီး သူလည်းပဲ ပျို့ မသိအောင် မျက်ရည်ကျနေရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆိုရင် မာမီ ဘယ်လိုခံစားရမယ်ဆိုသည့် ခံစားမှုအသိက သူ့ရင်ကို ပူစေခဲ့သည်။

သို့သော် ချစ်သူလေးကို လမ်းခွဲရမည့်အဖြစ်ထိတော့ သူ အကြေပျက်မခံနိုင်ပါ။

အခုချိန်မှာ မာမီ သူ့ကြောင့် မျက်ရည်ကျခဲ့တာကို သူ မမြင်ရက် မကြားရက်ဘဲ ချစ်သူလေးကို ပိုင်ဆိုင်ရယူစိတ်တွေက ကြီးစိုးသွားခဲ့ပြီမို့ "ခွင့်လွှတ်ပါတော့ မာမီရယ်"လို့ပဲ ဒူးထောက် တောင်းပန်ရတော့မည်ဖြစ်သည်။

တစ်ယောက်တည်း သူ တိတ်ဆိတ် ကြေကွဲသွားသည့်အချိန်မှာ ငိုရှိုက်သံလေးဖြင့်ပြောလာသည့် ပျို့အသံလေးက သူ့အသည်းကို မီးလောင်မြိုက်သွားတော့သည်။

"ဒါပေမဲ့ ဂျန်ရယ် ငါ့ရင်ထဲမှာလေ နင့်ကို လက်ထပ်လိုက်ရတာ တစ်စက်မှမပျော်ဘူး လေးနေတယ်၊ တစ်ခုခုဖြစ်လာမှာကိုလည်း စိုးထိတ်နေတယ်"

"ဘာမှ စိတ်မဆင်းရဲစမ်းနဲ့ ပျို့ရယ်၊ ကိုယ် ပျို့အတွက် အများကြီးစဉ်းစားပြီးသား၊ စင်ကာပူမှာ ကိုယ့်အဘိုးအဘွား တွေရှိတယ်၊ အဲဒီမှာ ကိုယ်တို့နှစ်ယောက် အလုပ်လုပ်ရင်း





ငါးနှစ်လောက်နေလိုက်မယ်၊ ငါးနှစ်လောက်နေပြီး အလုပ် လုပ်ရင်း ငွေစုမယ်၊ အဲဒီအချိန်အထိ ဒက်ဒီတို့ မာမီတို့ လက်မခံသေးဘူး ဆိုရင်လည်း ရန်ကုန်မှာပဲ ပြန်အခြေချ ပြီး စုမိတဲ့ငွေနဲ့ စီးပွားလုပ်ကြမယ်"

ဂျန်က စကားဖြတ်ပြီး ကောင်းကင်ကြီးကို တစ်ချက် မော့ကြည့်ပြီးမှ ...

"ရန်ကုန်မှာပဲ ပျို့ရယ်၊ ပျို့မေမေရယ်၊ ကိုယ်ရယ် ပြီးတော့ ကိုယ်တို့ရလာမယ့် သားသမီးတွေရယ်၊ မိသားစု တစ်ဘဝ ငြိမ်းငြိမ်းချမ်းချမ်း ထူထောင်ကြတာပေါ့နော်၊ ပျို့ ဘာမှ စိတ်မဆင်းရဲနဲ့နော်၊ ကြည့်စမ်းပါဦးကွာ ဒီနေ့ညက လပြည့် ည၊ ကောင်းကင်ကြီးမှာ လမင်းကြီးတစ်ကိုယ်တည်းသာနေ တာ ကြည်နူးစရာကောင်းပေမယ့် တစ်ကိုယ်တည်းဆိုတော့ ပျင်းစရာကြီးနော်"

သူ့ရင်ထဲက ခံစားချက်တွေ တစ်ဝက်ပေါ့ကျသွား သလို ချစ်သူဇနီးကလေးကို ကြည်နူးပျော်ရွှင်စေသည့် စေတနာ သက်သက်ဖြင့် သူက ဖိုးလမင်းကို လက်ညှိုးထိုးရင်း ကဲ့ရဲ့လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဖိုးလမင်း သူ့ဘာသာသူနေတာပဲ စေဖန်နေ"

"မဟုတ်လို့လား၊ ကိုယ်တို့လို သူ့ခမျာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် တိုင်ပင်လို့ရတဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်မှ မရှိတာ၊ အဲဒါ ပျင်းစရာမကောင်းလို့ ပျော်စရာဖြစ်လာ မလား ... အဟား ဟား၊ ချစ်သည်း ကဲ ... ကောင်းကင်ကြီးကို မော့ကြည့်ပါဦး၊ ကိုယ်တို့ ဖိုးလမင်းကို လက်ထပ်ညအမှတ်တရ ချစ်သက်သေတိုင်တည်ရအောင်"

"ဂျန်ပဲ အရင်တိုင်တည်ပါ၊ ပြီးတော့မှ ပျို လိုက်တိုင်တည်မယ်"

ပျိုက စိတ်လွတ်ကိုယ်လွတ်ကလေး မဲ့မဲ့ရွဲ့ရွဲ့ပြော လိုက်လျှင် သူ ကျေနပ်သွားရကာ ပျို့ကို အတောက်ဆုံးမျက်လုံးကလေးဖြင့် စိုက်ကြည့်ပြီး ...

"စကားမရှည်စမ်းနဲ့ မင်းဟာ ငါ့မိန်းမ ငါ့စကားနားထောင်"

"နားထောင်ပါ့မယ်တော်၊ နားထောင်ပါ့မယ်၊ တကတဲ အမိန့်တွေက ရှေ့လျှောက် တသီတပိုးကြီး လာတော့မယ်၊ ငါ သူဌေးဆိုပြီး"





"ဟဲ့ ဟဲ ... ဒီလိုမှပေါ့၊ အခုကတည်းက ကြောက်ထားမှ နောက် ငါ့ကို မဆိုးရဲမှာ၊ ကဲ ... ဟော့ ထစမ်း၊ ထဆိုရင် ထစမ်း နေးမနေနဲ့"

ဂျန်က ပျို့မေးစေ့လေးကို ဆွဲမော့ပြီး ခါးနှစ်ဖက်ကို ပင့်မြှောက်လိုက်သည်။

"စိတ်ညစ်ဖို့ကောင်းလိုက်တာ"

"ပျော်စရာကောင်းလိုက်တာကြီးကွာ"

နှစ်ယောက်သား မတ်မတ်ကလေးရပ်ပြီး ကောင်းကင်ကြီးကို ပြိုင်တူမော့ကြည့်ရင်း တစ်ယောက်မျက်နှာကို တစ်ယောက် မရည်ရွယ်ဘဲ ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

မရည်ရွယ်ဘဲ ပြိုင်တူလှည့်ကြည့်လိုက်သဖြင့် နှစ်ယောက်စလုံး မတိုင်ပင်ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်မိကြပြန်သည်။

"အဟား ဟား ဟား"

"အဟင်း ဟင်း ဟင်း"

အသစ်စက်စက် ဇနီးမောင်နှံလေးရဲ့ရယ်သံ၊ လွင်လွင်လေးတွေက ကဗျာဆန်စွာ မိုးကောင်းကင်က ဖိုးလမင်းကြီးကို အားကျစဖွယ် ဖြစ်သွားခဲ့ရပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပြင်ပေါ်က အချစ်ဆုံး စုံတွဲနှစ်ယောက်အတွက် အပျော်ဆုံးကမ္ဘာတစ်ခု မဖြစ်ခဲ့တော့ဘူးဆိုတာကိုတော့ ခြံထဲကို ဝူးခနဲမောင်းဝင်လာသည့် ကားသံကြီးက သက်သေထူပြလိုက်ပြီဖြစ်သည်။ အဲဒီအချိန်မှာ ပျို့တို့နှစ်ယောက် ...

ရယ်သံလေးတွေ တိခနဲ တိတ်ကျသွားသလို ကြက်သေသေ ကြောင်အသွားသည့် မျက်လုံးတွေဖြင့် သတိလက်လွတ်ဖြစ်သွားသည့် ပျို့မျက်ဝန်းအစုံက ထိုကားကြီးဆီ ငေးခနဲကျရောက်သွားလေတော့သည်။

ဂျန်ကလည်း သတိလက်လွတ် အရူးအမူးဖြစ်သွားကာ ပျို့လက်ကလေးကို ဆွဲကိုင်ပြီး ...

"ပျို့ ငါတို့ လွတ်အောင်ပြေးကြစို့ လာ ... လာ"

"ဟင့်အင်း ... ငါတို့ ဘယ်လိုမှ မလွတ်တော့ဘူး၊ ငါတို့ သစ္စာဆိုကြစို့ ဂျန်"

"ဟာ ... ပြေးမယ် ... ပြေးမယ်"

"မပြေးဘူး ဂျန်၊ ငါ ရင်နဲ့ရင်းပြီး သစ္စာဆိုမယ်၊ အခု ငါတို့နှစ်ယောက် မပေါင်းဆုံခဲ့ရပေမယ့် နင်နဲ့ ပေါင်းဆုံခွင့်ရတဲ့ အခွင့်အရေးရတဲ့အချိန်အထိ ငါ နင့်ကို စောင့်နေမယ်၊ နင်လည်း သစ္စာဆို ဂျန်"





"ငါ နင့်အတိုင်းပဲ သွားမယ် ပြေးမယ်"

ဂျန်ကတော့ အရူးအမူးကို ပြေးဖို့ပြင်ဆင်ရင်း ပျို့လက်ကလေးကို ပြုတ်ထွက်မတတ် ဆောင့်ဆွဲနေလေသည်။

"ဟော့ ... ရပ်လိုက်စမ်း၊ ဂျန်နရီထွက်ခေါင် ... မင်း"

"မာမီ"

"ဒက်ဒီ"

"မမကြီး"

ဂျန်က သွေးရူးသွေးတမ်း ဖြစ်သွားသလို ပျို့ကို လွတ်ထွက်မှာ အစိုးရိမ်လွန်ပြီး တင်းနေအောင်ဖိတ်ဖက်ရင်း သူ ခေါ်လိုက်သည့် မျက်နှာသုံးစုံနှင့် သူစိမ်းယောကျာ်းသုံးယောက်ကြားမှာ ပျို့ကို အကာအကွယ် ယူလိုက်တော့သည်။

"ဟော့ ... ဂျန်၊ မင်း မာမီတို့နဲ့ အေးအေးဆေးဆေးပြန်လိုက်ခဲ့"

ကြောက်စရာ ကောင်းလွန်းသည့် ဂျန့်မာမီရဲ့မျက်နှာကိုကြည့်နေရင်းမှ ပျို့မျက်လုံးတွေ ပိန်းသွားရတော့သည်။

"ဟော့ ... မောင်မဲတို့သုံးယောက်"

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ ခင်ဗျားတို့ ဘာလုပ်တာလဲ၊ ပျို ငါ့ကိုဖက်ထား၊ ကိုယ့်ကိုတင်းနေအောင်ဖက်ထား၊ ငါ မင်းနဲ့အကွဲမခံနိုင်ဘူး၊ ဒီနေရာမှာ ငါ အသေခံမယ်"

ရုတ်တရက် ပျို့ကိုယ်လုံးလေးကို ယောက်ျားနှစ်ယောက်က ဂျန်ဖက်ထားသည့်လက်ကြားကနေ ဆွဲခွာလိုက်သဖြင့် ပျို လိပ်ပြာလွင့်မတတ် တုန်ယင်မှုးမိုက်သွားကာ မျက်လုံးတွေထဲမှာ ရောင်စုံမီးတွေ ပွင့်ထွက်သွားရပြီး ပျို ဘာမှ မခံစားနိုင်တော့အောင် အမှောင်ကမ္ဘာထဲ ရောက်သွားရတော့သည်။

နောက်ဆုံးကြားလိုက်ရတဲ့ ဂျန့်ရဲ့ တုန်ယင်အက်ကွဲသံက နားထဲမှာ စွဲမြဲမြဲမြဲစွာ ခိုင်မတ်သွားတော့သည်။

"ပျို ချစ်သည်း ... မင်းဟာ ငါ့မိန်းမပဲ၊ ဘယ်သူတွေ ခွဲခွဲ ငါတို့မကွဲဘူး၊ ငါတို့ ... ငါတို့ နှလုံးသားချင်းပေါင်းတယ်၊ ငါတို့ ဘယ်အရွယ်ရောက်ရောက် ပြန်ဆုံမယ်၊ ငါ ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ မင်းလည်း ဘယ်သူ့ကိုမှ လက်မထပ်ပါနဲ့၊ ငါတို့အဘိုးကြီး အဘွားကြီးဖြစ်မှ ပြန်တွေ့ရလည်း ငါကျေနပ်တယ်၊ ငါဂုဏ်ယူတယ်၊ ဖိုးလမင်းကြီးကို ငါတိုင်တည်တယ် ပျို၊ မင်းလည်းတိုင်တည်ပါ၊ တိုင်တည်ပါ ပျို"





အဲဒီအချိန်ကစပြီး ငါတို့နှစ်ယောက် အဝေးဆုံးကမ္ဘာတစ်ခုကို ရောက်သွားကြတယ်။

နင် တိုင်တည်ခဲ့သလို ငါလည်း မိုးကောင်းကင်ကတစ်ခုတည်းထီးထီးကြီးသာနေတဲ့ ဖိုးလမင်းကြီးကို တိုင်တည်တယ်။

ငါ မျက်ရည်ကျပြီး တိုင်တည်မှာ မဟုတ်ဘူး ဂျန်။

ဖိုးလမင်းကြီးက ငါတို့နှစ်ယောက်ကို အားကျနေတာ။

ငါ ငိုပြလိုက်ရင် သူ ငါ့ကို အားကျအထင်ကြီးစိတ်တွေ ကုန်ခန်းသွားမှာပေါ့။

အဲဒါကြောင့် ငါ ဖိုးလမင်းကြီးကို မော့ကြည့်ပြီး မျက်ရည်မကျဘဲ ပြုံးပြုံးကလေး တိုင်တည်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပျို့ရင်ထဲက ခံစားချက် နာကြည်းချက်တွေကို မိုးလမင်းမသိဘဲ ပျို့ကို အားကျမယ်ဆိုရင် ပျို ကျေနပ်ပါသည်။

"မိုးလမင်းကြီးရယ် … ပျိုတို့ချစ်သူနှစ်ယောက် ဒီဘဝမှာ အရွယ်တွေ ဘယ်လောက်ရောက်ခဲ့ကြပါစေ၊ သစ္စာ မေတ္တာ ခိုင်မြဲမှုနဲ့ ပြန်ပြီးပေါင်းဆုံခွင့်ရအောင် အောင်သွယ်ပေးပါလို့ တောင်းဆိုပါရစေ၊ ပျိုလည်း သူ့ကို သစ္စာရှိရှိ စောင့်ပါမယ်လို့ တိုင်တည်သစ္စာပြုပါတယ်"

❣ ❋ ❣





## နာကျင်ကြေကွဲခြင်း

ခံစားချက်ဆိုတာ
ဟိုးအတိတ်ကာလမှာပဲ
ကျန်ခဲ့တယ်လို့ သတ်မှတ်ခဲ့ရင်
အခုရောက်နေတဲ့ ကာလတစ်ခုကို
ဖြတ်ကျော်ခဲ့ရတာ မကြာဘူးလို့
ထင်မှတ်မိပါတယ် …။

❣ ❋ ❣

www.burmeseclassic.com

www.burmeseclassic.com







## ၁၅

ရှစ်နှစ်တာကာလတစ်ခုကို ကျော်ဖြတ်ခဲ့ရတာ (မျှော် င့်ခြင်း)တွေဖြင့်ရပ်တည်ခဲ့ရတာမို့ အရှိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့ရတော့သည်။

အဲဒီအချိန်ကတည်းက ပျိုတို့သားအမိလည်း အရှေ့ ဘက်ပိုင်း ကြေကွဲခြင်းတွေနှင့် နယ်မြေသစ်ဖြစ်သည့် ရန်ကုန်မြေ ဦ ခြေချခဲ့ရလေသည်။

သူတို့လည်း ဘယ်ကိုပြောင်းသွားတယ်ဆိုတာ ပျို မ်းလို့မရတော့သလို ဂျန်လည်း စုတ်စမြုပ်စပျောက်သွားခဲ့တာ။

ဂျန်နဲ့ပျိုတို့ ချစ်သူနှစ်ဦး ကွဲခွာခဲ့သည့် ကံကြမ္မာ န်းပဲဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆန်းကြယ်လွန်းတဲ့ ကံကြမ္မာကြီးကို ပျို့ တစ်နေ့မှ မေ့မရဲဘဲ ရှုးသွပ်နေခဲ့တာ ပျို့ကိုယ်ပျို့ ညှဉ်းဆဲသတ်ဖြတ်နေသလို များ ခံစားခဲ့ရပြီလား။

မေမေကတော့ ပျို့ ဂျန်နဲ့ပတ်သက်ပြီး သည်းခြေပျက် ခံစားခဲ့ရတာတွေကို စိတ်မကောင်းဆုံး ခံစားချက်မျက်နှာကြီးဖြင့် ချော့မော့နှစ်သိမ့်လာခဲ့သည်။

"ငါ့သမီးလေး အတိတ်ကံမကောင်းလို့ အခုလို ဖြစ်ခဲ့ရတာ မေမေကတော့ လူတွေအားလုံးကို စိတ်လည်းနာတယ်၊ ကိုယ့်အတိတ်ကံမကောင်းလို့ ဆင်းရဲသားဘဝကိုလည်း စိတ်နာတယ်၊ ဘာမှ ခံစားပေးဆပ်မနေစမ်းပါနဲ့ သမီးရယ်၊ ယောကျ်ားဆိုတဲ့အမျိုးဟာ လိပ်များလိုပဲ ကိုယ့်ဘက်ကိုယ် ယက်တာပါ၊ သမီး အခုလို လွတ်လွတ်လပ်လပ်မပေါင်းရ သေးခင် သူနဲ့ကွဲသွားတာကောင်းတယ်၊ နင့်မို့ သမီးဘဝ ဒီထက်နှစ်မွန်းမှာ၊ မေမေ ယုံတယ် သမီး"

ပျို့လည်း မေမေ့လိုပဲ ထင်မြင်ယူဆမိပါတယ်။

တကယ်တော့ ...

အရမ်းကွာခြားလွန်းတဲ့ ...





မညီမျှတဲ့ဘဝနှစ်ခုဟာ မပေါင်းဆုံခဲ့တာပဲကောင်းပါ တယ်လို့ ပျို့နှလုံးသားက ယုံကြည်လက်ခံလိုက်မိတော့သည်။

ဒါပေမဲ့ တစ်ခါတစ်ခါမှာ ဂျန့်ကို ပြင်းပြင်းထန်ထန် သတိရခဲ့မိသည့် ခံစားချက်တွေက ပြင်းလွန်းခဲ့သည်။

ဂျန်နှင့် ပျို့တို့ နောက်ဆုံးကွဲခါနီးအချိန်က တစ် ယောက်ကိုတစ်ယောက် မလွှတ်တမ်းဖက်ထားသည့် တူညီမှုခံစား ခြင်းတွေ တူညီသည့် ရင်ထဲက ခံစားချက်တွေနှင့် မိုးလုမင်းကို တိုင်တည်သစ္စာဆိုခဲ့တာတွေက ပျို့အတွက် မှတ်တမ်းတစ်ပုဒ်ဖြစ် သွားတော့သည်။

"ပျို့ ချစ်သည်း ... မင်းဟာ ငါ့မိန်းမပဲ၊ ဘယ်သူတွေခွဲခွဲ ငါတို့မကွဲဘူး၊ ငါတို့ ... ငါတို့ နှလုံးသားချင်းပေါင်းတယ်၊ ငါတို့ ဘယ်အရွယ်ရောက်ရောက် ပြန်ဆုံမယ်၊ ငါ ဘယ်သူ့ ကိုမှ လက်မထပ်ဘူး၊ မင်းလည်း ဘယ်သူ့ကိုမှ လက်မထပ် ပါနဲ့၊ ငါတို့ အဘိုးကြီးအဘွားကြီးဖြစ်မှ ပြန်ပေါင်းရလည်း ငါ ကျေနပ်တယ်၊ ငါ ဂုဏ်ယူတယ်၊ မိုးလမင်းကြီးကို ငါ တိုင်တည်တယ် ပျို့ မင်းလည်း တိုင်တည်ပါ၊ တိုင်တည်ပါ ပျို့"



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း နင်နဲ့ထပ်တူ တိုင်တည်ခဲ့ပါတယ်။

ဒါပေမဲ့ ကံကြမ္မာက နင်နဲ့ငါ့ကို တွေ့ဆုံခွင့်အရေး မပေးခဲ့ဘူး။

ငါတို့ရဲ့ ဖိုးလမင်းကလည်း ငါတို့ကို အောင်သွယ် မပေးခဲ့ဘူး။

အဲဒီလောက်အထိ ငါတို့နှစ်ယောက် ကံကြမ္မာက ဆိုးရွားခဲ့တာပါ ဂျန်။

အခုချိန်မှာ ...

ငါ ဖိုးလမင်းကို တိုင်တည်ခဲ့တဲ့ စကားတွေက ငါ့ကို ခြောက်လှန့်နေခဲ့တယ်။

"ဖိုးလမင်းကြီးရယ် ... ပျို့တို့ချစ်သူနှစ်ယောက် ဒီဘဝမှာ အရွယ်တွေ ဘယ်လောက်ရောက်ခဲ့ပါစေ သစ္စာ မဖျောက်နိုင်မြဲမှုနဲ့ ပြန်ပြီးပေါင်းဆုံခွင့်ရအောင် အောင်သွယ်ပေးပါလို့ တောင်းဆိုပါရစေ၊ ပျို့လည်း သူ့ကို သစ္စာရှိရှိ စောင့်ပါ့မယ်လို့ သစ္စာပြုပါတယ်"

သစ္စာပြုတိုင်တည်ခဲ့သည့် ရင်ထဲက စကားတွေက အခုချိန်မှာတော့ အိပ်မက်တစ်ခုလို ဝေဝါးသွားတော့သည်။





အတိတ်ရင်ပြင်မှာပဲ ကျန်ခဲ့သည့် ခံစားမှုတွေအဖြစ် ရှိသင့်တဲ့ ဒီခံစားမှုတွေကို ပျို့ အခုချိန်ထိ ခံစားနေတာ ပျို့ ရူးသွပ်တာပဲဖြစ်သည်။

ဒီကနေ့မှာလည်း ထိုင်နေကျ ၃၁ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကလေးမှာ တစ်ယောက်တည်း ကော်ဖီထိုင်သောက်ရင်း အတွေးတွေနှင့် ကျေနပ်ခဲ့ရသည့်မိန်းမ ဖြစ်ခဲ့ရတော့သည်။

စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ငြိမ်ငြိမ်ကလေး မျက်လွှာက လေးချပြီး ကော်ဖီခွက်ကလေးကို တစိုက်မတ်မတ် စိုက်ကြည့်နေသည့်အချိန်မှာ ...

ပျို့ကို လူတစ်ယောက်က စူးစိုက်ကြည့်နေသလို မသိစိတ်က ခံစားခဲ့မိတာမို့ ဖျတ်ခနဲမော့ပြီး ဘေးစားပွဲကို ဆုခနဲအကြည့် ရင်ထဲမှာ "ဟင်"ခနဲဖြစ်သွားသည်အထိ တုန်ခါသွားရသည်။

ပျို့ကို စိုက်ကြည့်နေသည့် လူရွယ်တစ်ယောက်ရဲ့ မျက်လုံးတွေဟာ သာမန်ထက် ထူးနေသလို ခံစားရတာမို့ ပျို့ မသိမသာလေး မျက်နှာလွှဲပစ်ရင်း တစ်ဖက်ဘေးစားပွဲကို အာရုံစိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... နွေ၊ ဘဲလေးက စတိုင်မိတယ်ဟ သိလား၊ အရပ်ရှည်ရှည် အသားဖြူဖြူ မျက်လုံးလေးကလည်း စိမ်းဖန့်နေတာ ချောလိုက်တာလည်းမပြောနဲ့နော်၊ ရှာရင်တွေ့တော့ ရှားမယ်"

"အမယ်လေး ... မြင်ဖူးပါတယ်၊ မြင်ဖူးပါတယ်၊ နားတစ်ဖက်ထဲ နားကပ်နှစ်ခုစီ ဝတ်ထားတာ ခေတ်ရှေ့တော်တော်လန့်တာပဲ"

"ခေတ်ရှေ့လန့်တာပဲ နွေက ကြိုက်တယ်လေ"

"အေးပါ ... အေးပါ၊ တော်ကြာမှ သူ့ထက်ကဲရွှေပြည်စိုးဖြစ်မယ်"

"No ပဲ ကိုယ့်ဘဲက စတိုင်မိသလို အနေကလည်း ကြွတယ်၊ သွက်တယ်၊ ရဲရင့်တယ်၊ ထက်တယ်၊ ကိုယ်က အဲဒါမျိုးမှ အခုခေတ်မှာ အဲသိပ်မဝင်တော့ဘဲ အသက်သုံးဆယ်ကျော်လေးဆယ်စပ်ကြား ကြွက်သိုးကြီးတွေကမော် သိပ်ဂျိုဂျိုနိုင်တာ၊ အသက်ကကြီး ဆရာကလုပ်နဲ့၊ လုံးဝကို ကြည့်လို့မရဘူး၊ ကြွက်သိုးကြီးတွေက အကြည့်ကလည်း နက်လိုက်တာ ဟွန်း ... ဟိုမှာ ... ဟိုမှာ"





"ဟင်"

ပျို့ကို မေးထိုးပြလာသည့် ကောင်မလေးရဲ့ အပြောတစ်ခုက ပျို့နားရွက်တွေကို ရဲခနဲဖြစ်သွားသည်အထိ အရှက်ရသွားသည်။

ပြီးတော့ စောစောက ပျို့ကို စိုက်ကြည့်နေသည့် လူရှယ်ကို မေးတစ်ချက်ဆတ်ပြီး နှာခေါင်းရှုံ့လိုက်တာကို တွေ့လိုက်ရသဖြင့် ပိုပြီး ရှက်သွားသည်။

အဲဒီလူကလည်း အခုထိ ပျို့ကို ဘာဖြစ်လို့ စိုက်ကြည့်နေသည်မသိ။

ဘေးစားပွဲက ကောင်မလေးအုပ်စု သူ့ကို သိသိသာသာကြီးစောင်းပြောနေတာ သိသိကြီးနှင့် သူက လုံးဝအရေးမစိုက်ဘဲ ပျို့ကိုပဲ ပြုံးယောင်သမ်းသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်နေတာမို့ ပျို့ ဘယ်လိုမှနေလို့မရအောင် စိတ်ညစ်သွားရသည်။

လူပုံကြည့်တော့ ပညာတတ်လူရည်မွန်ပါပဲ။

ပျို့ကိုများ သူ့ညီမနဲ့တူလို့ စိုက်ကြည့်နေတာလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီနေရာက ပျို့ အမြန်ဆုံးလှည့်ထွက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်နဲ့အညီ ပျို့ခြေလှမ်းကလေးက မိုးတွေသည်းသည်းရွာနေသည့် ဆိုင်အပြင်လမ်းမဆီသို့ ထီးမပါဘဲ ဒီအတိုင်း ထွက်ရပ်မိရက်သား ဖြစ်သွားရသည်။

ဒီအချိန်မှာ အိမ်ကိုပြန်တာ အကောင်းဆုံးပါပဲ။

ခြေလှမ်းကလေးကို အိမ်အပြန်လမ်း သုတ်ခြေတင်ဖို့ လှမ်းအထွက် ဘေးအနားကို ထီးမိုးပြီးဝင်ရပ်လိုက်သည့် ရှ
ကို ပျို့ အံ့သြငေးကြောင်းစွာ မော့အကြည့် "ဟင်"ခနဲ အသံထွက်သွားသည်အထိ အံ့သြသွားရပြန်သည်။

"မိုးရေထဲမှာ ဘာလို့ ဒီအတိုင်း ရပ်ရတာလဲကွာ"

ကြင်နာနွေးထွေးသည့် သူ့ရဲ့အသံတွေက ပျို့ကို ညီမတစ်ယောက်ကို ချော့နေသည့် အစ်ကိုကြီးလေသံကြီးဖြစ်ခဲ့တာမို့ ပျို့ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းသွားရလေသည်။

ပျို့ဘဝမှာ ဒီတစ်ကြိမ်ပဲ ညီအစ်ကို မောင်နှမ တော်သွားသလို လှိုက်တုန်ယင် ဆို့တက်သွားသည်။





"ဟင် ... လာ ... လာ ဘယ်ပြန်မှာလဲ၊ ကိုယ် လိုက်ပို့ပေးမယ်"

သူက ထီးမိုးကာရပ်ထားရာမှ ပျို့ကို တစ်ချက်ငုံ့ကြည့်ရင်း ရှေ့ဆက်လျှောက်လိုက်သည်။

ပျို့ကတော့ ဒီအတိုင်း ဆက်ရပ်နေရင်းက သူ့ကို တစ်ချက်မော့ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ရပါတယ်"

"ဟာ ... မဟုတ်ဘူးလေ၊ ဒီအတိုင်းကြီးဆိုတော့ ဟာ ... ဟော့ ... ဟော့ ... ကောင်မလေး"

ထီးမိုးကာရပ်ထားသည့် သူ့ထီးအောက်မှ ပျို့ ပြေးထွက်ခဲ့ပြီး လမ်းမဆီအရောက် တွေ့ရာတက္ကစီကို လှမ်းတားလိုက်သည်။

"တက္ကစီ ... တက္ကစီ"

"ဟာ ... ကိုယ့် ကား ... ဟာ"

ဘယ်လို အကြောင်းကြောင်းလှူနဲ့ လာတိုးရသည်မသိ။

ပျို့က သူ့ကို မျက်လွှာတစ်ချက်သိမ်းပြီး မျက်ဝန်းတစ်ချက်ပဲလှန်ကြည့်ကာ တက္ကစီမောင်းသူကို တစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေသည့်လမ်းကို သူအရှေ့မှာ မပြောချင်သဖြင့် ဘာစကားမှ မပြောသေးဘဲ ကားအနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

အဲဒီအချိန်မှာ ထီးတစ်ချောင်းနှင့် ပျို့အနောက်ကို လိုက်လာသည့် အဲဒီလူက သူ့ရဲ့ 4WD ကားကြီးဆီ အပြေးတစ်ပိုင်း လျှောက်သွားပုံ၊ ပြီးတော့ ပျို့တို့ကားအနောက်ဆီသို့ သူ့ကားကြီး လိုက်ပါလာတာကြီးကို ပျို့ ပယောင်ဦးဆန်စွာ စိုက်ကြည့်မိရင်း ရင်မောစွာ သက်ပြင်းသေးသေးလေး ကျိတ်ချလိုက်မိတော့သည်။

✱ ✱ ✱





၁၆

မိုးရွာထဲမှာ ထီးတစ်ချောင်းနှင့် ယီးလိုက်မိုးပေးသည့် ဇာတ်လမ်းတစ်ခုက မိုးရေတွေနှင့် စီးမျောလိုက်ပါမသွားဘဲ သောင်တင်ကျန်ခဲ့ရပြီမို့ အခုအချိန်မှာ ပျို့ စိတ်ကျဉ်းကျပ်သည့် ခံစားမှုတွေကို ခံစားနေရပြီဖြစ်သည်။

သူကတော့ လူကြီးပီပီ လာဘ်မြင်ကာ သားအမိနှစ်ယောက်တည်းရှိသည့် ပျို့ဘဝကို မေမေ သူ့ဘက်ပါလာအောင် စေတနာ မေတ္တာအပြည့် ကူညီပေးမှုတွေနှင့် အရင်တုန်းက ရင်းနှီးခဲ့ပြီးသားလူတစ်ယောက်လို ရင်းနှီးနွေးထွေးမှု ရယူပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မေမေက အဟုတ်ကြီးထင်ပြီး သူ့ အိမ်ကို လာပြီဆိုရင် ပျို့ မျက်စိရှုပ်လောက်အောင်ကိုပင် သူ့သားကြီးတစ်ယောက်လို ကိုယ်ဖိရင်ဖိ အလေးထား ဂရုစိုက်တော့သည်။

"လူလေး ဒီနေ့ အိမ်မှာ ထမင်းစားသွား၊ လူလေးကြိုက်တဲ့ ဆိတ်သားနှပ်ရယ်၊ အမဲအူဟင်းရယ်၊ ချဉ်ရည်ဟင်းရယ်"

"ဟုတ်ကဲ့ လုံလောက်ပါပြီ၊ အန်တီ ပြောတာနဲ့တင် ထမင်းဆာလာပြီ၊ စားရကောင်းမလားပဲ ... အဟွန်း"

သူက ဗိုက်ကို လက်ဖြင့် ပွတ်ပြီး ပျို့ကို လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ချစ်စနိုးဖြင့် စိုက်ကြည့်ပြုံးပြလိုက်သလို ပြုံးပြလာခဲ့တာမို့ ...

ပျို့က အချဉ်ပေါက်စွာ နှုတ်ခမ်းတစ်ချက်မဲ့ပြီး မျက်နှာလေးကို ဆတ်ခနဲ လွှဲပစ်လိုက်မိတော့သည်။

"ပျို့ရော ... စားမယ်လေ၊ ရေချိုးပြီးပြီလား"

ကြည့် ... ဒါ သူ့ပါရမယ့် စကားလား။

ပျို့ ရေချိုးတာ မချိုးတာ သူ့အပူပါတာ ကျနေတာပဲ။





ယောက်ျားကြီးဖြစ်ပြီး အဲဒီလို အသေးစိတ် လိုက်ပြီး ဂရုစိုက်တာလောက် ပျို့ မုန်းတာမရှိ။

ဟိုတစ်ချိန်တုန်းကလည်း ဂျန် ပျို့ကို အခုလို အသေးစိတ် ဂရုစိုက် ပြောဆိုခဲ့တာပါပဲ။

အခုတော့လည်း ဘာမှ မဟုတ်တော့ပါဘူး။

ပျို့လည်ပင်းတွေ ခြောက်ကပ်လာသလို နားရွက်တွေလည်း ထူလာသည်အထိ ဂျန့်ကို သတိရစိတ်ပြင်းသွားရသည်။

"အေး ... ဟုတ်သားပဲ သမီး၊ ပျို့ ရေချိုးလိုက်ဦး၊ ရေချိုးပြီးမှ မေမေတို့စားမယ်၊ စောင့်နေမယ်၊ သွားချိုးလိုက် သမီး"

အတွေးကလေးဖြင့် ပျို့ ခဏဆွေးသွားချိန်မှာ မေမေ့ အသံကြည်ကြည်ကြီးက နားခါးစွာ ဝင်လာတာမို့ ပျို့ မေမေ့ကို တစ်ချက် တည်တည်ကြည့်ပစ်လိုက်မိသည်။

ပြောစရာစကားလုံး ရှာနေသည့်အချိန်မှာပဲ သူက ဆရာကြီးဝင်လုပ်လိုက်ပြန်သဖြင့် ဘယ်လိုမှ သည်းခံလို့မရအောင် ပွင့်သွားရပြီဖြစ်သည်။

"ထမင်းဆာနေရင် ချိုးမနေတော့နဲ့လေ ပျို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဆရာလုပ်ပြီး ဝင်ဝင်မပါစမ်းပါနဲ့ ကိုဦးမာန်"

"ဟာ ... ပြဿနာပဲ၊ ပြဿနာကို မီးထွန်းရှာတယ်"

"မီးထွန်းအရှာမခံနိုင်ရင် ရှင်"

"သမီး ပျို"

မေမေက ပျို့စကားအဆုံးသတ်ကို မသတ်စေဘဲ ဝင်ဟန့်လိုက်တာမို့ ပျိုက မကျေမခံ နှုတ်ခမ်းကိုက်ကာ ထိုင်နေရာမှ ဆောင့်ခနဲ ထရပ်ပစ်လိုက်သည်။

"သွားမယ် ... အပြင်သွားမယ်၊ ထမင်းလည်းမဆာဘူး"

"ဟင် ... ဒါ ... ဒါ ဘယ်လဲ ပျို"

ဆောင့်ကြီးအောင့်ကြီးထရပ်လိုက်သည့် ပျို့ကို မေမေက စပ်တည်တည် စိုက်ကြည့်မေးလာသဖြင့် ပျို မခံချင်ဖြစ်သွားရသည်။

မျက်လုံးအရောင်တွေလည်း စိမ်းတောက်သွားရသည်။

"ဒါ ဘယ်လဲလို့ ပြောနေတယ် ပျို"

"အပြင် ... အပြင်သွားမလို့"





ပျို ဘယ်လိုမှ မခံစားနိုင်တော့အောင် စိတ်တွေ နှမ်းကျပ်သွားရမိသည်။

ဒီလူကြီးကလည်း မေမေ့ကို အပိုပေါင်းပြီး ပျို့ကို အနိုးကပ်သိမ်းသွင်းတာကို ပျို ဘယ်လိုမှ လက်မခံနိုင်အောင်ဖြစ်ရသည်။

အခုလည်းကြည့် ...

ပျို့အရှေ့ကနေ ကာဆီးကာဆီးနဲ့ ဝင်ပါ ဆရာလုပ်နေတာ ပျို လုံးဝကို မျက်မုန်းကျိုးလွန်းလို့ အခုလို ထထွက်လာတာဖြစ်သည်။

ပျို့အခန်းအပြင်ကိုရောက်တော့ သူက ပျို မခံနိုင်သည့် စကားလုံးဖြင့် ခနဲ့လာသေးသည်။

"သွားပစေ ... သွားပစေ အန်တီ၊ သူက Feel သမား၊ တစ်ယောက်တည်း လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ထိုင်ဆွေးပြီး ကိုရီးယားမင်းသားတွေကို စိတ်ကူးယဉ်နေတာ"

"ဟင်း ... သမီးလေး တစ်ယောက်တည်း ရှိပါတယ်၊ ရည်းစားမထားတာကလွဲပြီး ကျန်တာအကုန်ဆိုးတယ် ..."

"ပြောပြန်ရင်လည်း ကိုယ့်သမီး ဆိုးတာ လူသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပျို့ကို စိတ်ဆိုးနေသည့်ကြားက သူဌေးယောကျ်ား အထင်ကြီးအောင် အမွှမ်းတင်လိုက်သေးသည့် မေမေ့ရင်ထဲက တစ်ခုတည်းသော ခံစားချက်လေးကို သိထားသည့် ပျို့မှာသာ အစာနင်သည့်မျက်နှာကလေးဖြင့် အခန်းအပြင်သို့ ခပ်သွက်သွက် ထွက်လာခဲ့ရတော့သည်။





ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးမှာ ထိုင်ဖြစ်သည့်အချိန် ပျို မေမေ့ကို ကိုယ်ချင်းစာ သနားစိတ်တွေဖြင့် နားလည်ခံစားမိသွားရသည်။

ဂျန်နဲ့ပတ်သက်ခဲ့သည့် ...

ဟိုးအရင်တုန်းကလည်း မေမေ ဒီပုံစံ တစ်ထပ်တည်းပါပဲ။

အဲဒီတုန်းကတော့ ဂျန်က မိဘနဲ့အစ်မ လက်အောက်က မလွတ်ခဲ့သည့် သူဌေးသားကလေးဖြစ်ခဲ့လို့ ပျို ဒီရင်နာသည့် ဒုက္ခတွေကို ခါးစည်းခံခဲ့ရတာဖြစ်သည်။

အခု သူဌေးယောကျ်ား ကိုဦးမာန်ကတော့ မိဘနှစ်ပါးစလုံး မရှိတော့သည့် သုံးဆယ့်ငါးနှစ်အရွယ် တစ်ကိုယ်တည်းလူပျို လူလွတ်တစ်ယောက် ဖြစ်ခဲ့တာမို့ မေမေ ပိုပြီးအသည်းပိုခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျို့ရှေးဘဝက အတိတ်ကံကလည်း ဘာဖြစ်လို့များ သူဌေးယောကျ်ားတွေနဲ့မှ ဆုံစည်းခဲ့ရသည်မသိ။

ထူးခြားသည့်ရုပ်ရည်အလှတစ်ခုက ယောကျ်ားတွေကို ရူးသွပ်စေပြီး ပိုက်ဆံထင်ထင်ပေါ်ပေါ် မရှိခဲ့တာကို သူတို့က အတင့်ရဲပြီး အခုလို အိမ်တိုင်ရာရောက် ရောက်ခဲ့ပြီး ရင်းနှီးမှု ရယူခဲ့တာ ဖြစ်ပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် မေမေကတော့ ပျို့ကို စိတ်ဝင်စားခဲ့သည့် သူဌေးယောကျ်ားကို ဒီတစ်ကြိမ်မှာလည်း အမိအရ ကပ်တွယ်ခဲ့ပြန်ပြီဖြစ်သည်။

သူနှင့်တွေ့စက သူ့အကြောင်းတွေကို နားထောင်ရင်း ပျို့အကြောင်းကို ဖောက်သည်ချခဲ့သည့်အထဲမှာတော့ ဂျန်နှင့်ပတ်သက်ခဲ့သည့်အကြောင်းအရာ ဘာတစ်ခုမှ မပါခဲ့ချေ။

အဲဒီနေ့က သူ ပြန်သွားသွားချင်း ပျို့ကို ပိတ်ခဲ့သည့် မေမေ့စကားကြီးကို ပျို့က လိပ်ပြာမလုံစွာ ခံစားခဲ့ရသေးသည်။

"ဒီမှာ ပျို့၊ ငါ ပြောထားတဲ့စကားတွေ ညည်းလည်းကြားပါတယ်နော်၊ အေး ... နခေတ် ယောကျ်ားတွေအကြောင်း ညည်း သိတယ်နော်၊ ကိုယ်ကသာ ရုပ်ချင်တိုင်းရုပ် လေ





ချင်တိုင်းလေခဲ့တာ၊ ကိုယ်ယူတဲ့ မိန်းမကိုကျ တကယ့်အသန့် အစစ်အမှန်လေးမှ လိုချင်ကြတာ၊ ဒီလောက်ချမ်းသာတဲ့ သူဌေးတစ်ယောက်က ညည်းလို ဘာမဟုတ်တဲ့ မိန်းကလေးကို ရုပ်ရည်ကလေးရယ်၊ အနေအထိုင်ရိုးသားအေးဆေးတာလေးရယ်ကိုကြည့်ပြီး သဘောကျ ရွေးချယ်ခဲ့တာ ငါ့သမီးဟာ မဟာကံထူးရှင်ပဲ၊ သိပ်စန်းပွင့်တာပဲကွယ်"

လိုရင်းစကားကို မရောက်နိုင်သေးဘဲ မေမေ အပျော်လွန်နေတာကို ပျို့ ကိုယ်ချင်းစာ သနားသွားရသည်။

မေမေ စိတ်ကူးယဉ်ထားသလို ...

သူမကလည်း စိတ်ကူးယဉ်ဘဝအတိုင်း သူဌေးယောကျ်ားတွေရဲ့ အတည်ချစ်ခင်မြတ်နိုးခြင်း (လက်ထပ်ချင်ခြင်း) တွေက ပျို့ရဲ့အတိတ်ကံ ကံကောင်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ရည်လှလှလေးကို စုံမက်လို့ပဲဆိုတာ ပျို့ကတော့ ပိုင်နိုင်စွာ တွက်ဆမိသည်။

"သူပြောခဲ့တဲ့ အကြောင်းအရာတွေက အရှင်းဆုံးပဲ၊ သူ့မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး၊ လူပျို ဂြန်မာပြည်မှာ ကုမ္ပဏီတစ်ခုထောင်ထားတယ်၊ နိုင်ငံခြားမှာ ကုမ္ပဏီတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အို ... တွေးတောင် မတွေးရဲစရာပဲ၊ ဒါ ... ဒါ အသိုင်းအဝိုင်းပဲ ပျို၊ မေမေတို့သာ ပဲခူးကအိမ်လေးလို စုတ်စုတ်ပြတ်ပြတ်ကလေးဆို ငါ့သမီးကို စိတ်ဝင်စားလို့ အနောက်ကနေ ကားနဲ့လိုက်လာတဲ့ မောင်ဦးမာန် သမီးကို နောက်ဆုတ်သွားမှာပေါ့၊ အခုတော့ မြို့ထဲက တိုက်ခန်းကို ငှားနေနိုင်တဲ့ အဆင့်အတန်း၊ ဖုန်းကလေးကိုင်နိုင်တဲ့ အဆင့်အတန်းဆိုတော့ အဟင်း ... ဟင်း မောင်ဦးမာန်ရဲ့ ရွေးချယ်ခြင်းကို ခံလိုက်ရတာပေါ့ သမီးရဲ့"

မေမေ အပျော်လွန်နေတာကြီးကိုကြည့်ပြီး ပျို ဝမ်းနည်းစွာ မျက်ရည်ဝဲသွားရပါသည်။

"မေမေ စိတ်လုံသလို ငါ့သမီးလည်း စိတ်လုံခြုံရမယ်၊ ငါ့သမီးက အပျိုစစ်စစ်ပဲ၊ ဘာမှ နောက်ကြောင်းကို ဖွင့်ဟတင်ပြစရာ မလိုဘူး၊ ယောကျ်ားတစ်ယောက်နောက်လိုက်ခဲ့ပေမယ့် ညတွင်းချင်းကွဲခဲ့တာ သမီးဟာ အပျိုပဲ၊ ဘာမှ အတိတ်ရင်ပြင်ကို မောင်ဦးမာန်ကို ရင်ဖွင့်စရာမလိုဘူးနော်၊ မေမေ မောင်ဦးမာန်ကို 'ပြောထားတဲ့အတိုင်း သမီး လက်သင့်ခံလိုက်"





သြော် ... မေမေရယ် ... အတိတ်ဆိုတာ တိမ်မြှုပ်သွားလို့မှ မရတာ။

"ငါ့သမီးလေးဟာ မင်းသမီးလေးလို ချောလွန်းတော့ သူဌေးယောကျ်ားတွေ ကမ်းလှမ်းတာပေါ့၊ မောင်ဦးမာန်ကတော့ အရုပ်အရှင်းကင်းတယ်၊ သဘောမတူမယ့်မိဘတွေ မရှိသလို ဝင်ရှုပ်လို့ရတဲ့ ညီအစ်ကိုမောင်နှမလည်းမရှိဘူး၊ မေမေကတော့ သမီးကို မောင်ဦးမာန်နဲ့ လက်ထပ်ပေးမှာပဲ၊ သူကလည်း မေမေ့ကို သမီးကို လက်ထပ်ချင်တဲ့အကြောင်း တရားဝင် ကမ်းလှမ်းခဲ့ပြီးပြီ"

အဲဒီနေ့က အပျော်လွန်နေသည့် မေမေ့ရဲ့ ထူးခြားချက်တစ်ခုကို ပျို သိခွင့်ရလိုက်ပါတော့သည်။

ဒီလို ထူးခြားလွန်းသည့် မေမေ့ရဲ့အတိတ်အကြောင်းကိုလည်း ပျို စိတ်ဝင်စားသွားရသည်။

"မိန်းကလေးဆိုတာ ပင်ကိုရှိတဲ့ ရုပ်ကလေးအပြင် အဝတ်အစားကောင်းလည်း ဝတ်ရမယ်၊ တောက်တောက်ပြောင်ပြောင်ဖြစ်အောင် ရွှေလေးလည်း ဝတ်ရမယ်"

"ဟာ ... ဘယ်အခွင့်ရှိလို့ ရွှေဝတ်ရမှာလဲ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးမာန်နှင့် ရင်းနှီးပြီးမှ ထူးခြားလာသည့် မေမေ့ကို တစ်နေ့တခြား ပျို ကြည့်လို့မရတော့။

မေမေကိုယ်တိုင် နှစ်ကျပ်သား ရွှေဆွဲကြိုးကုံးကြီးကို ထုတ်ဆွဲလာသလို ပျို့ကိုလည်း ခုခေတ်ကောင်မလေးတွေ ဝတ်သည့် ဆွဲကြိုးသေးသေးလေးကို စိန်လော့ကက်သေးသေးလေး ဆွဲပြီး ဆင်လာသလို အသေးဆုံးလက်ကောက်ကလေးတွေ ဆယ်ကွင်းတိတိ ထုတ်ဝတ်ပေးလာသဖြင့် ပျို မေမေ့ကို အံ့သြပြီးရင်း အံ့သြခဲ့ရသည်။

မေမေ ချဝတ်ပေးလာသည့် ရွှေတွေကို ကြည့်ပြီး ပျိုက အံ့သြသည့် မျက်လုံးဝိုင်းကလေးဖြင့် ...

"ဒါ ... ဒါ ဘယ်ကရတာလဲ မေမေ"

"အမယ်လေး ... ငါ့သမီး အံ့သြမှာကို မေမေ သိတယ်၊ ဟိုတစ်နှစ်က သမီးဘိုးအေဆုံးတော့ မေမေ့ကို သူ့လက်ကျန် အမွေတွေပေးခဲ့တာ ငွေသားချည်း သိန်းတစ်ရာ ပေးခဲ့တော့ မေမေက ရွှေချည်းလုပ်ပစ်လိုက်တယ်"

"ထူးဆန်းလိုက်တာ၊ သိပ်ထူးဆန်းတာပဲ၊ ပျိုတို့နှစ်ဖက် မျိုးထဲမှာ ဒီလောက်ချမ်းသာတာ တစ်ယောက်မှ မရှိပါဘူး"





"ဩော် ... သမီးမသိတဲ့ မေမေ့ဦးလေး သူဌေးလေ သမီးရဲ့၊ ကဲ ... ကဲ ... စကားရှည်မနေနဲ့ ရန်ကုန်မှာ ဒီလိုနေရတာလည်း ဦးလေး ကျေးဇူးကြောင့်ပါပဲ"

ပျိုတို့ ပဲခူးကနေ ရန်ကုန်မှာ အခြေချတုန်းကလည်း မေမေ့ရဲ့ဦးလေးသူဌေး ထောက်ပံ့မှုတွေကြောင့်လို့ မေမေ ပြောခဲ့တာတွေကို ပျို လက်ခံယုံကြည်လိုက်တော့သည်။

အခုလည်းပဲ မေမေ ဆင်ပေးလာသည့် လက်ဝတ်ရတနာတွေကို ဝတ်ရင်း ပျို ကိုယ့်ဘဝကိုယ် ကျေနပ်သလို ခံစားလိုက်ရသည်။

အကယ်၍များ သူဌေးမိန်းမတစ်ယောက် ဖြစ်ခဲ့ရင် ဘဝကို ဒီထက်ကျေနပ်မိမှာ အမှန်ပင်ဖြစ်သည်။

❣ ❋ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ပျို့တို့သားအမိနှစ်ယောက် ကိုယ့်ဘဝကိုယ် ကျေနပ်နေသည့်အချိန်မှာ တစ်ချိန်က ပတ်သက်ခဲ့သည့် ဂျုန်တို့မိသားစုကတော့ ဂျုန့်ရဲ့ဆိုးသွမ်းမှုတွေဖြင့် ရှစ်နှစ်လုံးလုံး စိတ်ဆင်းရဲသောကတွေနှင့် ရင်ဆိုင်ခဲ့ရလေသည်။

"ဂျုန် ... ဟေ့ ဂျုန်၊ မင်း ငါ့ဗီရိုထဲ ထည့်ထားတဲ့ စိန်လက်ကောက်တစ်ကွင်း ယူသလား၊ ငါ မင်္ဂလာဆောင်က ပြန်လာပြီး အလွယ်ချွတ်ထားတာ မနက်ကမှ တင်ထားတာ၊ အခု မရှိတော့ဘူး၊ မရှိတော့ဘူး။ အမယ်လေး ... ငါတို့မှာ ရှိသမျှစည်းစိမ်တွေ မင်း ဖြုန်းတီးတာနဲ့ ကုန်ပါပြီ၊ ကုန်ပါပြီ"





အခုလည်း ဂျုန်ရဲ့ဆိုးသွမ်းမှုကြောင့် ရင်ဘတ်ကြီးတဘုန်းဘုန်းထုပြီး အော်ငိုလိုက်သည်။ မမကြီးကို သူက သဘောကျစွာ ခနိုးခနဲ့လေး ပြုံးကြည့်လိုက်မိသည်။

မမကြီးကတော့ သူ့ကို လက်မြှောက်အရှုံးပေးလိုက်သလို တစ်ခါတစ်ခါ စိတ်ဆိုးလွန်းလာလျှင် သူ့ကို ဆွဲလွဲထုရိုက်တတ်တာကို ဟိုးငယ်ငယ်တုန်းကတော့ ခေါင်းငုံ့သည်းခံတတ်ပေမယ့် ပျို့နှင့်ကွဲပြီးသွားသည့်အချိန်ကစပြီး သူ့ရင်ထဲက နူးညံ့တဲ့စိတ်ထားတွေ မာကျောခက်ထန်ကာ မမကြီးကို ပြန်ပြန်ဆောင့်တွန်းခဲ့တာမို့ အခုလို မမကြီး ငိုပွဲဆင်ရခြင်းဖြစ်သည်။

"မင်း ... မင်း ပြောစမ်း၊ ယူထားရင် မမကြီးကို ပြန်ပေးပါ မောင်လေးရယ်၊ အဲဒီလက်ကောက်က တစ်ဖက်တည်းနဲ့ သိန်းနှစ်ရာငါးဆယ်တန်တယ်၊ မမကြီးကို ပြန်ပေးပါနော် မောင်လေး၊ မောင်လေး ပိုက်ဆံလိုရင် မမကြီး ထုတ်ပေးမယ်"

မမကြီးကတော့ သူ့စိန်လက်ကောက်ကြီးကို ပြန်ရဖို့အရေး သူ့ကို ချော့မော့နှစ်သိမ့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးလေးကို သိုင်းဖက်ပြီး အသနားခံလာသည့် မမကြီးကို သူက အချဉ်ပြုံးကလေးဖြင့် စိုက်ကြည့်ရင်း စိတ်ထဲက နေ ကျကျနန ပြန်ပြောနေလိုက်သည်။

"သိန်းနှစ်ရာငါးဆယ်တန်တာကို ကျွန်တော် သိန်းနှစ်ရာနဲ့ ရောင်းပြီး ကျွန်တော့်ချစ်သူကျေနပ်အောင် ကားလှလှလေး တစ်စီး ဝယ်ပေးလိုက်ပြီ မမကြီး၊ မိန်းမတွေဟာ အဲဒီလို အကောင်းဆုံး လက်ဆောင်ပေးနိုင်ရင် ရန်မရှာတော့ဘူး ဗျ"

စိတ်ထဲကနေ ပြောနေသည့် သူ့စကားကို မမကြီးက မျက်ဝန်းကတစ်ဆင့် သိရှိရိပ်မိသွားခဲ့ပြီထင်သည်။

သူမကိုယ်သူမ ရင်ဘတ်ကြီးကို တအုန်းအုန်းထုရိုက် ငိုကြွေးလိုက်၊ သူမ ခေါင်းတွေကို ဆွဲထုလိုက်နှင့် သိန်းနှစ်ရာငါးဆယ်တန် စိန်လက်ကောက်ကြီးအတွက် တန်ကြေးမကာမိအောင် သွေးအန်လုမတတ် ရင်ထုပွဲကြီး ကျင်းပလိုက်တော့သည်။

"အမယ်လေး ... ကုန်ပြီလား၊ ကုန်ပြီပေါ့။ မင်း ... မင်း ဒက်ဒီတို့ မာမီတို့မရှိတုန်း ငါ့ကိုပါ သတ်ပြီး အိမ်ကရှိ





သမျှ ပစ္စည်းတွေကို မင်းဟာမတွေအတွက် ပေး ... ပေး၊ ဟီး ဟီး ... မာမီရေ ... မာမီ့ရဲ့သား ငမိုက်သားကို လာ ဆုံးမပါဦး၊ စင်ကာပူက အမြန်ပြန်လာပြီး လာဆုံးမပါ ဦး"

ဘယ့်နှယ်ရှိစ မမကြီး။

အခုမှ မမကြီးရဲ့ အချစ်တုံးမောင်လေး အသုံးတွေကို မခံနိုင် ငိုကြီးချက်မ ဖြစ်ခဲ့ရပြီ မဟုတ်လား။

ကျွန်တော် အခုလို မိန်းမတွေကို အသုံးချနေတာ ဟိုမိန်းမကို မုန်းလို့ပါဗျာ။

မမကြီးတို့ လုံးဝ သဘောမတူနိုင်တဲ့ ...

အောက်တန်းကျတဲ့ ဟိုမိန်းမသားအမိကို မုန်းလွန်း လို့ပါ။

အချစ်ကို ငွေကြေးနဲ့ တန်ဖိုးဖြတ်ပြီး ယောကျ်ားလေး ရှင်ကို နစ်နာကြေး ပိုက်ဆံ လျော်ကြေးတောင်းခဲ့တဲ့ ဟိုမိန်းမ သားအမိကို အစွဲတိုက်စိတ်က အခုတော့ သူ့ကို မမကြီးတို့အတွက် ကြောက်စရာ ငွေဖြုန်းမင်းသား ဖြစ်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခုအရွယ်ရောက်တဲ့အထိ ဘာအလုပ်မှ မလုပ်ဘဲ အစ်မဖြစ်သူ ကျားစီးဖားစီး ရှာဖွေထားသမျှ မိဘတွေ အေးအေး လူလူရှာဖွေထားသမျှ စည်းစိမ်တွေကို မိန်းမသုံးဦးအတွက် သိန်းရစ်ရာတိတိ ပေးအပ်ခဲ့ပြီး သူ ထင်တိုင်းပျော်ခဲ့သည်။

"ကဲ ... ပျို၊ မင်းလည်း ဘာတတ်နိုင်သေးလဲ၊ ကံမကုန်လို့ မင်းကို ပြန်ဆုံခွင့်ရခဲ့ရင်လည်း မင်းကို ငါ နှလုံးသားအစစ် အမှန်နဲ့ ဘယ်တော့မှ မချစ်ဘူး၊ မင်းလို အောက်တန်းကျတဲ့ မိန်းမမျိုးက ငါ့ရဲ့စစ်မှန်တဲ့နှလုံးသားနဲ့ မတန်ဘူး၊ အခုလိုမျိုး အတုအယောင်ဆောင်နဲ့ပဲတန်တယ်၊ ယောကျ်ားတစ်ယောက် လက်ထပ်ခြင်းကို ငွေကြေးနဲ့ တန်ဖိုးဖြတ်တဲ့ မင်းအတွက် ဒီထိုက်တန်ဆုံး ဂုဏ်ပုဒ်က ငါ့ရဲ့အပျော်မယားပဲဖြစ်သင့်တယ်"

ပူလောင်လွန်းသည့် ရင်ထဲက စကားတွေက မျက်ဝန်းအိမ်မှာ ခပ်မိုက်မိုက် ထင်ဟပ်သွားသည်မှာ မမကြီးအတွက် ထွန့်ထွန့်လူး မူးမိုက်သွားသည်လားမသိ။

မမကြီးက သူ့ပခုံးကို ထုရိုက်ပုတ်နေရင်းမှ လက်နှစ်ဖက်စလုံး ပြေကျသွားကာ ...





"ပျို ... ပျိုကညာလေးသာ မင်းအကြောင်းတွေကို သိရင် မင်းကို မင်းကို ရွံမှာ မုန်းမှာ သိလားဟဲ့ ငနွားရဲ့"

"ဟား ဟား ... ယောကျ်ားတစ်ယောက်ကို လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရုံသက်သက်နဲ့ နှစ်နာကြေးငွေသိန်းဆယ်ချီတောင်းထားတဲ့ မိန်းမကလား ကျွန်တော့်ကိုရွံမှာ၊ မုန်းမှာ၊ ပြန်တွေ့ရင် ထပ်ပြီး ဒီထက်များတဲ့ ကိန်းဂဏန်းကို တောင်းဦးမှာပါဗျ"

"ဟင်"

ခနဲဖြစ်သွားသည်အထိ ဘာမှ ပြောစရာမရှိတော့အောင် ဇွန့်အ,ပိတ်ဆို့သွားသည့် ရတ်ုရင်ထဲမှာ မီးလိုပူကျွမ်းသွားရပါပြီ။

စိတ်စေတနာဆိုတာ ...

ကိုယ်နဲ့တန်တဲ့အရောင်ကို ပြန်ထင်ဟပ်တာပါပဲ။

အခုတော့ ရတီ ယုပ်ကြံဖောက်ခင်းခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို မောင်လေးက အဟုတ်ယုံကြည်ကာ မုန်းတီးပြီး သူ့ဘဝသူ နှစ်မွန်းအောင် မိန်းမတွေကို အရွဲ့တိုက်စိတ်ဖြင့် အပျော်ဖန်တီးခဲ့တာ အခုဆိုရင် မောင်ဖြစ်သူ အကျင့်စာရိတ္တသည် အသိုင်းအဝိုင်းထဲမှာ ချပြဖို့မရဲအောင် သိက္ခာကျခဲ့တော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ဒက်ဒီနှင့်မာမီတို့ကတော့ နဂိုကတည်းက အေးအေးလူလူနေတတ်သူပီပီ စင်ကာပူမှာပဲ အနေများပြီး သူမနှင့် ဂျန်ကိုပါ စင်ကာပူမှာ အပြီးနေဖို့အထိ စိတ်အားထက်သန်နေခဲ့တော့သည်။

သူမတို့မိသားစု ဒီမြန်မာပြည်မှာ နေစရာမရှိတော့အောင် မောင်ဖြစ်သူရဲ့အရှုပ်တော်ပုံကြီးကို ဖွင့်မပြရဲအောင် ကြိတ်မှိတ်ခံခဲ့ရလေသည်။

အခုလည်းကြည့် သိန်းသောင်းချီချမ်းသာလွန်းသည့်ကိုယ့်မိသားစုအတွင်းရေးကို သိပြီး မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် (ပျို့ကို အရွဲ့တိုက်စိတ်ဖြင့် အသုံးချနေခဲ့တာ) အဓိကတရားခံမှာ သူမသာလျှင်ဖြစ်သည်။

သူမ မကောင်းခဲ့လို့ မောင်လေး အခုလိုပျက်စီးခဲ့တာ။

အခုတော့ ကိုယ်ပြုမူဖန်တီးခဲ့တဲ့ မကောင်းမှုက တစ်ဖက်မိန်းကလေးကို မထိဘဲ ကိုယ့်ကိုယ်ကိုယ် (ကိုယ့်မိသားစု သူမအချစ်ဆုံးမောင်လေး)ကိုပဲ ထိခဲ့တာမို့ ...,

ရတီသည် ဘယ်သူ့ကိုမှ အပြစ်မဆိုမိတော့ဘဲ သူမကိုယ်သူမ အမှားဆုံးအလုပ်တစ်ခုကို လုပ်ခဲ့မိသည့် မိုက်ကြေး





တွေနှင့် ဦးနှောက်ပျက်အောင် ခံစားခဲ့မိသည်အထိ မောင်လေး အရှေ့မှာပဲ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့သည်။

"ငါမှားပြီ မောင်လေး၊ ငါ သိပ်မှားသွားပြီ၊ ငါ မင်းကို ပျို့ကညာနဲ့ လမ်းခွဲစေချင်တဲ့ဆန္ဒတွေနဲ့ တစ်ဖက်မိန်းက လေးကို သိက္ခာကျအောင် ထိုးကော်ခဲ့တာ အခုတော့ ... အခုတော့ ပျို့က ဘာမှဖြစ်မှာမဟုတ်ဘဲ မင်းက ... မင်းက ပျက်စီးခဲ့ရပြီ ... ပျက်စီးခဲ့ရပြီ၊ အဲဒါတွေက မမကြီး မကောင်းလို့ပါ မောင်လေးရယ်"

ဟိုးလွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က အဖြစ်အပျက်တွေက ရတီ့မျက်လုံးထဲ ကွင်းခနဲ ထင်ဟပ်လာခဲ့သည်။

"ပျို့က ... ပျို့က ဒီလိုမိန်းကလေး မဟုတ်ခဲ့ပါဘူး၊ မမကြီး ပေးခဲ့တဲ့ငွေကို သူ့အမေသာ သိခွင့်ရခဲ့တာပါ၊ သူ့အမေ ကလည်း မမကြီးတို့ပေးခဲ့တဲ့ငွေကို ပြန်ပေးတယ်၊ ဒါပေမဲ့ မမကြီးက ဂုဏ်မောက်ပြီး သူတို့ဖိနပ်ချွတ်မှာ ငွေထုပ်ကို ပစ်ပေါက်ခဲ့ပြီး အဲဒီညတွင်းချင်းပဲ ရန်ကုန်ကို ပြောင်းခဲ့ ပြီး အခုလို မင်းစိတ်ထဲမှာ ပျို့ကို ခါးသီးမုန်းသွားအောင် လုပ်ကြံဇာတ် ခင်းခဲ့တာ မမကြီး ... မမကြီးပါပဲ၊ မင်း အခုလို ပျက်စီးရတာ ငါက အဓိကတရားခံ မောင်လေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖြစ်သူ ကျောခိုင်းသွားခဲ့သည်တိုင် ရတီက တော့ ကိုယ့်ဘဝ ကိုယ့်အဖြစ်ကို ရှက်လည်းရှက်၊ နားလည်းနာ ကြည်းမိကာ မျက်ရည်မခန်းနိုင်အောင် ငိုချလိုက်မိတော့သည်။

စားပွဲပေါ်မှာ မျက်နှာအပ်ချပြီး ...

ရတီ အသည်းအူပြတ်မတတ် ငိုကြွေးနေရင်းက မောင်ဖြစ်သူ ဖြုန်းခဲ့သည့် သိန်းနှစ်ရာငါးဆယ်တန် စိန်လက်ကောက် ကိုလည်း နမြောတသစိတ် မရှိတော့ဘဲ ရင်ထဲကနေ အမှားကြီး မှားခဲ့သည့် အမှားတွေအတွက် ပျို့ကို လေးလေးနက်နက် တောင်း ပန်လိုက်မိပါတော့သည်။

"ပျို ညီမလေးရယ် ... မမကြီးကြောင့် ညည်းဘဝ ဘယ် လိုဖြစ်သွားမယ် ဆိုတာကို မမြင်ခဲ့ရပေမယ့် ညည်းနှလုံး သားလေး မီးလောင်သွားမယ်ဆိုတာ မမကြီးနားလည်ခံစား မိတယ်၊ မမကြီးကို ညီမလေး ခွင့်မလွှတ်ပါနဲ့"

ရတီ့ ရင်ထဲက စကားတွေကို ...

ပျိုကတော့ နားလည်ခဲ့မိပါလျှင်လည်း ဘယ်တော့မှ ခွင့်လွှတ်နားလည်ပေးမှာမဟုတ်ဘူးဆိုတာ ရတီ ယုံကြည်လိုက်မိ ပါသည်။





ဒီအချိန်မှာ ပျိုတို့သားအမိကရော သူမလို စိတ်ဆင်း ရဲခြင်းသောကတွေ ခံစားခဲ့ရပြီလားမသိ။

ရတီကတော့ သူများအပေါ် ယုတ်မာခဲ့လို့လားမသိ စိတ်ဆင်းရဲသောကကြီးတွေ ခံစားနေခဲ့ရလေသည်။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

သုံးရက်တစ်ခါ ပုံမှန် အိမ်ကို အမြဲလာပြီး တစ်နာရီတိတိ ပျို့ကို စကားမရှိစကားရှာကြံပြောခဲ့သည့် မေမေ့အသည်းစားကြီးကို ဒီနေ့မှာတော့ ပျို့ စိတ်ညစ်ညစ်နှင့် ဘုတောလွှတ်မိတော့သည်။

ဧည့်ခန်းထဲမှာ အခွေထိုင်ကြည့်နေသည့် ပျို့ကို တစ်ချိန်လုံး ထိုင်ကြည့်နေသည့် အဲဒီလူကို ပျို့က မျက်မှန်းကျိုးသလို တစ်ချက်စိုက်ကြည့်လိုက်ပြီး ခပ်ထန်ထန်လေး မေးပစ်လိုက်သည်။

"ဒီမှာ ... ရှင် ဘာကြည့်နေတာလဲ"

"ဟင် ... ဘာကြည့်လို့လဲ"





လူကြီးဖြစ်ပြီး အရှက်မရှိ မှန်တာကိုဝန်မခံချင်သည့်သူ့ကို ပျို့ ပိုပြီး မြင်ပြင်းကတ်သွားရသည်။

နဂိုတည်းက မကြည်လင်လို့ ရှုံ့တက်သွားသည့် မျက်မှောင်လေးကို ပိုပြီးကြုတ်ပစ်လိုက်ကာ ...

"တီဗီဖန်သားပြင်ကို ကြည့်ရင် ကြည့်ပါလား"

"ကြည့်တာပဲကွာ၊ မင်းသမီးက မင်းလောက်မှ မချောတာ၊ အဲဒီတော့ မင်းကို ထိုင်မကြည့်လို့၊ အန်တီလည်း မရှိဘူးလေ"

"ရှင် ... ရှင် ... အကြောင်းကြောင်းဇာတ်ခင်းမနေနဲ့"

ဒီတစ်ခါတော့ သူက ခါတိုင်းလို သည်းမခံတော့ဘဲ ပျို့ကို ခပ်တည်တည်မျက်ဝန်းတွေဖြင့် စိုက်ကြည့်ပြီး ထိုင်နေသည့် ဆက်တီကနေ ပျို့နေရာကို ပြောင်းထိုင်လိုက်လေသည်။

"ဟင် ... ဒါ ... ဒါ ဘာလုပ်တာလဲ၊ ဒီလောက်နှစ်ယောက်ထိုင်လို့မရအောင် ကျပ်ညပ်နေတာကို ရှင်က ကပ်သပ်ထိုင်ရအောင် ရှင် တော်တော် ..."

သူက ပျို့စကားလေးကို သဘောကျသလိုပြုံးရင်း ပခုံးကြီးနှစ်ဖက် တွန့်ကျုံ့ရင်း အသည်းယားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနှစ်မွှာကိုလည်း ရှင်ခုန်စွာ လှုပ်ရှားနှင့်သိမ်းရင်း ထထွက်မည့်ဟန်ပြင်လိုက်သည့် ပျို့လက်ကလေးကို ဖမ်းဆွဲထားလိုက်သည်။

"ရှင် ... တော် တော် ဘာဖြစ်လဲ"

သူမလေး ပြောလာမယ့်စကားတွေကိုလည်း သဘောကျမိကာ ပြုံးစိစိ စိုက်ကြည့်ပြီး ပခုံးတွန့်လိုက်မိပြန်သည်။

"အသားယူတာပဲလို့ ပြောတာ၊ ဖယ် ... လွှတ်၊ ပျို့လက်ကို လွှတ်နော်"

"အဲဒီလို ဆတ်ဆတ်ထိ မခံတာလေးကို ကိုယ်က သိပ်ချစ်ရတာ၊ အဟွန်း ... မှတ်ထားကွ၊ ယောကျ်ားဆိုတာ ကိုယ်ချစ်တဲ့ ကိုယ်သဘောကျတဲ့မိန်းမကို အသားယူတာပဲ၊ အသားကလေးထိချင်တာပဲ တော်သေးတာပေါ့၊ ကိုယ်က အသားကလေးပဲ ..."

"ရှင် ... ရှင် လူကြီးလူကောင်းပီပီ စကားပြောစမ်းပါ"

သူက ပျို့စကားကြီးကို နှာခေါင်းရှုံ့ရင်း ခေါင်းခါယမ်းလိုက်သည်။





"ဟာ ... အာ ... ဒီနာမည်ကြီးက ထောက်တယ်၊ နားထဲမှာ နားထောင်ရတာ မကောင်းဘူး၊ တစ်ခုခုခေါ် နာမ်စားတစ်ခုခု ပြောင်းခေါ်"

ကျစ်တစ်ချက်စုတ်ပြီး ပျို့လက်ကလေးကို ဆုပ်ကိုင်ရင်း သူ့အကျုပ်ကိုင်လိုက်သည်။

"ကိုဦးမာန် ... ရှင်နော် ဘာဂုဏ်သိက္ခာရှိတာလဲ၊ ဘာမှ ဂုဏ်သိက္ခာမရှိတဲ့ လူကြီး"

"အဲဒါ မင်းနဲ့တွေ့လို့ သိက္ခာမရှိတဲ့ဘဝ ရောက်ရတာ၊ ကိုယ် အခုအရွယ်အထိ ဘယ်မိန်းမအသားကိုမှ ဦးစွန်းပုံခ မထိခဲ့ဘူး"

"မြင်ရတာမှတ်လို့ ပြောတာ ကြားရတာပဲ"

"ဟော့ ... စကားလမ်းကြောင်းမလွှဲနဲ့၊ ကိုယ့်ကို နာမ်စားတစ်ခုခုပြောင်းခေါ်၊ ကိုယ်တို့က မကြာခင် လက်ထပ်ရမယ့်သူတွေနော်"

"ဟင်"

ဘယ်တုန်းကမှလဲ သူ့ကို လက်ထပ်ပါမယ်လို့ ကတိမပေးခဲ့ဘူးဘဲနှင့် ပျို့ကို ဒီလို အတိအလင်း ပြောလာပြီဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ သူသိအောင် ပျို့ရင်ထဲက ခံစားချက်တစ်စိတ်တစ်ဒေကို ဖွင့်ဟရတော့မည်ဖြစ်သည်။

"ဘယ်သူက ရှင့်ကို လက်ထပ်ပါမယ်လို့ ကတိပေးခဲ့ဖူးလို့လဲ ကိုဦးမာန်"

"မင်း ကတိမပေးနဲ့၊ အန်တီ သဘောတူနေတာပဲလေ ပျို၊ ပျို စကားကို ကတ်သတ်မပြောစမ်းနဲ့ကွာ"

"ကတ်သတ်ပြောတာ မဟုတ်ဘူး ကိုဦးမာန်၊ ရှင် ပျို့အကြောင်းကို မသိထားဘဲနဲ့ ရှင် မျှော်လင့်ချက်တွေ အများကြီးမထား စမ်းပါနဲ့ရှင်၊ ရှင့်အသက် အခု ဘယ်လောက်ရှိပြီလဲဟင်"

"သုံးဆယ့်ငါးနှစ်နဲ့ခြောက်လ၊ မင်းနဲ့တွေ့တုန်းက အသက်သုံးဆယ့်ငါးအတိ၊ အခု ခြောက်လ ရှိသွားပြီ၊ ပျို့ကို စတွေ့တုန်းကလေ ကိုယ် ပျို့ကို ဘယ်လိုသဘောကျမှန်း မသိဘူး၊ မျက်နှာတည်တည်နဲ့ တစ်ယောက်တည်း ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ မျက်နှာလေးက ကိုယ့်ရင်ကို တကယ်ထိသွားတာ၊ ကိုယ် အခုအရွယ်အထိ ဘယ်မိန်းမကိုမှ သဘောမကျခဲ့ဖူးဘူး၊ မချစ်ခဲ့ဖူးဘူး"





"ထားပါလေ၊ ရှင်လည်း ဒီအရွယ်ကြီးရောက်နေပြီဆိုတော့ စဉ်းလည်းစဉ်းစားတတ်ပါပြီ၊ ပျို့မဟုတ်ဘဲ ပျို့ထက်သင့်တော်တဲ့ မိန်းကလေးကို ရှင် ရှာတွေ့သွားရင် ပျို့ထက် ပိုပြီးချစ်မြတ်နိုးသွားမှာပါ၊ ပျိုက ရှင့်အတွက် အလိုအပ်ဆုံးမိန်းမလေး မဖြစ်ခဲ့ပါဘူး၊ ပျို့ထက် အဆင့်အတန်းမြင့်တဲ့ အမျိုးသမီးတွေ ရှင်တို့အသိုင်းအဝိုင်းမှာ အများကြီးပါပဲ၊ အခု ရှင် စိတ်တိုင်းမကျလို့ ရှာမတွေ့သေးပေမယ့် စိတ်တိုင်းကျတဲ့ တစ်ယောက်ကျ ရှင် ရှာတွေ့မှာပါ"

ဘယ်လို နှလုံးသားမျိုးနှင့် သူလို လူမျိုးကို ငြင်းဆိုချက်ထုတ်ချင်နေရသည့် ပျို့ကို သူ နားမလည်မိပေမယ့် ပျို့ရင်ထဲမှာ အတိတ်ကခံစားချက်တွေ ရှိနေပြီဆိုတာကို ပျို ရင်မဖွင့်ပါဘဲ သူ့နှလုံးသားက လက်ခံယုံကြည်လိုက်မိတော့သည်။

ဘာပဲဖြစ်ဖြစ် သူ ပျို့နှလုံးသားလေးကို ကိုယ်ချင်းစာ နားလည်ခွင့်လွှတ် ကြည်ဖြူထားခဲ့ပါသည်။

ရည်းစားကွဲမိန်းကလေးတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ထပ်မချစ်ရဘူးလို့ ဘယ်စာဆိုကမှ တင်ဖွဲ့မထား


www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာမို့ သူကလည်း ဒီကိစ္စလေးကို အသေးအဖွဲလို သဘောပိုက်မိကာ ပျို့လက်ကလေးကို ဆုပ်ကိုင်ထားရာမှ ရင်ခွင်မှာ တင်းတင်းလေး ဆွဲအပ်ပစ်လိုက်တော့သည်။

“အချစ်ဆိုတာ ရှာဖွေတိုင်း အချစ်ဖြစ်လာတာမှ မဟုတ်တာ မိန်းကလေးရယ်”

“ဟင့်အင်း ... ဘာပဲဖြစ်ဖြစ် ပျို့ကတော့ ရှင့်ကို ...”

“ဟာ ... ဟိုမှာ ... ဟိုမှာ အိမ်မြှောင်အကြီးကြီး”

“ဟင် ... ဘယ်မှာလဲ”

ရင်ခွင်မှာ ထွေးပိုက်လိုက်သည့် သူမလက်ကလေးကို ရုန်းယူနေတာလေးကို အသည်းယားပြီး တွေ့ရာ ခေါင်မိုးဆီ လက်ညှိုးကြီးညွှန်ကာ သူ ဉာဏ်များလိုက်သည်။

အဲဒီအချိန်မှာ သူမက အထာမပေါက်စွာ သူ့ညွှန်ပြသည့် ခေါင်မိုးပေါ်သို့ အလန့်တကြား မျက်ဝန်းကလေးဖြင့် ဖျတ်ခနဲအကြည့် သူ့မျက်ဝန်းတွေနှင့် ခဏဆုံစည်းသွားသည့်အချိန်မှာ သူက ချစ်ရသူလေး မျက်နှာကလေးဆီ မထင်မှတ်ဘဲ အနမ်းပွင့်ကလေးတစ်ပွင့် ခြွေချခဲ့ပြီးသားဖြစ်သွားရသည်။





“ဟင် ... ရှင်”

“ချစ်တယ် ပျို့ရယ်၊ ကိုယ် မင်းကို ဘယ်လိုချစ်မှန်းမသိဘူးကွာ၊ ကိုယ်တို့လက်ထပ်ကြရအောင်၊ ကိုယ့်ကို အခုမချစ်သေးလည်း လက်ထပ်ခွင့်ပေးရင် ကိုယ်ကျေနပ်ပြီကွာ နော်၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါတော့ကွာ၊ နော် ... ပျို့”

ပျို့မျက်ဝန်းကလေးတွေ ရှက်လန့်တကြား ဖိုပိတ်သွားသည့်အချိန်မှာ သူက အခွင့်အရေးတစ်ခုကို မနားတမ်းရယူပစ်လိုက်တော့သည်။

ဆင့်ကဲသော သူ့အနမ်းတွေကို တိတ်ဆိတ်စွာ မျက်ရည်ကျလျက် ခေါင်းကလေးခါ ငြင်းလိုက်သည့် ချစ်သူလေး မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ပင့်ညှပ်ပြီး သူ အတန်ကြာရီဝေ စူးနင့်စွာ စိုက်ကြည့်ရင်း ရင်တွင်းစကားတွေ ဖွင့်အန်သွားရတော့သည်။

“ဘာတွေ ခံစားချက်ရှိခဲ့ဖူးလို့ ငိုရတာလဲ ဟင် ပျို့”

လို့ဆိုလာတဲ့ သူ့ရဲ့ကြင်နာနူးညံ့စွာ ချော့မော့လိုက်သည့် အသံက အစ်ကိုတစ်ယောက်က ညီမလေးရဲ့ ရင်တွင်းခံစားချက်လေးကို နားလည်ခွင့်လွှတ်ပေးသည့် အသံမျိုးလို့ ပျို့ရင်ထဲ နွေးလိုက်တုန်ယင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပျို့ရင်ထဲက ခံစားနေရတာတွေကို ရှင့်ကို ဖွင့်ပြောလိုက်ရင် ရှင် ဒီနေရာမှာပဲ တစ်ထိုင်တည်း ပစ်လဲသွားမှာပေါ့ ကိုဦးမာန်ရယ်။

ပြီးတော့ မေမေကလေ ပျို့ကို အပျိုစစ်စစ်တစ်ယောက်မို့ အတိတ်ကဖြစ်ခဲ့တာတွေကို ဘာမှ ဖွင့်ပြောစရာမလိုဘူးတဲ့။

စိတ်လုံခြုံရမယ်တဲ့ ကိုဦးမာန်ရယ်။

မေမေ ရှင့်အပေါ် ဘယ်လောက်မျှော်လင့်ချက်တွေထားထား ပျို့ကတော့ ဂျန်ကလွဲပြီး တခြားယောက်ျားတစ်ယောက်ကို စစ်မှန်တဲ့နှလုံးသားနဲ့ ချစ်ဖို့ဆိုတာ ခံစားချက်မရှိတော့ပါဘူး။

ရင်ထဲမှာ လှိုက်ခနဲတုန်ယင်သွားသည့် ခံစားမှုတွေက ပျို့ကို မျက်ရည် အဆက်အပြတ်ကျမိတာကလွဲပြီး ဘာစကားမှ ဖွင့်မပြောနိုင်အောင် မွန်းကျပ်ပိတ်ဆို့သွားတော့သည်။

"အစ်ကို"

"ဟင် ... ဟင် ... ဘယ်လိုခေါ်တယ်"

သူ့မျက်နှာကြီး ဝင်းထိန်သွားကာ ပျို့ ခါးကလေးကို တင်းတင်းကြီးဖက်ပြီး မျက်နှာကြီးကိုလည်း ပူနွေးစိုစွတ်သည့် မျက်နှာလှလှလေးဆီ ငုံ့အပ်ချလိုက်တော့သည်။





"ကိုဦးမာန်"

"အင် ... လုပ်ပြီ၊ ကြည့်"

သူက မချင့်မရဲဖြစ်သွားပုံဖြင့် ပျို့ပခုံးလေးကို တင်းတင်းဖက်ပြီး မေးစေ့လေးကို ဆွဲညှစ်ပြီးပင် မော့လိုက်သည်။

ချစ်ရသူလေးမပြောချင်သည့် အတိတ်ကခံစားချက်တွေကိုလည်း သူ နားမထောင်ချင်တော့ပါ။

နားထောင်ချင်သည့် ဆန္ဒတွေလည်း မရှိတော့။

အဲဒီအချိန်မှာ မထင်မှတ်ဘဲ ဖုန်းမြည်သံတစ်ခုက သူချစ်သည့် ပျို့ဘဝလေးကို အလှည့်အပြောင်း ဖြစ်သွားရမည့် နင်သီးကြေကွဲမှုဖုန်းမှန်း သိခဲ့ပါလျှင် ဒီဖုန်းကို ချစ်သူလေးလက်ထဲကနေ သူ ဆွဲကိုင်လိုက်မိမှာဖြစ်သည်။

အခုတော့ ...

"တူ ... တူ ... တူ"

"ဟာ ... ပျို့ ဖုန်းမြည်နေတယ်၊ ကိုင်လိုက်ပါဦးကွာ၊ လိုရင်းတိုရှင်းပြောပြီး ချပစ်"

"ဆရာလုပ်လိုက်တာ၊ ပျို့ဘာသာ ဘယ်အချိန်ထိ ပြောပြော ရှင့်အကြောင်းမပါပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ ... ဒီမိန်းကလေး စကားနားမထောင်လိုက်တာ"

ပြောပြောဆိုဆို ပျို့က သူ့ရင်ခွင်ထဲမှ ရုန်းပစ်ကာ အိတ်ထဲက ဖုန်းကလေးကို ဆွဲယူပြီး ဖွင့်နားထောင်လိုက်ပါသည်။

ဖုန်းဖွင့်နားထောင်ပြီးသည့် အချိန်အထိ ပျို့ဘဝကို အချောက်ချားဆုံး ခံစားကြေကွဲမှုတွေကို ပေးလာခဲ့မည့်ဖုန်းမှန်း ပျို့ မသိခဲ့ရ။

"ဟယ်လို ... ပျို့ကညာ ပြောနေပါတယ်"

လို့ တစ်ဖက်က ဖုန်းခေါ်သံကို အသံပြုလိုက်တဲ့ အချိန်မှာ တစ်ဘက်က အသံလောလောက ပျို့နှလုံးသားထဲ ဒိုင်းခနဲ ပြေးဆောင့်သွားတော့သည်။

"ဒေါ်ရွှေရည်ပြတ့်အိမ်ကပါလား ခင်ဗျာ၊ ကျွန်တော်က ကြည့်မြင်တိုင် အမှတ်(–)ရဲစခန်းက စခန်းမှူးအောင်ရှိန်ပါ၊ ဒေါ်ရွှေရည်မြတ် အခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အရေးပေါ်လူနာအဖြစ် ရောက်နေပါတယ်၊ ကား Accident ဖြစ်လို့ သူ့အသက်အန္တရာယ် စိုးရိမ်ရပါတယ်လို့။ သူ့မိသားစုကို အကြောင်းကြားပါတယ်။ အခုချက်ချင်းပဲ ဆေးရုံကို လိုက်လာခဲ့ပါခင်ဗျာ"





"ဟင် ... မေမေ၊ မေမေ ကား Accident ဖြစ်တယ်"

လက်ထဲက တင်းတင်းကြီး ကိုင်ထားသည့် ဖုန်းကလေး ကြမ်းပြင်ပေါ် ထောက်ခနဲ ပြုတ်ကျသွားပြီး ပျို့ အရုပ်ကြိုးပြတ် လဲကျသွားသည့် အချိန်မှာတော့ ပျို့ကို လူတစ်ယောက်က ပြေးပွေ့လိုက်သည့် အသိကို အမှောင်ထဲမှာ သိလိုက်ရပြီးနောက် ပျို့ အဲဒီလူရဲ့ ရင်ခွင်ထဲမှာပဲ အဆုံးအစမဲ့ ငိုကြွေးခြင်းတွေနှင့် ငိုကြွေးလိုက်မိပါတော့သည်။

❦ ❋ ❦

www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မထင်မှတ်ထားသည့် ကံကြမ္မာဆိုးကြီးက ပို့ုတို့သားအမိကို ပျော်ရွှင်ခွင့် အချိန်ကလေး ခဏပဲ ပေးခဲ့လေသည်။

ပို့ုဘဝမှာ အားအကိုးရဆုံး မြင်းမိုရ်တောင်ကြီး ကွယ်ပျောက်သွားသည့် အချိန်ကစပြီး အဆုံးအစမဲ့ ခံစားချက်၊ ရှုံးသွပ်ကြေကွဲခြင်းတွေနှင့် ပို့ုဘဝတစ်ခုလုံး မှောင်မိုက်တိတ်ဆိတ်သွားတော့သည်။

မယုံနိုင်အောင် လျှပ်တစ်ပြက် ဖြစ်သွားသည့် ကံကြမ္မာဆိုးကြီးကို ပို့ု ဘယ်လောက်အထိ ရှုံးသွားသလဲဆိုရင် မေမေ မရှိသည့် တိုက်ခန်းကျဉ်းကလေးထဲမှာ အမှောင်ချပြီး မေမေ့ကို တစ်ညလုံး တမ်းတမ်းတတ တိုင်တည်နေခဲ့မိသည်။



"မေမေ ... မေမေ ... ပို့ုစကားပြောသံတွေကို ကြားနေရတယ် မဟုတ်လားဟင်၊ ကြားနေရပါတယ်၊ မေမေ့စကားကိုလေ ပို့ု ... ပို့ု မြေဝယ်မကျ နားထောင်ခဲ့ပါတယ်၊ မေမေ မသေခဲ့ပါဘူးနော်၊ ဟင့်အင်း ... ဟင့်အင်း ... မေမေ မသေပါဘူး"

တစ်ယောက်တည်း အမှောင်ထဲမှာ မျက်ရည်တွေ မခန်းနိုင်အောင် ကြေကွဲခဲ့ရသည့် ခံစားမှုတွေကို ...

ပို့ုကိုသိပ်ချစ်သည့် ယောကျ်ားတစ်ယောက်က မလစ်တမ်း စောင့်ကြည့် နှစ်သိမ့်ရင်း ပို့ုကို ဖည့်ခန်းဆက်တီဆီ ဆွဲခေါ်သွားခဲ့လေတော့သည်။

"ပို့ုရယ်... မင်းလည်း ဒုက္ခတွေ ခံစားလိုက်ရတာ၊ ကိုယ် ... ကိုယ် မကြည့်ရက်ဘူး"

ပို့ုမျက်ရည်တွေကို ဖွဖွပွတ်သုတ်ရင်း ပျော့ခွေနွမ်းဖျော့နေသည့် ပို့ုကိုယ်လုံးလေးကို ပွေ့ချီကာ ဖည့်ခန်းဆက်တီမှာ မှီထိုင်ပေးလိုက်သည်။

"ပို့ု ... ပို့ု ... သေချင်တယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ပျိုရယ် ... ကိုယ် ရှုံးအောင် မင်း မပြောပါနဲ့လားကွာ။ ညဉ့်နက်ပြီ၊ အိပ်ဆေးလေးသောက်ပြီး အားရှိအောင် အိပ်လိုက်နော် ... နော် ... ပျို"

ဦးမာန်သည် ချစ်ရသူလေး စိတ်ဆင်းရဲ သောကတွေကို မျှဝေခံစားရင်း အန်တီ ဆုံးပြီးကတည်းက နှစ်ပတ်လုံးလုံး ဘာအစားအစာမှ ဖြစ်ဖြစ်မြောက်မြောက် မစားသည့်အတွက် ဆရာဝန်ခေါ်ပြီး အားဆေးထိုးရပြီး ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် အိပ်ဆေးတိုက်ပြီး သိပ်ခဲ့ရသည်အထိ ချစ်သူလေးက ခေါင်းမာခဲ့တာဖြစ်သည်။

အခုလည်း ခေါင်းမာလွန်းသည့် ချစ်သူလေးကို သူ ချော့မော့နှစ်သိမ့်ကာ အိပ်ဆေးတိုက်လိုက်ရသည်။

"ပျို ... ကလေး၊ အိပ်ဆေးသောက်မယ်နော်၊ အိပ်ဆေးသောက်ပြီး အိပ်လိုက်တော့နော်၊ ဒါမှ မနက်ကျ လန်းလန်းဆန်းဆန်း ဖြစ်သွားမှာနော် ပျို"

"ပျို မသောက်ချင်ဘူး"

ခေါင်းကလေး တစ်ချက်ခါပြီး မျက်ရည်စလေးပေါက်ခနဲ ကြွေကျသွားသည့် ချစ်ရသူလေး ရင်တွင်းပူဆွေးသောက





တွေကို သူ ဘယ်လိုသနားကြင်နာသွားရမှန်း မသိအောင် ဖြစ်သွားရတော့သည်။

ဖြစ်ရလေ ကလေးရယ် ...

မင်းဘဝ ဒီလောက် အထီးကျန်ဆန်ခဲ့တာ ကိုယ် ... ကိုယ် မကြည့်ရက်ဘူး။

သိပ်ချစ်လွန်းတဲ့ မင်းတို့သားအမိနှစ်ယောက် အခုလို မထင်မှတ်တဲ့ ဂြိုဟ်ဆိုးကြီး ဝင်နှောက်သွားတာ ကိုယ်လည်း အန်တီ့အတွက် ဖြေမဆည်ဖြစ်ခဲ့ရတယ်။

အန်တီဆုံးပြီးတဲ့ နေ့ကတည်းက အန်တီ သင်္ဂြိုဟ်တဲ့နေ့အထိ ခဏ ခဏ သတိလစ်သွားသည့် ချစ်သူလေးကို အလစ်မပေးဘဲ အနားက မခွာဘဲ ပြုစုစောင့်ရှောက်ခဲ့တာ အခုဆိုရင် အန်တီ ရက်လည်ပြီးလို့ နောက်တစ်ပတ်တောင် စွန်းသွားခဲ့ပါပြီ။

ချစ်သူလေးက အိပ်ရာထဲမှာ ဗုန်းဗုန်းလဲရာမှ မထဘဲ သတိရသည့်အခါ သူမမေမေကို တမ်းတငိုကြွေးရင်းဖြင့် စကားပြောခဲ့သည့် ချစ်သူလေးကို သူက အမိအရ စကားပြန်ပြော လာအောင် စိတ်ပြေလက်ပျောက် ရောက်တတ်ရာရာ ပြောပြခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကား Accident ဖြစ်ပြီး ဆေးရုံတင်ခဲ့ရသည့် အန်တီသည် ဆေးရုံမှာ တစ်နာရီပဲ နေလိုက်ရပြီး သူနှင့်ပျို ရောက်ပြီး သိပ်မကြာသည့် အချိန်မှာပဲ ပျိုနှင့် သူ့ကို ကျောခိုင်းသွားခဲ့လေပြီဖြစ်သည်။

ရုတ်တရက်ကြီး ဖြစ်သွားသည့် အန်တီ့အဖြစ်ဆိုးတွေကို ဖြေမဆည်ဖြစ်ခဲ့သည့် ပျိုကတော့ အန်တီ ရက်လည်ပြီးလို့ တစ်ပတ်စွန်းသွားသည့် အချိန်အထိ လူမမာတစ်ယောက်လိုနုံးခွေသွားပြီး အိပ်ရာထဲမှာ ဗုန်းဗုန်းလဲသွားတော့သည်။

ဗုန်းဗုန်းလဲသွားသည့် ပျိုကို ပြုစုစောင့်ရှောက်ဖို့သူ့မိသားစုနှစ်ကလေးကို ခေါ်ထားပြီး သူ့အိမ်က အိမ်ဖော်ဒေါ်ကြီးဖြင့် အတူအိပ်စေကာ သူကတော့ ပျို အိပ်ပြီးသည့်အချိန်မှအိမ်ပြန်အိပ်ခဲ့လေသည်။

အခုလည်း ချစ်သူလေး မအိပ်မချင်း ချော့ချော့မော့မော့ တိုက်ခဲ့ရလေသည်။

"သောက်ပါ ပျိုလေးရယ်၊ ဒီမှာ ကော်ဖီလေးတစ်ခွက်ကုန်အောင် သောက်ပစ်လိုက်"

"အဲဒီ ကော်ဖီထဲမှာ အိပ်ဆေးထည့်ထားတာ မသောက်ဘူး၊ သွန်ပစ်မယ်"





ပြောပြောဆိုဆို ပျိုက ကော်ဖီခွက်ကလေးကို ကောက်ကိုင်ပြီး နံရံမှာ ခွမ်းခနဲ ပစ်ပေါက်ခွဲပစ်လိုက်လေသည်။

သူ ပျို့ကို စိတ်မသက်မသာကြည့်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။

အဲဒီလို သောင်းကျန်းလွန်းလို့ ပျို့ကို သူ့ရဲ့အိမ်ဖော်ဒေါ်ကြီးနှင့် နှစ်မလေးက ကြောက်ပြီး တိတ်တိတ်ကလေး အိပ်ခန်းထဲ ဝင်အိပ်ခဲ့ပြီဖြစ်သည်။

သူ့မှာသာ မမောနိုင် မပန်းနိုင် ပျို မအိပ်မချင်း ပျို့ကို နှစ်သိမ့်ခဲ့ရလေသည်။

ဒီကနေ့မှာတော့ မိုးလင်းသည်အထိ ငုတ်တုတ်ကြီးထိုင်နေသည့် ပျို့အနားမှာ ထိုင်စောင့်ရင်း သူလည်း တစ်ရေးမှမအိပ်လိုက်ရဘဲ မိုးထိန်ထိန်လင်းသည်အထိ ပျို့အနားမှာ ပျို့ကိုနွေးနွေးလေး ပွေ့ဖက်နှစ်သိမ့်ရင်း တရားချခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"အစားမစားရင် ကြာရင် ပျို့ ဒုက္ခရောက်မှာ၊ စားလိုက်နော်၊ ဒီမှာ ကြက်သားကြော်၊ ဒါက ဟင်းချို၊ ကြက်သားနဲ့မြူစွမ်ရောပြီး ကိုယ်ကိုယ်တိုင် ချက်ထားတာ၊ ဟင်းချိုကလေး သောက်ကြည့်ပါဦး ပျို့၊ ချိုနေတာပဲ၊ ဒီမှာမြည်းကြည့်ပါဦး"

ဟင်းချိုကလေးကို ဇွန်းခွက်ကလေးဖြင့် ခပ်တိုက်လာသည့် သူ့ကို ပျို့ အားနာသနားသွားရသည်။

ပျို့ဒဏ်ကို သူကလွဲပြီး တခြားဘယ်သူ့မှ မခံနိုင်ခဲ့ချေ။





သူ့အိမ်က အိမ်ဖော်ဒေါ်ကြီးနှင့် နှစ်မလေးကလည်း သူ့ညြဓာကို မလွန်ဆန်ရဲလို့သာ အခုလို ပျို့အိမ်မှာ အဖော်အဖြစ် ကြိတ်မှိတ်သည်းခံနေရပုံရသည်။

"ရော့ ... ပျို့၊ သောက်ကြည့်စမ်းပါဦး"

"အစ်ကို"

"ဟင်"

ဟင်းချိုဇွန်းကလေးကို ပျို့က ယူမသောက်မိသေးဘဲ ခေါင်းကလေးတစ်ချက်ယမ်းရင်း သူ့ကို ခပ်တည်တည်လေးစိုက်ကြည့်လိုက်တော့ သူက နားမလည်သည့် မျက်ဝန်းတွေဖြင့် စိုက်ကြည့်လာသည်။

"ဘာလဲ ပျို့"

ဘာစကားမှ မပြောသေးဘဲ မေမေ့ကို တမ်းတစိတ်ဖြင့် ကြေကွဲသွားသည့် ပျို့က သူ့ကို မျက်ရည်လေးတွေဖြင့် မော့ကြည့်လိုက်မိသည်။

"ပျို့ဘဝမှာလေ ပျို့ကို မေမေနဲ့ထပ်တူ မေတ္တာအထားနိုင်ဆုံးသူက အစ်ကိုပါပဲ၊ အစ်ကို့ရဲ့မေတ္တာတွေက ပျို့ကိုနွေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးလုံခြုံခဲ့တယ်၊ အင်အားဖြစ်ခဲ့တယ်၊ ပျို့ဘဝမှာ အစ်ကို
သာ မရှိခဲ့ရင်လေ ပျို ... ပျို သေသွားနိုင်ပါတယ်"

"စိတ်မကောင်းစရာတွေ တွေးမနေပါတော့နဲ့ ပျိုရယ်၊
အခု ပျို့ဘဝမှာ အစ်ကိုက မားမားမတ်မတ် ရှိနေခဲ့ပြီပဲ၊
ပြီးခဲ့တဲ့ ကံကြမ္မာကိုလည်း ပျိုလေး ဘာမှတွေးမနေတော့
နဲ့နော် ပျို"

ပျို့ခေါင်းကလေးကို ဖွဖွလေး ဖိပွတ်ပေးလာတာက
အစ်ကိုတစ်ယောက်က ညီမလေးကို ချော့မော့ကြင်နာသလို။ ပျို
အစ်ကို့လက်နှစ်ဖက်ကို ပြန်ဆုပ်ကိုင်ရင်း အစ်ကိုကြီးတစ်ယောက်
လို အရင်းနှီးဆုံး အားကိုးစိတ်ဖြင့် မြတ်နိုးသွားတော့သည်။

"အစ်ကို ဘာဖြစ်လို့ ပျို့အပေါ် ဒီလောက်ကောင်းရတာလဲ
ဟင်"

အားကိုးတွယ်တာခြင်းတွေက ရင်ထဲက စကားတွေ
ကို မမျိုသိပ်နိုင်ဘဲ ဖွင့်မေးမိရက်သား ဖြစ်သွားရသည်။

သူက ပျို့အမေးကို ပါးနှစ်ဖက်တွန့်သွားသည်အထိ
သဘောကျစွာ ပြုံးသွားခဲ့လေသည်။





အဲဒီနောက် ပျို့ပါးပြင်ကလေးနားသို့ သူ့ပါးကြီးနှင့်
ပွေ့အပ်မတတ် မျက်နှာကြီး ငုံ့ချလိုက်ကာ ...

"ချစ်လို့ မြတ်နိုးလို့၊ ပြီးတော့ ..."

"ဟင် ... ပြီးတော့ ဘာဖြစ်လဲ"

"အရမ်းသနားလို့ပေါ့ အသက်ရယ်"

"ဟင်"

ပျို့ မျက်ဝန်းကလေးတွေ ဝေသီမှုန်မှိုင်းသွားရကာ
မျက်ရည်စလေးတွေ မျက်ဝန်းအိမ်မှာ ချက်ချင်းပြည့်အိုင်လာခဲ့သည်။

ပျိုက အစ်ကို့အတွက် သနားစရာ အကောင်းဆုံး
မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့တာက အစ်ကို့ကို ချစ်မြတ်နိုး
ခြင်းအဖြစ် ကူးခတ်ပျော်ဝင်သွားခဲ့တာလား မသိ။

အစ်ကိုနဲ့ တွေ့စတုန်းက မေမေ အစ်ကိုနဲ့သဘော
တူလွန်းလို့ တန်ဆတ်နေသည့် အမူအရာများကလည်း ပျို့မျက်
ဝန်းထဲမှာ ရုပ်သေဗီဒီယိုပြကွက် ဖြစ်သွားတော့သည်။

"ဟား ... မေမေ့ကို သတိရလိုက်တာ"

"ဟာ ... ပျို ... အချစ်၊ ထမင်းစားမယ်ကွာ၊ အစ်ကို
ထမင်းဆာလှပြီ၊ အစ်ကို့လည်း ကိုယ်ချင်းစာပါဦးနော် ...
ပျို"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဆုံးတာ နှစ်လကျော်သွားပြီနော်"

"အင်း"

"အစ်ကိုကရော မေမေ့ကို 'သတိမရဘူးလား"

"သတိရတာပေါ့ အချစ်ရယ်၊ သိပ်လည်း လွမ်းတာပေါ့၊ ဒါပေမဲ့ အစ်ကို့ရင်ထဲမှာပဲ ကြိတ်မှိတ်ခံစားရတာပေါ့၊ အချစ်က အရမ်းကြေကွဲနေတော့ ကိုယ် ပိုပြီးခံစားရတယ်"

"မေမေက ပြောတယ်"

"အင်း"

"ပျို့က အစ်ကို့ကိုပဲ လက်ထပ်ရမယ်တဲ့"

အစ်ကို့မျက်ဝန်းတစ်စုံ တောက်လက်သွားတာလေးကို ပျို့ သနားကြင်နာစွာ စိုက်ကြည့်ရင်း လည်ပင်းခြောက်ကာ တံတွေးတစ်ချက် မျိုချလိုက်မိသည်။

"ပျို့ကရော အစ်ကို့ကို လက်မထပ်ချင်ဘူးလားဟင်"

အစ်ကို့အမေးစကားကို ပျို့ ဖြေစရာ စကားလုံး ရင်ထဲမှာ မရှိအောင် ပိန်းသွားရသည်။

အခုလို အချိန်မျိုးမှာ ဂျန့်ကို မထင်မှတ်ဘဲ ပြန်ဆုံခွင့်ရခဲ့မည်ဆိုလျှင် ပျို့ ဘာကို ခိုင်ခိုင်မတ်မတ် ဆုံးဖြတ်ချက်ချရတော့မလဲ။





"ငါ့ရင်ထဲမှာ နင်ကလွဲပြီး တခြားယောက်ျားတစ်ယောက်ကို လက်မထပ်ပါဘူးဆိုပြီး ဖိုးလမင်းကြီးကို တိုင်တည်သစ္စာပြုရင်း ဂျန့်ကို စောင့်ချစ်ခဲ့တာ၊ ငါ့နှလုံးသားက အသိဆုံးပါ။ ဒါပေမဲ့ အခုချိန်မှာ ငါ့ဘဝမှာ ငါတစ်ယောက်တည်း အထီးကျန်ဆန်စွာနဲ့၊ ဘဝပြဿနာ ရင်ဆိုင်ခဲ့ရပြီ ဂျန်၊ အခုလိုအချိန်မျိုးရောက်မှ ဂျန်နဲ့ ပြန်ပြီးဆုံစည်းရပါစေလို့ ငါ ဘုရားမှာ ဆုမတောင်းတော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား ဂျန်၊ ငါ့ဘဝအတွက် အကောင်းဆုံး နွေးထွေးမှုတွေ ပေးအပ်ခဲ့တဲ့ အစ်ကိုကြီးတစ်ယောက်လို အားကိုးရတဲ့ အစ်ကို ရှိနေခဲ့လို့ပါ ဂျန်ရယ်"

ရီဝေဝေ မှုန်မှိုင်းမှိုင်း ရင်ထဲက စကားသံတွေကို အစ်ကိုသိအောင် မကြာမီအချိန်မှာပဲ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါသည်။

ရင်ထဲက အသံတိတ်စကားတွေက ရုပ်သေပုံရိပ်အဖြစ် ကူးပြောင်းကာ ပျို့ ဝမ်းနည်းသွားသည့် ခံစားကြေကွဲသမှုကို မျိုသိပ်ရင်း အစ်ကို့အတွက် အကောင်းဆုံး အဖြေတစ်ခုကို ပေးလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ပျို့က မေမေ့စကားကို ဟိုးငယ်ငယ်လေးကတည်းက မြေဝယ်မကျ နားထောင်ခဲ့တဲ့သူပါ အစ်ကို”

“အဲဒီတော့ မေမေ့စကားကို နားထောင်ပြီး အစ်ကို့ကို မချစ်ဘဲ လက်ထပ်မယ်ပေါ့၊ ဟုတ်လား”

မချစ်ဘူးလို့လည်း ပျို့ရင်ထဲမှာ မပြောရက်ပါဘူး အစ်ကို။

ဒါပေမဲ့ ... ချစ်တယ်လို့လည်း ပျို့ ဝန်မခံချင်ပါဘူး။

“ဟုတ်လား ... အသက်”

ပျို့ရင်ထဲမှာ ခဲကြီးကြီး ဆွဲထားသလို လေးလံကာ အစ်ကို့ကို ဖြေရှင်းရကျပ်သည့် မျက်ဝန်းတွေဖြင့် မော့ကြည့်လိုက်မိသည်။

အစ်ကိုက ဒါကို နားလည်သဘောပေါက်လွယ်ကာ ခေါင်းတစ်ချက်ညိတ်ရင်း ပျို့ပခုံးလေးကို နှစ်သိမ့်အားပေးသလို လေး ပုတ်လိုက်သည်။

“အခုချိန်မှာ ထမင်းစားတာပဲ အကောင်းဆုံးပဲ၊ အစ်ကို ထမင်းဆာလှပြီ ပျို့ရဲ့”

“ဟုတ်ကဲ့ ... စားလေ အစ်ကို”





“အချစ်စားမှ အစ်ကိုစားမယ်၊ အချစ်မစားရင် အစ်ကိုလည်း မစားဘူး အငတ်ခံမယ်”

“စားမှာပါ၊ ပျို့ စားမယ် အစ်ကို”

“အိုကေ ... ဒါဆို ထမင်းစားကြစို့ ပျို့”

ပျို့စားဖို့ အဆင်သင့် ဇွန်းလေးတပ်ပြီး ကြက်သားဖတ်တွေ နွှာပေးလာခဲ့သည့် ဤယောကျာ်းကို အားကိုးချင်စိတ် တစ်စိတ်တည်းဖြင့် ပျို့ လက်ထပ်ဖို့ ဆုံးဖြတ်မိတာဟာ ပျို့နှလုံးသားလေးကို ပိုပြီးအနာတရ ဖြစ်များဖြစ်သွားခဲ့ရပြီလား။

အစ်ကိုကတော့ ...

ပျို့ရင်ထဲက ခံစားချက်ကို သိလျက်နှင့် ဘာမှမမေးတော့ဘဲ ထမင်းဆာဆာဖြင့် ထမင်းကိုသာ မည်းသည်းစားလိုက်လေတော့သည်။

ပျို့ကတော့ သူနွှာပေးသည့် ကြက်သားဖတ်ကလေးကို ဝါးရင်း အန်မထုတ်မိအောင် ရေဖြင့် အကြိမ်ကြိမ်မျှောရင်း ထမင်းဝင်အောင် ကြိုးစားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"လူတစ်ယောက်ကို လက်ထပ်ချင်တယ်၊ လက်မထပ်ချင်ဘူး ဒါ ဘာ စိတ်ခံစားမှု သက်သက်ပါ အစ်ကို"

အင်းယားကန်စောင်း တစ်နေရာမှာ ပျိုနှင့် သူ လှိုင်းထနေသည့် ရေပြင်လေးကို စိုက်ကြည့်ရင်း ပျိုက စကားစ လိုက်သည်။

ဒီနေ့မှာတော့ အတိတ်က ပျို့အကြောင်းတွေကို ရင်နာနာနှင့် ပျို ရင်ဖွင့်ရတော့မည်ဖြစ်သည်။

ဘာဖြစ်လို့များ ပျို့ဘဝဟာ ဒီလောက်အထိ ခံစား ကြကွဲမှုတွေနဲ့ နင့်သီးခံစားခဲ့ရတာလဲ မသိ။





တစ်ဆစ်ချိုး ဘဝအပြောင်းအလဲတွေမှာ ပျိုသည် ဘဝရဲ့လှိုင်းပုတ်မှုကို ခပ်ကြမ်းကြမ်း ဒဏ်ခံခဲ့ရသည်။

ဂျန်နှင့် လမ်းခွဲခဲ့တုန်းက လှိုင်းပုတ်သည့်ဒဏ်ကြီးကို အပြင်းအထန် ခံစားခဲ့ရသလို အခု သက်လတ်အရွယ်ရောက်ရပြန်တော့လည်း ဈေးသွားရင်း ကား Accident ဖြစ်ပြီး ရုတ်တရက် ဆုံးခဲ့ရသည့် မေမေ့ရဲ့ကံကြမ္မာဆိုးကြီးကြောင့်လည်း ပျို့နှလုံးသားလေး လှိုင်းပုတ်မှုဒဏ်ကြီးကို ပြင်းပြင်းခံစားခဲ့ရလေသည်။

အခုလည်း ...

တစ်ချိန်တုန်းက လှိုင်းထခဲ့ရသည့် ဘဝဇာတ်ကြောင်းတွေကို ပြန်မပြောချင်ခဲ့ပါဘဲနှင့် ပြန်ပြောရပေဦးမည်။

"အခုလို အချိန်မျိုးမှာ ငါ နင့်ကို ပိုပြီးသတိရနေတယ် ဂျန်"

ရင်ထဲက စကားတွေက ပျို့ မျက်ဝန်းကလေးမှာ ရိုမွေးပုထုံသွားသလို အစ်ကိုကလည်း ပျို အတိတ်က ခံစားခဲ့သမျှ ရင်ဖွင့်မှာကို ကြိုတင်သိနှင့်သည့် ရင်တထိတ်ထိတ် မျက်ဝန်းတွေဖြင့် အသက်ကို မှုန်းမှုန်းရှူပြီး ပျို့စကားတွေကို ငံ့လင့်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းနေပုံမှာ ပျို့ရင်ကို လှိုက်ခနဲ ဝမ်းနည်းသွားသည်အထိ ခံစားလိုက်ရလေသည်။

"ပျို ပြောတဲ့ အကြောင်းအရာတွေကို အစ်ကို ပျို့ကို ဘာမှမမေးတော့ဘူးလားဟင်"

"မေးချင်ပါတယ်၊ ဒါပေမဲ့ ..."

မင်း ရင်ထဲက ခံစားကြေကွဲခဲ့ရတာတွေကို အစ်ကို သိနေခဲ့တယ်။

ဒါပေမဲ့ အစ်ကို သိရှိတဲ့ခံစားချက်က မင်း ရည်းစားထားခဲ့မှုးတယ်။

မင်းရည်းစားကောင်လေးဘက်က သဘောမတူလို့ မင်းတို့ လမ်းခွဲခဲ့တယ်။

မင်း ဒါကြောင့် သူ့ဗျွေးယောက်ျားတွေကို စိတ်နာနေတယ်။

ဟုတ်တယ် မဟုတ်လား ပျို။

အဲဒါပဲ မဟုတ်လား။

ဒါပဲ ကိုယ်ကြားချင်ပါတယ်။

"ဒါပေမဲ့ ဘာဖြစ်လဲ ဟင်"





"သြော် ... လက်ထပ်ချင်စိတ် ဖြစ်ခဲ့ရတာတွေက အချစ်ကြောင့်လို့ ခံစားရတာပဲ၊ အချစ်ရှိရင် အရာရာ ပြည့်စုံတယ်၊ ကိုယ် လက်ခံထားတဲ့ အစိတ်အပိုင်းက ဒီလောက်ပါပဲ"

"တစ်ခါတစ်ခါကျ အချစ်က ဘဝနဲ့သက်ဆိုင်လာရင် ဟိုးအဝေးကြီးကို ပြန့်ပစ်ကျသွားမှာပဲ အစ်ကို"

"ပျို ဘာကိုပြောချင်သလဲ၊ အစ်ကို ရင်ဆိတ်ရမဲ့စကားဟာ ပျိုဟာ အိမ်ထောင်ရှိပြီးသား မိန်းကလေး ဖြစ်ခဲ့မှာဆိုတာ ဟစ်ခုပဲ ကိုယ် ရင်ထိတ်တယ်၊ ကြောက်တယ်၊ ရည်းစားကွဲ ဘာကွဲကို ကိုယ် သိပ်ဂရုစိုက်တဲ့ကောင်မဟုတ်ဘူး ပျို"

ဇွတ်မိုတ်ပြီး သူ ပြောချလိုက်သည့် စကားတွေက ပျို့နှလုံးသားလေးကို တည့်တည့်ထိမှန်သွားရလေသည်။

ပျို သူ့ကို ဘာစကား ပြန်ပြောရမှန်း မသိအောင် ရင်ထဲမှာ ကွက်လပ်ကြီး ထင်းထင်းဖြစ်သွားတဲ့ အချိန်မှာ အစ်ကိုက ပျို့ပခုံးကလေးကို ခပ်တင်းတင်း ဆွဲဖက်ပြီး သူ့ရင်ဘက်ကြီးဆီ ဆွဲလှည့်ပစ်လိုက်လေသည်။

ပျို့မှာ ဘာမှ ပြောစရာမရှိတော့ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြောချင်တော့ပါဘူး။

ဟိုတစ်ချိန်တုန်းက ပျိုဟာ ယောကျ်ားတစ်ယောက် နောက်ကို လိုက်ခဲ့မှုပြီး ညတွင်းချင်း အခွဲခံခဲ့ရတဲ့ အပျိုစစ်စစ် မိန်းမတစ်ယောက်အဖြစ်ပဲ ပျို ရင်ထဲကနေ ဝန်ခံရဲခဲ့ပါတယ်။

တကယ်တမ်း ဖွင့်ပြောရမယ့် အချိန်မှာ ပျို အစ်ကို့ကို ရင်မဆိုင်ရဲဘူး။

"ဟင် ... အစ်ကို ပြောတာတွေက ပျိုပြောတဲ့စကားနဲ့ ဘယ်အရာက ပိုပြီးအကျုံးဝင်ခဲ့သလဲ၊ ပြောပါဦးကွာ၊ ပျို ဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေး၊ ကိုယ့်ကို လိမ်ညာလှည့်စားမဲ့ မိန်းကလေး မဟုတ်ဘူးဆိုတာ အစ်ကို ယုံတယ်၊ မင်း ..."

"အစ်ကို ... ပျို ... ပျိုပြောခဲ့တဲ့ စကားတွေက အစ်ကို့အတွက် အခံစားရဆုံးစကား ဖြစ်မှာပဲ၊ ပျို ... ပျို ... အပျိုစစ်စစ်ပါ၊ ဒါပေမဲ့ ပျို ချစ်တဲ့ ယောကျ်ားတစ်ယောက် နောက်ကို သူ အတင်းနိုးပြေးလို့ လိုက်သွားခဲ့ရပြီး၊ အဲဒီ ညတွင်းချင်း အခွဲခံခဲ့ရတဲ့သူပါ"





အတိတ်ရဲ့ခံစားမှုပုံရိပ်က ပျို့နှလုံးသားလေးကို ပိန်းမှောင်မှုန်းကျပ်သွားရပြီဖြစ်သည်။

ပိုပြီးမှုန်းကျပ်ကြေကွဲသွားရသည်က ပျို့စကားအဆုံးမှာ အံ့ဩလွန်းလို့ ကြက်သေ,သေပြီး ပျို့ကို မယုံနိုင်လွန်းသည့် ကြေကွဲမျက်လုံးတွေဖြင့် စိုက်ကြည့်ပြီး အတန်ကြာမှ မျက်နှာကြီးကို လက်ဝါးနှစ်ဖက်ဖြင့် ဖိအုပ်ရင်း ဒူးနှစ်လုံးကြားထဲ ခေါင်းငိုက်စိုက်ကျသွားသည့် အစ်ကို့ကို ပျို မကြည့်ရက်တော့ဘဲ ပျို တစ်ဘက်လှည့်ကာ မျက်ရည်လိမ့်ခနဲ စီးကျသွားတော့သည်။

ပျို မခံစားနိုင်တော့ဘူး အစ်ကို။

တစ်နေ့ကျ ဒီလိုခံစားရမယ်ဆိုတာသိလို့ ပျို အစ်ကို နဲ့ အဝေးဆုံးဖြစ်အောင် နေခဲ့ပေမယ့် ကံကြမ္မာက ဝေးအောင်နေခွင့်မပေးခဲ့ဘူး မဟုတ်လား။

အခုတော့ နှစ်ယောက်စလုံး ကြေကွဲခံစား ပူလောင်နေရပြီ မဟုတ်လား။

တိတ်ဆိတ်ကြေကွဲစွာ ဒူးနှစ်လုံးကြားကို ခေါင်းကြီးပစ်ဝင်သွားသည်အထိ ခံစားလိုက်ရသည့် အစ်ကို့မျက်နှာကြီး ဖြုန်းခနဲ ပြန်မော့လာသည့်အချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ခံစားလိုက်ရသည့် နာကျင်ကြေကွဲမှုတွေ ထင်းထင်းကြီး ထင်ဟပ်နေသည့် အစ်ကို့မျက်နှာရဲရဲကြီးက ပျို့နှင့် သူ့ကို ကမ္ဘာတစ်ခု ခြားသွားသလို ခံစားလိုက်ရပါသည်။

ပျို့ နားလည်လိုက်ပါသည်။

အစ်ကို ပျို့ကို သိပ်နာကြည်းသွားပြီဆိုတာ ...

ပျို့ အစ်ကို့ကို လိမ်လည်ခဲ့တာ ဘာတစ်ခုမှ မပါဘူး အစ်ကို။

"မင်း ... မင်း ... ငါ အရမ်းခံစားရအောင် ဘာဖြစ်လို့ ဒီအကြောင်းတွေ ဒီအချိန်မှာ လာပြောရသလဲ၊ လာပြောခဲ့ရသလဲ ပျို့"

တစ်စပြင်က ထွက်ပေါ်လာသည့် အသံကြီးဖြင့် လွမ်းလွမ်းဆွတ်ဆွတ်ကြီး ပြောလာသည့် သူ့အသံကြီးက သူနှင့် ပျို့ကို အတိုင်းအတာ တစ်ခုအထိ သူစိမ်းဆန်သွားသလို စည်းခြားသွားတော့သည်။

ပျို့ရင်ထဲမှာ ဗလာမဲ့ တိတ်ဆိတ်ငြိမ်သက်သွားသည့် အချိန် သူကလည်း အသံတိတ် ငိုကြွေးနေခဲ့လေသည်။





နှုတ်ခမ်းနှစ်မွှာကို တင်းတင်းကြီးစေ့ကြိတ်ပြီး ရီဝေညှို့မှိန်သည့် မျက်ဝန်းထဲမှ တစ်ပေါက်ချင်းစီးကျလာသည့် အစ်ကို့မျက်ရည်တွေက ပျို့နှလုံးသားလေးကို သူနှင့် အဝေးဆုံးလွင့်စဉ်ထွက်ကျသွားတော့သည်။

အစ်ကိုရယ် ... ပျို့ကို ခွင့်လွှတ်ပါလို့ ပျို့ ဘယ်လိုနှလုံးသားမျိုးနဲ့မှ မတောင်းဆိုရက်ပါဘူး။

"ငါ ... ငါ အရမ်းခံစားရတယ် ပျို့ရယ်၊ ယုံလည်းမယုံဘူး၊ မယုံဘူးကွာ"

အခုထိ ရှုံးသွပ်နေသေးသည့် အစ်ကို့ကို ပျို့ မကြည့်ရက်တော့။

"ပျို့အကြောင်းတွေကို အစ်ကို သိသွားရင် အစ်ကို ပျို့ကို ခွင့်မလွှတ်နိုင်ဘူးဆိုတာ ပျို့ သိပါတယ်"

သူ့အရှေ့မှ ပျို့ ခေါင်းကလေးငုံ့ကာ လှိုင်းထသည့် ရေပြင်ကို ငေးကြည့်နေလိုက်သည်။

သူကတော့ အနောက်မှ ခေါင်းကြီးပေါ် လက်နှစ်ဖက်ယှက်တင်ပြီး ကြားခဲ့ရသည့် သူ့အတွက် ဘဝပျက်မတတ်စကားတွေအတွက် မယုံနိုင်သလို လက်မခံနိုင်အောင် သည်းခြေပျက်ခံစားရသည့်ရင်ဖြင့် အတန်ကြာ စွန့်အ,တိတ်ဆိတ်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com

ပျို့အရှေ့ကနေ ချာခနဲ လှည့်ထွက်သွားတော့သည်။

ဘာစကားမှ မပြောတော့ဘဲ ...

ချာခနဲလှည့်ထွက်သွားသည့် အစ်ကို ရင်တွင်းအလွမ်းတွေက ပျို့နှလုံးသားမှာ ဗလာမဲ့ မှောင်ပိန်းသွားတော့သည်။

"ပျို့အကြောင်းတွေကို သိသွားပြီဆိုတော့ ...

အစ်ကို ပျို့ကို ခွင့်မလွှတ်နိုင်ဘူးဆိုတာကို ...

ပျို့လက်ခံယုံကြည်လိုက်ပါပြီ ..."

မိန်းမတစ်ယောက်ကို ချစ်တဲ့ယောကျ်ားတစ်ယောက်ရဲ့အချစ်က "ဘာ"ဆိုတာကို ပျို့ ရှာဖွေတွေ့ရှိခဲ့ပါပြီ။

ဒီလို ရှာဖွေတွေ့ရှိခဲ့ပြီမို့ ပျို့ အချစ်ဆိုတာ ဘာလဲဆိုတာ သိခဲ့ရသလို ယောကျ်ားတစ်ယောက်ကိုလည်း မချစ်ချင်လောက်အောင် နာကြည်းမုန်းတီးသွားခဲ့ပါသည်။

❣ ✱ ❣





# ( ၂၂ )

"ဟင်"

တစ်ယောက်တည်း ခြောက်ခန်းတိတ်ဆိတ်စွာ ကန်ရေပြင်လေးကို ငေးရီရီလေး စိုက်ကြည့်နေသည့် ပျို့အနီးဆီသို့ အနီးဆုံးကပ်ရပ်လိုက်သည့် လူတစ်ယောက်ရဲ့ ရင်ခွေ့က ပျို့နှလုံးသားကို လာရောက်ရိုက်ခတ်သွားသည်။

ဖျတ်ခနဲ မျက်လွှာကလေးသိမ်းပြီး မော့အကြည့် ...

လုံးဝမျှော်လင့်မထားခဲ့သည့် လူတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ပျို့ရဲ့ကြွေလုလုနှလုံးသားတွေ "ဟီး" ခနဲ ပွင့်ထွက်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



အံ့သြလွန်းလို့ ခေါင်းက ခေါင်းမွေးထောင်သည်အထိ ကြက်သီးထသွားသလို ပါးစပ်ကလေး ပွင့်ဟလျက် ရင်ထဲက အသံဖြင့် ...

"ဂျန်"လို့လည်း တစ်လုံးတည်း ရေရွတ်လိုက်မိပြီး အတန်ကြာမှ မှင်တက် တိတ်ကျသွားတော့သည်။

အို ... ကံကြမ္မာကြီးရယ် ဆန်းကြယ်လွန်းလိုက်တာ။

လုံးဝ မမျှော်လင့်တော့ပါဘူးဆိုပြီး စိတ်ဒုန်းဒုန်းချလိုက်သည့်အချိန်မှ မထင်မှတ်ဘဲ ကိုးနှစ်နီးနီးကွဲခဲ့ရသည့် တစ်ချိန်က ပျို အသည်းအသန် ချစ်ခဲ့ရသည့် ကောင်လေးတစ်ယောက်ဟာ အခုချိန်မှာ ပျို လုံးဝမျှော်လင့်မထားသည့် ခေတ်နှင့်မညီအောင် (ကျော်ထွက်)နေသည့် (လန်လွန်း)သည့် လူရွယ်ယောကျ်ားအဖြစ် ချစ်သူကို ပြန်တွေ့ဆုံလိုက်ရတဲ့အချိန် ပျို ဘာပြန်ပြောရမှန်းမသိ။ မျက်လုံးတွေသေ နှုတ်တွေစွန့်အ,သွားရပြီဖြစ်သည်။

အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ဂျန့်စကားသံက ပျို့နှလုံးသွေးတွေကို အရှင်လတ်လတ် ဖြတ်ဖျန်းလိုက်သလို အစိမ်းသက်သက် ဖြစ်သွားတော့သည်။





"ဩော် ဟော် ... တွေ့မယ့်တွေ့တော့ တစ်ယောက်တည်း ကန်ရေပြင်လေးကို ထိုင်ကြည့်ပြီး ဆွေးနေတဲ့ အဆွေးမင်းသမီးအဖြစ် လာတွေ့တာကို၊ ဟာ ... ဟာ ... ကျွတ်ကျွတ် ... မျက်စိတွေ ကျိန်းလိုက်တာ ဖြိုးဖြိုးပြောင်ပြောင် လိုးလိုးလက်လက်တွေနဲ့ အား ... အံ့မခန်းပဲ၊ ဒီပစ္စည်းတွေ ဘယ်သူ့ဆီကများ ရခဲ့တာပါလိမ့်"

"ဟင်"

မျက်လုံးတောက်တောက်တွေနှင့် ပျို့ကို မထိတထိ ထေ့လာသည့် ယောကျ်ားတစ်ယောက်က တစ်ချိန်က ပျို့ကို သူ့လက်ထဲက လွတ်ထွက်မှာကို အစိုးရိမ်လွန်ပြီး ပျို့ကိုယ်လုံးလေးကို တစ်သားတည်းကပ်အောင် ဖွေ့ဖက်ထားသည့် ဂျန်နှင့် လားလားမျှ မဆိုင်တော့။

မျက်လုံးအကြည့်တွေက စိမ်းလှသလို ကျားတစ်ကောင်လို မာန်ပါသည့် အကြည့်နက်နက်တွေကလည်း တစ်ချိန်တုန်းက ပျို့ကို သိပ်ချစ်ခဲ့သည့် ဂျန် မဟုတ်တော့။

သေချာတာကတော့ ဂျန့်မျက်ဝန်းထဲမှာ ပျို့ကို သိပ်မုန်းသည့်အမုန်းကို တွေ့ရှိနေခဲ့တာ ဘာကြောင့်မုန်းမသိပေမယ့် ပျို ဝမ်းနည်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရလေ ဂျန်ရယ်။ ငါ နှင့်ကို ပြန်လည်ဆုံစည်းခဲ့မယ်ဆိုရင် ဒီလိုမျိုး စိမ်းကားမှုတွေနဲ့ ဆုံစည်းခဲ့ကြလိမ့်မယ်လို့ လုံးဝ မထင်မှတ်ခဲ့ပါဘူး။ မထင်ခဲ့ပါဘူးဟာ။

"အဟတ် ... ဟား ... ဟား ... စိန်လော့ကက်တွေ ဘာတွေနဲ့ ကြီးပွားတိုးတက်နေပါလား၊ ငါကတော့ Single ပဲ၊ မင်းရော"

"ဂျန် ... နှင်နဲ့ငါ ကွဲခဲ့တာ ကိုးနှစ်ရှိသွားပြီ၊ ဒီကိုးနှစ်တာကာလကြာမှ ပြန်ဆုံခဲ့ရတဲ့ နှင် တစ်ချိန်က အသည်းအသန်ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို နှင် ... နှင် အခု ပြန်တွေ့ရပြီဆိုတော့ ရှုံးများ ရှုံးသွားပြီလားဟင်၊ နှင် ဘာတွေပြောနေတာလဲ၊ နှင် ပြောတဲ့စကားတွေ ငါ တစ်လုံးမှ နားမလည်ဘူး သိလား၊ ငါ သိပ်ဝမ်းနည်းတယ်"

နှုတ်ခမ်းသားလေးကို ဖိကိုက်ပြီး ...

ဝမ်းနည်းလွန်းလို့ ပေါက်ခနဲ ကြွေကျသွားသည့် မျက်ရည်တွေက ဂျန့်အရှေ့မှာ ကျရှုံးပေးဆပ်လိုက်သည့် မိန်းမတစ်ယောက် ဖြစ်သွားတော့သည်။

"ပျို"

"......"





ပျို ဂျန့်ကို ရင်နာစွာ စိုက်ကြည့်ပြီး အံကြိတ်ကာ ချာခနဲ လှည့်ထွက်လိုက်သည်။

"ပျို"

"......"

ဆတ်ခနဲ လက်ကလေးကို ဖမ်းဆွဲပြီး ဂျန် ရင်တွင်းကြေအက်သံကြီးဖြင့် အသားကုန် အော်ခေါ်လိုက်တော့သည်။

"ပျို"

"......"

"ချစ်သည်း"

ဂျန် ထိန်းထားသမျှ ရင်တွင်းကြေကွဲမှု အလုံးကြီး ပွင့်ပေါက်သွားတော့သည်။

သူ့အရှေ့မှာ မာနမျက်လုံးတောက်တောက်တွေနှင့် မျက်ရည်စက်လက်ကျခဲ့သည့် သူ တစ်ချိန်က သိပ်ချစ်ခဲ့ရသည့် ချစ်သူ ဖနီးလေးကို ရင်ခွင်နှင့် တစ်ထပ်တည်းကျသွားအောင် ပိတ်သိမ်းဖက်ရင်းက သူလည်း ကိုးနှစ်လုံးလုံး အငြိုးအမုန်းတွေနှင့် မုန်းခဲ့ရသည့် အမုန်းတွေ ညှိုးမှိန်ပျောက်ကွယ်သွားတော့သည်။

ရင်ခွင်ထဲမှာ ...


www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးကို တင်းနေအောင်ဖက်ထားပြီး သူလည်း ကြေကွဲမျက်ရည်တွေဖြင့် ကျရှုံးသွားခဲ့ရပါပြီ။

အနှစ်နှစ်အလလက မုန်းတီး နာကြည်းမှုများက ချစ်သူမျက်ရည်တစ်ပေါက်တည်းနှင့် ကြေကျပျက်သုဉ်းသွားရပြီ ဖြစ်သည်။

အဲဒီအချိန်မှာ ...

ခပ်တင်းတင်း သိုင်းဖက်ထားသည့် သူ့လက်တွေကို တဘုန်းဘုန်းထုရိုက်ပြီး ငိုကြွေးလိုက်သည့် ချစ်သူလေးရဲ့ငိုသံတွေက သူ့နှလုံးသွေးတွေကို ခန်းခြောက်သေဆုံးသွားသလို ခံစားလိုက်ရသည်။

"သိပ်မုန်းတယ်၊ ငါ နင့်ကို သိပ်မုန်းတယ်၊ ဒီလိုအချိန်မျိုးမှာ ငါ သေသွားချင်ပါတယ်"

"ကိုယ် ... ကိုယ် ဘာမှ မစဉ်းစားချင်တော့ဘူး၊ ရှုံးသွားရပြီ၊ ရှုံးသွားရပြီ။ တစ်ခုပဲသိချင်တယ်၊ ချစ်သည်း ဘယ်သူနဲ့မှ ထပ်အိမ်ထောင်မပြုရသေးပါဘူးနော်"

ကျရှုံးစွာ တောင်းဆိုလိုက်မိသည့် ...





သူ့ရဲ့နှလုံးသားကို သူ ထပ်ဆင့် မုန်းသွားခဲ့မိပြန်သည်။

သို့သော် တစ်ချိန်တုန်းက သိပ်ချစ်ခဲ့ရသည့် ချစ်သူလေးကို ပြန်ဆုံစည်းလိုက်ရသည့် ရင်တွင်း(ကြေကွဲသံစဉ်)တွေက တစ်ခဏတာလေးနှင့်တင် ဘာပဲဖြစ်ဖြစ် သူဟာ ငါ့မိန်းမ (ငါ သိပ်ချစ်ခဲ့သည့်မိန်းမ)ဆိုသည့် ခွင့်လွှတ်ကျေနပ်ခြင်းတွေနှင့် ချစ်သူလေး တစ်ချိန်က သူ့အပေါ် မကျေခဲနိုင်အောင် ရိုင်းပျစော်ကားခဲ့တဲ့ အချစ်ကို ငွေကြေးနှင့် တန်ဖိုးပိုင်းဖြတ်မှုတွေကိုလည်း မကျေနပ်နိုင်ခဲ့ပေမယ့် ခွင့်လွှတ်ကျေအေး လက်ခံလိုက်ရပါတော့သည်။

"ပြောပါဦး ချစ်သည်းရယ်၊ ကိုယ် ... ကိုယ် အကြားချင်ဆုံးစကားတစ်ခွန်းကို ချစ်သည်းပါးစပ်က တရားဝင်ဖွင့်ပြောလိုက်ပါတော့ကွာ"

မျက်ရည်တွေဖြင့် ...

ကျရှုံးပေးဆပ်လိုက်သည့် ချစ်သူအရှေ့မှာ ...

ဒူးထောက်အရှုံးပေးလိုက်သည့် သူ့ကို ချစ်သူလေးက အံ့ဩမယုံနိုင်သည့် မျက်လုံးရိရိတွေဖြင့် အကြာကြီးစိုက်ကြည့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သည်း မျက်ဝန်းတွေက ...

သူ့မျက်ဝန်းတွေနှင့် အချိန်ကြာမြင့်စွာ ဆုံစည်းသွားသည့်အချိန်မှာ အတိတ်ကို ပြန်သတိရသည့် လွမ်းဆွတ်တမ်းတခြင်း ဖြူဖြူစင်စင်မျက်ဝန်းကလေးတစ်စုံက သူ့ရင်ထဲက သံသယအငြိုးတွေကို ဘယ်က အစပြန်ဖော်ရမှန်းမသိအောင် မေ့ပျောက်သွားတော့သည်။

ဟား ... ချစ်သည်းဟာ ငါ ထင်ခဲ့သလို ...

မိန်းမစား မဟုတ်ခဲ့ပါဘူး ...

ဖြူဖြူစင်စင်ကလေးပါ ...

ဖြူဖြူစင်စင်ကလေးပါ ...။

ဒီလိုဆိုရင် ...

ဟာကွာ ...

ငါရှုံးသွားရင် သိုပ်ကောင်းမှာပဲ။

အတွေးတစ်ခုက သူ့ကို ဦးနှောက်ပျက်သလို ခံစားလိုက်ရပြန်သည်။

ယောင်ယမ်းပြီး ခေါင်းကြီးကို ဘယ်ညာခါယမ်းပစ်လိုက်မိသောအခါ ပျို့က အလွန်အံ့သြသွားသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်လာပြန်သည်။





သူကတော့ နောက်ကျောမလုံစွာဖြင့် မျက်လွှာတစ်ချက်သိမ်းရင်းက ချစ်သူလေးကို ကိုးနှစ်လုံးလုံး တမ်းတခဲ့သမျှ အလွမ်းဖြေလိုက်မိတော့သည်။

"မင်းကို ချစ်တယ်၊ မင်းမချစ်လည်း ငါက ချစ်မယ်၊ မင်းကို ချစ်တယ်၊ မင်းမုန်းလည်း ဂုဏ်ယူပစ်မယ်"

ဆိုသည့် စာသားကလေးကို အားစိုက်ဆိုညည်းရင်း သူ့မျက်ရည်များက ပျို့မျက်နှာပြင်မှာ ပျံ့နှံ့ပျော်ဝင်ကူးခတ်သွားတော့သည်။

ချစ်သူနှစ်ဦး ...

ကိုးနှစ်လုံးလုံးကြီး ဝေးခဲ့ကြပြီးမှ ...

ပြန်ဆုံစည်းခဲ့ရသည့် အခွင့်အရေးတစ်ခုသည် ဖူးစာရေးနတ်ပင်ဖြစ်လိမ့်မည်ဟု ဂျန် လက်ခံယုံကြည်မိသလို ...

ပျို့လည်း လက်ခံယုံကြည်လိုက်မိပါတော့သည်။

❦ ❀ ❦



www.burmeseclassic.com

www.burmeseclassic.com

## ၂၃

အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းမှ မဟုတ်တာ။

စွန့်လွှတ်ခြင်းလို့လည်း ခံယူထားခဲ့သည့် ပျို့ဘဝမှာ နောက်ထပ်ကြေကွဲစရာ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု ရောက်ရှိလာခဲ့လိမ့်မယ်လို့ ပျို မျှော်လင့်မထားမိပေမယ့်လည်း တကယ်တမ်း ရင်ဆိုင်လိုက်ရသည့်အချိန်မှာတော့ မာန်မာနလေးဖြင့် တင်းမော့ထားသည့် ပျို့ခေါင်းကလေး ငိုက်ကျသွားတော့သည်။

ပျို့အပေါ် အစ်ကို ဒီလောက်အထိ ချစ်နိုင်ခဲ့လိမ့်မယ်လို့ လုံးဝ မယုံခဲ့သမျှ အစ်ကို့စကားလုံးတွေက ပျို့ကို ဘယ်လောက်ချစ်ကြောင်း ချစ်သက်သေတည်ပြလိုက်လေသည်။





"ဘဝဆိုတာ ကိုယ် မျှော်မှန်းထားသလို ဖြစ်မလာခဲ့ဘူးဆိုတာကို အစ်ကိုတော့ ယုံကြည်လက်ခံလိုက်ပြီ"

တစ်လုံးချင်း တိုးတိုးကလေး ရင်ဖွင့်လာသည့် အစ်ကို့ရင်တွင်းစကားတွေက ပျိုနှင့် တစ်ပတ်လုံးလုံး အဆက်ဖြတ်ပြီးမှ တည်မြဲနိုင်ခဲ့စွာ သစ္စာရှိရှိ ဖွင့်ဟလာတာတွေပဲဖြစ်ခဲ့သည်။

"ဒီလိုဆိုရင် အစ်ကိုက ပျို့ကို ခွင့်လွှတ်ပါတယ်လို့ ပြောပြီး အရှုံးပေး ချစ်သွားတော့မှာလား"လို့လည်း ပျို အစ်ကို့ကိုယ်စား ရင်နာစွာ မေးလိုက်ချင်ပါသည်။

မထင်မှတ်ဘဲ အစ်ကို့ကို သူ့မဘဝ အထုပ်ဖြေချသည့်နေ့မှာပဲ ကိုးနှစ်လုံးလုံးခွဲခွာခဲ့ရသည့် ချစ်သူကို ပြန်လည်ဆုံစည်းခဲ့ရခြင်းသည်လည်း ပျို့အတွက် အလွမ်းရေးတစ်ပုဒ်ဖြစ်သွားတော့သည်။

"ပျို"

စိတ်မလုံခြုံသည့် အတွေးကလေးတွေဖြင့် ပျို ခဏငြိမ်နေပြီးမှ အစ်ကို့ကို မျက်လွှာကလေးသိမ်းကာ မော့ကြည့်လိုက်သည်။

"ဟုတ်ကဲ့ ... ဘာပြောချင်လဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ပျို့ အစ်ကိုကို စိတ်ဆိုးနေလား ဟင်"

"ဟင့်အင်း ... မဆိုးပါဘူး"

"စိတ်ရော နာလားဟင်"

"စိတ်နာရမှာက အစ်ကို မဟုတ်လား"

ပျို့က အစ်ကို ဆွဲကိုင်ထားသည့် လက်ကလေးကို ပြန်ရုန်းယူရင်း ခေါင်းကလေးငုံ့ကာ တိုးတိုးလေးပြန်မေးခွန်းထုတ်လိုက်သည်။

"ဟား ... စိတ်နာရမယ်၊ အင်း ... ဘာကို စိတ်နာရမှန်းတောင် မသိတော့ပါဘူးကွာ"

ဝန်ခံလာသည့် အစ်ကို့ရဲ့ ရိုးသားဖြူစင်မှုကို ပျို့ တွယ်တာမြတ်နိုးစိတ်ဖြင့် ပျို့သည် လက်ရှိ အစ်ကို့ရင်ခွင်မှာ ပျော်ရွှင်နိုလှုံချင်သည့် မိန်းမတစ်ယောက် ဖြစ်သွားတော့သည်။

ခွင့်လွှတ်ပါတော့ ဂျန်ရယ်။

နင့်ဘဝနဲ့ ငါ့ဘဝဟာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ငါ့ရင်ထဲမှာ နင့်ကို ပြန်ချစ်ရမှာလည်း မဝံ့ရဲတော့သလို ...





ငါ အစ်ကို့ကိုလည်း မစွန့်ရက်လောက်အောင် လေးစားချစ်ခင် အားကိုးတွယ်တာ သွားခဲ့ရပြီ။

ဘဝမှာ ကိုယ့်ကို ခွင့်လွှတ်ခြင်းတွေနဲ့ ကျေနပ်တဲ့ သူကို လက်ထပ်မှ စိတ်ချမ်းသာမယ်လို့ ငါ ခံယူတယ် ဂျန်။

ပျို့ ရင်မချိအတွေးတွေဖြင့် တစ်ချက်ငေးငိုင်တွေငေးသွားတာကို အစ်ကိုက သဘောတစ်မျိုးပိုက်ကာ ပျို့ဆံပင်ကလေးတွေကို ကလေးလေးတစ်ယောက်ကို လူကြီးတစ်ယောက်က ချစ်ခနိုးဖြင့် ဖွဖွကလေး ပွတ်သပ်ချော့မော့နှစ်သိမ့်သလိုမျိုး နှစ်သိမ့်လာခဲ့တာမို့ ပျို့ ဝမ်းနည်းမျက်ရည်ကြည်တွေ ရစ်ဝိုင်းသွားရပါသည်။

"အစ်ကို"

တုန်ယင် လှိုင်းရိုက်သွားသည့် ပျို့အသံက အစ်ကို့အတွက် ပိုပြီး ရှူးဖျချစ်ဖူးသွားသည်လားမသိ။

ပျို့ကိုယ်လုံးလေးကို တင်းခနဲ သိမ်းဖက်လိုက်သည့် အစ်ကို့အချစ်တွေကြားမှာ ပျို့လည်း ပျော်ဝင်နိုလှုံသွားတော့သည်။

တခဏကလေး နှမ်းလိုက်သည့် ...



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို့အနမ်းတစ်ပွင့်က ပျို့နှလုံးသားကို သိမ်းသွင်းညှို့ယူသွားတော့သည်။

"အချစ်ဆိုတာ သိပ်နက်ရှိုင်းတယ်၊ ဆန်းကြယ်တယ်၊ လေးလည်း လေးနက်တယ်၊ ကိုယ်ယုံကြည်ရာ ကိုယ်ကိုးကွယ်ရာဟာ အချစ်ရဲ့အင်အားတစ်ရပ်ပဲ"

ပျို့ အစ်ကို့ကို ပြန်လည်သိုင်းဖက်ရင်း မျက်ရည်တွေ ကြွေကျသွားရသည်။

မေမေ ပျို့ဆုံးဖြတ်ချက်ဟာ ဒီတစ်ကြိမ်မှာတော့ နှလုံးသားနဲ့လည်း မရင်းတည်ရတော့ပါဘူး။

ပျို့ ကိုယ်တိုင်ကကို အစ်ကို့ကို လေးစားယုံကြည်ပြီး တွယ်တာသွားခဲ့တာပါ မေမေ။

"ဟင် ... ပျို့ကရော ဘယ်လို ယုံကြည်သလဲ"

မေးလေးတစ်ချက်ဆတ်ပြီး ဖျော့တော့တော့ အပြုံးတွေနှင့် ချစ်မြတ်နိုးစေနိုင်သလို အကြည့်ရွှန်းရီရီတွေဖြင့် မေးလာသည့် အစ်ကို့စကားကို ပြန်ပြောစရာတစ်ခုတည်းသော စကားတစ်ခွန်းမှာ ဤအရာသည်သာ အထိုက်တန်ဆုံး ဖြစ်ပေလိမ့်မည်ထင်ပါသည်။





"ပျို့ကတော့ ပျို့ကို ခွင့်လွှတ်နားလည်ပေးခဲ့တဲ့ အစ်ကို့ကို တစ်သက်လုံး လေးစားတွယ်တာမြတ်နိုးမှုနဲ့ ယုယပေးမယ် ကြင်နာပေးမယ်လို့ ယုံကြည်ထားပါတယ်"

"ဟား ... လေးနက်နိုင်ခဲ့လိုက်တာကွာ"

မျက်နှာကြီးကို ပင့်မော့ပြီး လေကို ဟားခနဲ ဟားထုတ်လိုက်ပြီး တစ်ဠုံးတစ်ခဲကြီးပြောကာ ပျို့ကို သူ့ရင်ခွင်မှာ ပစ်အပ်မတတ် ပွေ့ဖက်လိုက်သည့် သူ့အကြင်နာချစ်ခြင်း သံစဉ်လေးတွေကို ပျို့ နွေးနွေးလေး လက်ခံနားလည်ပေးလိုက်သည်။

နူးညံ့လွန်းသည်။

အစ်ကို့အနမ်းနွေးနွေးတွေက ...

အစဉ်အမြဲတည်မြဲသွားမယ်ဆိုရင် ဒီကမ္ဘာလောကမှာ သိပ်ချစ်ခဲ့သည့် ချစ်သူနှစ်ယောက်သည် စွန့်လွှတ်ချစ်ခြင်းတွေနှင့်ပင် ဘဝကို ပျော်သလို ဖြတ်သန်းရတော့မည်ဖြစ်သည်။

ဒီအချိန်မှာ ပျို့ ဘာခံစားမှုမှ မခံစားချင်သလို အစ်ကို့ရင်ခွင်မှာပဲ နွေးထွေးခိုဝင်ခဲ့သည်။

"အစ်ကိုကရော ပျို့ကို ခွင့်လွှတ်နားလည်ပေးနိုင်ခဲ့တယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ခွင့်မလွှတ်စရာ အကြောင်းမှမဟုတ်တာ အချစ်ရယ်၊ ဒါကကံစီမံရာပဲ၊ အစ်ကိုကတော့ အစ်ကို့ချစ်သူလေး အပျိုစင်တစ်ယောက်ဖြစ်ခဲ့တာကိုပဲ ဂုဏ်ယူကျေနပ်တယ်။ မြတ်နိုးတယ်၊ လူတိုင်း လူတိုင်းဟာ ခြောက်ပြစ်ကင်း သဲလည်းစင် ဘယ်ရှိကြပါ့မလဲကွာ၊ ယောကျ်ားတစ်ယောက် နောက်ကိုလိုက်ပြီး အပျိုစစ်စစ် ဖြစ်ခဲ့သူလေး ရှိခဲ့သလို အပျိုအမည်ခံပြီး အပျိုမစစ်ဘဲ အပျို့တစ်ခုလပ်ဖြစ်နေတဲ့သူမျိုးလည်း ရှိတတ်ကြတာပဲ၊ အဲဒီလိုလူမျိုးနဲ့ မတိုးခဲ့တာကိုပဲ ကိုယ်က ကိုယ့်ဘဝကိုယ် ကျေနပ်ခဲ့တာ"

နွေးနွေးကြီး ပြောချလိုက်သည့် ...

အစ်ကို့စကားက လွန်ခဲ့တဲ့ တစ်ပတ်က ကိုးနှစ်လုံးလုံး ခွဲခွာခဲ့ရသည့် (ပျို တသသလွမ်းခဲ့သည့်) ချစ်သူယောကျ်ားတစ်ယောက်ကို လုံးဝ မေ့ပျောက်သွားခဲ့ရပြီလို့ ဝန်ခံရင် ပျိုဟာ သစ္စာမရှိတဲ့ မိန်းမတစ်ယောက် ဖြစ်သွားရလေမည်။

ဝန်မခံခဲ့လျှင်လည်း ပျိုဟာ လေ့နန်နှစ်ဖက်နင်းတဲ့ မိန်းမတစ်ယောက် ဖြစ်သွားခဲ့တော့မည်။

သစ္စာမဲ့ရင်လည်း မဲ့ပါစေတော့။





ပျို သစ္စာဆိုတိုင်တည်ခဲ့တာကို လမင်းကြီးတစ်ခုပဲ သိခဲ့တာပဲ။

အတွေးကလေးတွေက ပျို့နှလုံးသားကို လှုပ်ခတ်ပုတ်နှိုးလိုက်သလို ပျို နာကျင်စွာ မျက်ဝန်းကလေးတွေ ဆွေးသွားရသည်။

မေမေ့ကိုလည်း သတိရစိတ် ပြင်းသွားရပါသည်။

"မေမေ့ကို သတိရလိုက်တာ အစ်ကိုရယ်"

တမ်းတမ်းတတ ကြေကွဲသွားသည့် ပျို့မျက်ဝန်းတွေကို အစ်ကိုက ဖျတ်ခနဲ လက်နှစ်ဖက်ဖြင့် ဖိပိတ်ရင်း ရင်ထဲက အလိုက်နွေးဆုံးသော စကားတစ်ခွန်းဖြင့် ပျို့ဘဝကို သူ့ဘဝထဲသို့ရောက်အောင် သိမ်းသွင်းဆောင်ယူလိုက်လေတော့သည်။

"မေမေ့ကျေးဇူးကိုသိတတ်ရင် မေမေ သဘောတူခဲ့တဲ့သူကို ရိုးမြေကျ လက်ထပ်ပေါင်းသင်းရမယ့်တဲ့၊ အစ်ကိုကတော့ ပျို့ကို ရိုးမြေကျကြင်နာမယ်၊ ပျိုရောဟင်"

"ပျိုလည်း အစ်ကို့ကို ရိုးမြေကျ ကြင်နာပါ့မယ်"

လိုက်တုန်သွားသည့် အသံတွေက ဂျန့်အတွက် အလွမ်းသံစဉ်တစ်ခု ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒီလိုဆိုရင် လက်ထပ်ရက် ရွေးကြစို့"

"ဟုတ်ကဲ့ ... အစ်ကို ရွေးလေ၊ ပျို့က အစ်ကို စီမံသမျှ အလိုက်သင့်ကလေးပဲ"

နှုတ်ခမ်းလေးစေ့ပြီး စိတ်မကောင်းစွာရယ်လိုက်တာကို သူက အကဲမခတ်မိဘဲ ပျို့နှုတ်ခမ်းပါးလေးဆီ ပါးပြင်ကြီး ဖိအပ်ရင်း ကြင်နာမိန့်မူး ဆိုညည်းလိုက်သည့် စကားသံက ပျို့အတွက် တစ်သက်စာဖြစ်သွားတော့သည်။

"မင်းကိုချစ်ရတာ ငါ့ရင်ထဲမှာ အမြဲတမ်း ကျေနပ်နေတယ်ကွာ"

တဲ့။

ဒီအလောက်အထိ ပျို့ကို ချစ်ရတယ်လား အစ်ကိုရယ်လို့ပဲ ပျို့ရင်ထဲက တိုးတိုးလေး ဆိုညည်းလိုက်တော့သည်။

❣ ✻ ❣





# ၂၄

"လက်ထပ်မင်္ဂလာရက်ဟာ ဘယ်နေ့အကောင်းဆုံးလဲဆိုတာ ကိုယ် ပြောပြမယ်"

ပျို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးမှာ ပျို့နှင့် သူ စတွေ့တုန်းက ဘေးထောင့်စားပွဲလေးမှာ အမှတ်တရ ထိုင်ရင်း လက်ထပ်မင်္ဂလာကိစ္စကို ဆွေးနွေးလိုက်ကြသည်။

ဒီအချိန်မှာ အကြင်နာမျက်ဝန်းတွေဖြင့် ပျို့ကို နွေးနွေးလေး စိုက်ကြည့်မေးလာသည့် အစ်ကို့ကိုလည်း ပျို့က ကြင်နာနွေးထွေးသည့် မျက်လုံးကလေးဖြင့် ခပ်ဆွေးဆွေးလေး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ငါတို့နှစ်ယောက် ကံမကုန်လို့ ပြန်ဆုံခဲ့ကြပေမယ့် ဘယ်လိုမှ ပေါင်းဆုံခွင့်မရတော့ဘူး ဂျန်၊ ငါ့ရင်ထဲမှာ နင့်ကို စွန့်လွှတ်ခြင်းတွေနဲ့ပဲ ချစ်ပါတော့မယ်"

ရင်ထဲက တိုးတိုးလေးတောင်းပန်သည့် ပျို့ရင်တွင်း စကားသံက ပျို့ကိုပဲ အနာတရ,ရအောင် တသဲသဲအနိုင်ယူနှိပ်စက်နေသလို အစ်ကို့ကို ဆွေးဆွေးလေးကြည့်လိုက်မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း လိပ်ပြာမလုံ ဖြစ်သွားရသည်။

သို့သော် အစ်ကိုက နားလည်သည့်မျက်လုံးတွေဖြင့် ဖွဖွလေးပြုံးရယ်ကာ ပျို့လက်ကလေးကို ဖျတ်ခနဲ လှမ်းကိုင်လိုက်သည်။

"မျက်လုံးက ချက်ချင်းဆွေးသွားပြီ၊ လက်ထပ်မယ့်ရက် ဆွေးနွေးမှာကို ပြောတာနဲ့ ကဲ ... ဘာဖြစ်လဲ ပြောပါဦး"

"ဟာ ... လက်ကိုကိုင်မထားနဲ့ကွာ၊ ဆိုင်ထဲမှာ လူတွေက အများကြီး အရှက်မရှိ မနေစမ်းပါနဲ့"

"ဘာဖြစ်လဲ၊ ဘယ်သူ့ဂရုစိုက်စရာရှိလဲ၊ ချစ်သူတိုင်း ဒီအတိုင်းပဲ၊ ချစ်သူတွေထဲမှာ ကိုယ်က အတော်ဆုံးနော်၊ အသက်အရွယ်နဲ့ဂုဏ်သိက္ခာကြောင့်"

"အောင်မယ် ... ရှင့်မှာ ဂုဏ်သိက္ခာရှိတာမဟုတ်ပါဘူး၊ ပျို့ ဂုဏ်သိက္ခာရှိလို့ပါ"

"အေးပါ ဟုတ်ပါတယ်၊ အဲဒီလို အေးဆေးတည်ငြိမ်လို့ ကိုယ်က သိပ်ချစ်ရတာ"

"တော်ပြီကွာ နားကိုငြီးတယ်"

"ခံမပြောနဲ့"

"ဒါ ခံပြောတာလား ရပ်နိုင်းတာပဲ"

"အဲဒီလိုပြောတာကို ကိုယ်က မကြိုက်တာ၊ ကိုယ့် စကားကို ဆုံးအောင် နားထောင်၊ ရိရိကျိုးကျိုးကလေး ဟုတ်ကဲ့ ဟုတ်ကဲ့ ပြော"

"အောင်မယ်"

"လာပြန်ပြီ အောင်မယ် အောင်မယ်နဲ့ ကြောင်ကြီးကျနေတာပဲ"

"အစ်ကိုနော် ... ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ"

"ဟ ... မင်းက ဘာစိတ်ညစ်စရာရှိလဲ၊ ငါ စိတ်ညစ်တယ်ဆိုတာကမှ ဟုတ်သေးတယ်၊ ဘာမှ စဉ်းစားမနေတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လအတွင်း မင်္ဂလာကိစ္စ စီစဉ်မယ်၊ မင်္ဂလာရက်က လဆန်းရက်အကောင်းဆုံးပဲ၊ လဆန်းတောင် စန်းအားတအားကောင်းတဲ့ ၁၁ ရက်ကနေ ၁၅ ရက် အင်း ... လပြည့် ပြည့်ပြည့်ဝဝအကောင်းဆုံးပဲ၊ အဲဒီနေ့က အင်္ဂါနေ့ ရက်ရာဇာလည်း ကျတယ်၊ မင်္ဂလာအခါအကောင်းဆုံးပဲ၊ တစ်လနီးနီး အရက်နှစ်ဆယ်ကျော်ပဲလိုတော့တယ်၊ အစ်ကို စီစဉ်တာကို လက်ခံသဘောကျရဲ့လား ပျို"

"အင်းပါ ... ကျပါတယ်"

"ဟာ ... ကြည့်စမ်း လက်မထပ်ရသေးဘူး၊ မိုက်ရိုင်းပြီ ဘာအင်းပါလဲ၊ ဟုတ်ကဲ့ ပြန်ပြော"

ပျို့လက်ကလေးကို ခပ်တင်းတင်းဆွဲကိုင်ပြီး နှုတ်ခမ်းစေ့လျက် ကျိတ်မာန်လာသည့် အစ်ကို့ကို ပျို အံခဲကြည့်ရင်း ပိုလွန်းနေသည်ကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"အဲ့ဟတ်"

"ဟင် ... ဘာဖြစ်တာလဲ၊ အစ်ကိုနော်"

"ချစ်မျက်စောင်းထိုးလို့ မျက်ဖြူဆိုက်သွားတာ"





"ဝါး ... ဒီမနက် ပျင်းစရာကောင်းလိုက်တာ၊ ပုံပြင်ကြီးက အဟောင်းကြီးကွာ၊ အိလိုက်တာ၊ နားထဲမှာကို ချဉ်တူးနေတာပဲ"

"ဟင်"

ခနဲ အသံထွက်သွားသည်အထိ ပျို့မျက်နှာကလေး ဖြန်းခနဲ ရဲတက်သွားသလို အားမနာစတမ်း ပြောင်ပြောင်ပြောလာသည့် အေးစားပွဲက ကောင်မလေးကိုလည်း ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဟင်"

ထပ်ဆင့် "ဟင်" ခနဲ ဖြစ်သွားပြန်ပြီ။

ပျိုနှင့် အစ်ကို စတင်ဆုံစည်းခဲ့သည့်နေ့က အစ်ကို့ကို တည့်တည့်ကြီး စောင်းပြောခဲ့သည့် ကောင်မလေးပဲဖြစ်သည်။

"မွှေ နင့်ဘဲကလည်း ကြာလိုက်တာ၊ မလာသေးဘူးလားကွာ၊ ထိုင်ရတာ ပျင်းစရာကောင်းရတဲ့ကြားထဲ ဟင်း ... စိတ်ပါးလိုက်တာ"

အခုလည်း သူမတို့အုပ်စုက ဘာမဆိုင် ညာမဆိုင် ပျိုတို့နှစ်ယောက်ကို အတင်းအုပ်ချင်နေသည့် မျက်နှာတွေက ရှုံ့ရှုံ့မဲ့မဲ့နှင့် လက်တခါခါဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နှင့်မဆိုင်ဘဲနှင့် ဘာဖြစ်လို့များ ပျို့တို့စုံတွဲကို သူမလေးတို့အဖွဲ့က စိတ်ဝင်စားတာလဲမသိ။

အစ်ကိုနှင့် ပျို့က အရွယ်လည်း သိသိသာသာကြီး မကွာလှပါဘူး။

အစ်ကိုကတော့ သူမတို့အဖွဲ့ကို နည်းနည်းမှ ဂရုစိုက်ပြီး လှည့်တောင်မကြည့်။

ပျို့မျက်နှာလေးကိုသာ (ချစ်သူ့မျက်နှာတစ်ကမ္ဘာ) ထင်မှတ်ယူဆထားပုံရသည်။

"ဟော ... အချစ် ပြောလေကွာ၊ အစ်ကို ပြောနိုင်းသလို ပြန်ပြော၊ မပြောရင် အစ်ကို ဒီလက်ဖက်ရည်ခွက်ကလေးနဲ့ ထိပ်ခေါက်မှာနော်"

အစ်ကိုက ဗိုပြီး သည်းသွားခဲ့လေသည်။

တစ်ဖက်က ဂျီးမဲ့သက်သက် အတင်းအုပ်ချင်သည့် ကောင်မလေးတွေအုပ်စုကိုလည်း တမင်သိအောင် ကလူကျီစယ် ပိုက်တာဖြစ်သည်။

"အစ်ကိုနော် ငြိမ်ငြိမ်နေကွာ၊ ပါးစပ်ငြိမ်ငြိမ်နေတော့"





ပျို့က ရက်ရက်နှင့် သူ့ကို ဖိလိုက်တော့ သူက လူကြီးလူကောင်းတစ်ယောက်ကို ကလေးလေးက အရှက်ခွဲဇော်ကား လိုက်သည့် စကားလေးကို ကြားလိုက်ရသလို မျက်နှာကြီးတစ်ပြင်လုံး ရဲရဲနီမြန်းသွားလေသည်။

အဲဒီအချိန်မှာပင် တစ်ပြိုင်နက် ပျို့နားတစ်ဖက်ကို လှမ်းအဆိတ်ခံလိုက်ရသဖြင့် ပျို့ အလန့်တကြား ထအော်လိုက်တော့သည်။

"အား ... ဘာလုပ်တာလဲ၊ လူ့နားရွက်ကို ဆိတ်ရအောင်"

"အေး ... မင်းပါးစပ်ငြိမ်ငြိမ်နေ၊ စွာကျယ် စွာကျယ်ပြောလို့ နားရွက်ဆိတ်ပြီး သတိပေးလိုက်တာ"

ပျို့မျက်နှာလေး ရဲထုံသွားရကာ နှုတ်ခမ်းသားတွေလည်း စုထော်သွားသလို ခြေကလေးကိုလည်း ဆောင့်ပေါက်လိုက်မိသည်အထိ စိတ်ဆိုးသွားရပါသည်။

"ဟီး ... ဟီး ... တွေ့လား ကြောက်စရာကြီး၊ ဘဲအိုကြီးတွေက အဲဒီလိုပါပဲဆို၊ ဟော ... ရွှေ၊ ရှင်နော် ဟိုသက်ကြားအိုကြီးကို ပိုက်ဆံချမ်းသာတယ်ဆိုပြီးတော့တော့ မစမ်းလိုက်ပါနဲ့ကွာ၊ နွေးတော့ သက်တူရွယ်တူ စိတ်တူကိုယ်တူပဲ"



www.burmeseclassic.com

www.burmeseclassic.com

"နှင့်အကောင်ကလည်း စိတ်တူကိုယ်တူလို့ပဲ အခုထိကို ပေါ်မလာသေးဘူး၊ ဟင်း ... နှစ်ရိဝက်ကျော်ပြီ စောင့်ရတာ၊ သူကလည်း ဘာထူးလဲ ချစ်သူကို ကားတစ်စီး Present ပေးပြီး သူ့အလိုကျ သူ့စိတ်တိုင်းကျ မဟုတ်လား"

"ဟင် ... ဒါကတော့ဟယ်"

"ဘာလဲ သူ့ဘဲကိုထိတော့ နာတတ်လား"

"ထိလို့နာတာမဟုတ်ပါဘူး၊ ချစ်သူဘဝမှာ ကားတစ်စီးလုံး ပုံပေးထားတဲ့ ချစ်သူ ဘယ်သူရှိသလဲ၊ ကဲ ... ရှင်တို့ ရှာကြည့်စမ်း"

"ဟင့်အင်း မရှာချင်ပါဘူး၊ ကြက်သီးထလွန်းလို့"

"ရွှေနော် ... ရှင်"

"ဟီး ... ဟီး ... ကြည့်လည်းလုပ်ဦးနော်၊ နှင့်အပေါ် နှင့်ဘဲ ဒီလောက်ကြွေနေတာ သတိတော့ထား၊ တော်ကြာ အညာပြုတ်ကြီးဖြစ်နေမှ ဝှီးခနဲဖြစ်သွားမယ်"

"ဟေ့ ... နွေတို့က လုစ်လုစ်ကလေး ဘယ်တော့မှ အညာပြုတ်မဖြစ်စေရဘူး၊ သူက အသီးတစ်ရာ အညာတစ်ပွင့်ပဲ"

"ဟင်"





သူမတို့အုပ်စုရဲ့စကားသံတွေက ပျို့နားရင်းတွေကို တက်ပုလာသည်အထိ အံ့သြမှင်တက်မိ ငြိမ်သက်သွားချိန်မှာ မထင်မှတ်ဘဲ ပျို့စားပွဲအရှေ့မှာ မတ်မတ်ကြီး ရပ်လိုက်သည့် လူတစ်ယောက်ကို မျှတ်ခနဲမော့အကြည့် ပျို့ပါးစပ်ထဲ သွင်းတော့ မည့်ဆဲဆဲ မုန့်ဖတ်ကလေး စားပွဲပေါ်သို့ ပြုတ်ကျသွားတော့သည်။

"ချစ်သည်း"

"ဂျန်"

"အေး ... ဟုတ်တယ်၊ တစ်လုံးတည်းနာမည် ဂျန်ပဲ၊ ထ သွားစို့"

အံ့သြလွန်းလို့ ရင်ထဲမှာ တင်းကျပ် တိတ်ဆိတ်သွားချိန် ဘာမှ အချိန်မပေးဘဲ ပျို့လက်ကို တအားဆွဲကိုင်ပြီး ထရပ်စေလိုက်သည့် ဂျန့်ကို ပျို ခြေတစ်လှမ်းဆုတ်ပြီး အစ်ကိုမျက်နှာကို ထိတ်လန့်တုန်ယင်စွာ စိုက်ကြည့်လိုက်သည်။

ပျို့မှာသာ တုန်ယင်နေခဲ့တာ။

အစ်ကိုကတော့ ဘာစကားမှမပြောဘဲ လက်နှစ်ဖက်ကိုပိုက်ကာ ပွဲကြည့်ပရိသတ်လုပ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဂျန် … နင့် မရမ်းကားနဲ့၊ ဒါ … ဒါ ငါ လက်ထပ်မယ့် ငါ့ချစ်သူပဲ၊ ငါတို့ မကြာခင် …"

"မကြာခင် လက်ထပ်ထပ်၊ အခုပဲလက်ထပ်ထပ် အဲဒါ လုံးဝအကြောင်းမထားဘူး၊ လောလောဆယ် မင်းလက် မထပ်ရသေးတာပဲ ငါ လက်ခံကျေနပ်တယ်"

"ဟေ့လူ … ဒီမှာ ခင်ဗျား မသိရင်မှတ်ထား၊ ဒါ ကျုပ် မိန်းမပဲ၊ ကျုပ်နဲ့သူ လွန်ခဲ့တဲ့ ကိုးနှစ်တည်းက လက်ထပ် ထားတာ၊ ဒါကို ခင်ဗျား မသိရင် ကျွန်တော် အခုပြောခဲ့ တာပဲ၊ သိသွားလို့ နောက်မဆုတ်ဘူးဆိုရင်တော့ ဒုသနသော ပေါ့ဗျာ"

"ဂျန် … နင် … နင် ဘာတွေ လျှောက်ပြောနေတာလဲ"

"မောင် … ဒါ ဘာလုပ်တာလဲ၊ ဒါ ဘာလုပ်တာလဲ"

ဆိုင်ထဲက လူအတော်များများက ပျို့တို့ လေးပွင့် ဆိုင်ဇာတ်လမ်းကို စိတ်ဝင်စားသွားကာ ခေါင်းတွေအသီးသီး ထောင်မတ်လိုက်ချိန်မှာ ပျို့ ဘာစကားမှမပြောနိုင်တော့ဘဲ မျက်နှာ လေးကို လက်ဝါးနှင့်အုပ်ကာ ဆိုင်ထဲမှ ပြေးထွက်လာခဲ့သည်။

ပျို့အနောက်မှာ သူတို့တွေ ဘာတွေဖြစ်ကျန်ခဲ့တယ် ဆိုတာကို ပျို့ ဘာမှ မစဉ်းစားချင်တော့ဘဲ အသည်းမရှိသည့်ရင် ဖြင့် သူတို့တွေကို နောက်ဆုတ် အရှုံးပေးလိုက်ရပါတော့သည်။

ရှေ့လျှောက် ကံကြမ္မာရဲ့ ဆန်းကြယ်မှုကို ဘယ်လို နှလုံးသားမျိုးနှင့်ရင်ဆိုင်ပြီး ပျို့ ခံစားကြေကွဲရဦးမည်မသိ။

အခုချိန်မှာတော့ …

ပျို့ အရှုံးတစ်ယောက်လို ကြေကွဲပူဆွေးငိုကြွေးခဲ့ရ ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပျို့ အပြေးတစ်ပိုင်း လမ်းမဆီသို့အရောက်၊ ပျို့အနောက်ကို ထက်ကြပ်မကွာ လိုက်လာခဲ့ကြသည့် ကားသုံးစီးကလည်း ပျို့ကို ကွယ်ရပ်ပြီးသား ဖြစ်သွားလေသည်။

သူတို့တွေကိုကြည့်ပြီး ဘာလုပ်ရမှန်း မသိအောင် ပျို့ရင်ထဲမှာ ကွက်လပ်ကြီးတွေ ကွက်လပ်ကြီးတွေ စီတန်းသွားသလို မျက်ဝန်းအိမ်ထဲက မျက်ရည်တွေကလည်း တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကတ္တရာမည်းတွေပေါ် ပါးပြင်မှတစ်ဆင့် ကြွေကျသက်ဆင်းသွားရပြီဖြစ်သည်။

ဒီအချိန်မှာ ချစ်သူမျက်ရည်စက်သည် ...

ယောက်ျားနှစ်ဦး (ပျို့ကိုအချစ်ဆုံးသူနှစ်ဦး)အတွက် တင်သာမက ပျို့ချစ်သည့်ယောက်ျားတစ်ယောက်ကို သိပ်ချစ်ခဲ့သည့် မိန်းမတစ်ဦးကလည်း ပျို့မျက်ရည်တွေကို အတော်အသင့် ထိတ်လန့်မှုဆွေးသွားသည်ထင်သည်။





"ပျို့"

"ပျို့"

နှစ်ဦးသား ပြိုင်တူခေါ်လိုက်သည့်အသံတွေက ပျို့ကို သိပ်ချစ်ခဲ့သည့် ယောက်ျားနှစ်ဦးအသံတွေပဲ ဖြစ်ခဲ့သည်။

ပြိုင်တူလိုလို ပျို့လက်တစ်ဖက်ကို ဆွဲကိုင်လိုက်သူမှာလည်း အစ်ကိုနှင့် ဂျန်ပင်ဖြစ်သည်။

တစ်ယောက်သောလက်တစ်ဖက်ပိုင်ရှင်က အင်အားနည်းပြီး နွေးထွေးနေသလို တစ်ဖက်လက်ပိုင်ရှင်ကတော့ မာန်မာနဖြင့် ရူးနင့်နင့် နာကျင်လွန်းလှပါသည်။

မာန်မာနဖြင့် ပျို့လက်က သွေးကြောတွေတောင် ပိတ်ဆို့မတတ် ဖျစ်ညှစ်ဆုပ်ထားသည့် ဂျန့်ကို ပျို့ ဝိုးတဝါးသာမြင်နဲ့ရတော့သည်။

ပျို့ရင်ထဲမှာ ...

"ဒီအချိန်မှာ ...

အတိတ်ရဲ့ခံစားမှုဆိုတာလည်း ဘာမှ မရှိတော့ ...

ကြင်နာနွေးထွေးမှုဆိုတာလည်း ဘာမှ မရှိတော့ ...

ကြေကွဲမှုဆိုတာလည်း ဘာမှမရှိတော့ ...

ကြင်နာနွေးထွေးမှုဆိုတာလည်း ဘာမှမရှိတော့"



www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် ကံစီမံရာသာ ဖြစ်ပါလိမ့်မည်။

ပျိုဆိုတဲ့ မိန်းမဟာ ဘဝမှာ လုပ်တိုင်း ဘာမှ ဖြစ်မလာ။

ကံစီမံရာသည် ပျို့ဘဝတစ်ခု ဖြစ်ခဲ့သည်။

"မောင် ... ရှင် ... ရှင်က ဒီပုံစံချိုးရအောင် ရှင်နဲ့ မွေ ဟာ ဘယ်အတိုင်းအတာအထိ ပတ်သက်ထားပြီဆိုတာ ဒီမိန်းမကို သိအောင် မွေ ပြောရမှာပဲ ...

"သူလည်း မိန်းမပဲ၊ မိန်းမချင်း ကိုယ်ချင်းစာမှာပါ၊ မောင်တို့ ကိုးနှစ်လောက်က ဖြစ်ခဲ့တဲ့ အတိတ်ဇာတ်လမ်းက မွေ မိုး ဆောင်း ရာသီတွေထဲမှာ မေးမှိန်ပျောက်ကွယ်သွားပြီ၊ တကယ့်လက်တွေ့ဘဝမှာ မွေ့က မောင်နဲ့လက်ထပ်ရမဲ့ဆဲဆဲ မောင့်ချစ်သူ၊ မောင့်ရဲ့အလိုကျ ချစ်သူပါ။ ဒီမှာ ကိုယ် မင်းကို သိအောင်ပြောချင်တဲ့ စကားလုံးက _"

"တော်စမ်း မွေ၊ ဟော့ ... မင်း အရှက်မရှိ အောက်ကျ နောက်ကျ ငါ့ကို လာဒူးမဖက်နဲ့ ဆောရီးပဲ"

"ဒီလို ရမလား မောင်ရဲ့၊ မောင်နဲ့ မွေရဲ့အတိုင်းအတာ ဟာ ..."





"ဟား ... တော်ပြီကွာ၊ မင်းကို တစ်ခုခု လုပ်မပစ်ခင် မင်း လှည့်ပြန်တော့ မွေ"

ဂျန့်ရဲ့ကြမ်းရှပြင်းထန်လွန်းတဲ့ စကားတွေက တစ်ချိန်တုန်းက နှလုံးသားနုနု ဂျန် ပြောတာမှ ဟုတ်ပါလေစ ဆိုတာ ပျို အံ့ဩမယုံနိုင်မိသလို ပြောင်းလဲသွားသည့် ဂျန်ရဲ့ရက်စက်ကြမ်းတမ်း ရမ်းကားမှုတွေကိုလည်း ကြက်သီးထကြောက်ရွံ့တုန်လှုပ်သွားရကာ သူ ကြမ်းရှစွာ ဆုပ်ကိုင်ထားသည့် လက်တွေကိုလည်း တအားရုန်းယူပစ်လိုက်တော့သည်။

ပျို့ ရုန်းယူလိုက်ပေမယ့် သူက ပျို ရုန်းယူလိုက်သည့်လက်ကို ကျိုးကြေမတတ် ဆုပ်ညှစ်လိုက်ပြီမို့ ပျို့မျက်ရည်သည်သာ အရှုံးဖြစ်သွားတော့သည်။

"ပျို ... ကိုယ်တို့ ပြန်ကြစို့"

"ဟုတ်ကဲ့ အစ်ကို"

ပျို ခေါင်းကလေး တစ်ချက်ငုံ့ ကြေကွဲသွားသည့်အချိန် အစ်ကိုက ကားထဲကို ပျို့ကိုဆွဲခေါ်လိုက်လေသည်။

အဲဒီအချိန်မှာ ပျို့လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည့် သူ့လက်အစုံက ပျို့ပခုံးနှစ်ဖက်ကို ဆွဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



ခါယမ်းကာ သူနှင့် ရင်ဘတ်ချင်း ထိမတတ် ဆွဲစိလိုက်ပြီး ကြောက်စရာကောင်းသည့် မျက်လုံးတောက်တောက်တွေဖြင့် ဘာမထိခင်းလိုက်ပြန်သည်။

"အတိတ်ဆိုတာ ဘယ်တော့မှ ဖျောက်ဖျက်လို့ မရသလို နှလုံးသားထဲက စစ်မှန်တဲ့ ချစ်ခြင်းတွေကလည်း အဘိုးကြီး အဘွားကြီး ဖြစ်သွားတဲ့အထိ အရည်ပျော်မသွားပါဘူး၊ မင်း မှတ်ထား ပျို၊ ဂျန်ဆိုတဲ့အကောင် လောကမှာ အသက်ရှင်နေသရွေ့ မင်းကို ပြန်ဆုံစည်းခဲ့ရပြီဆိုရင် မင်း အိမ်ထောင်ကျတဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့တောင် အဲဒီအိမ်ထောင်ကို ရအောင်ဖျက်ဆီးပြီး မင်းကို ငါပြန်ပြီး ရအောင်ယူမယ်လို့ ရင်သန်မှုနဲ့ ငါ အသက်ရှင်ခဲ့ရတဲ့ကောင်ပါ ပျို"

အို ... မပြောပါတော့နဲ့ ...

မပြောပါတော့နဲ့ ဂျန်ရယ် ...

ဟိုးလွန်ခဲ့တဲ့ ကိုးနှစ်က ဂျန် မိုက်ရူးရဲဆန်စွာ ပျို့ကို ဆိုင်ကယ်နှင့် ခိုးပြေးခဲ့သည့် ပုံရိပ်တစ်ခုက နှလုံးသားမှာ ချက်ချင်း လာထင်ဟပ်ခဲ့သည်။





သို့သော် ခဏာတွင်းချင်းပင် ချက်ချင်း ပြန်မောင်းထုတ်လိုက်သည်။

ဂျန်ဟာ အခုချိန်မှာ စစ်မှန်တဲ့ ယောကျာ်းကောင်း ယောကျာ်းမြတ် မဟုတ်တော့။

မိန်းမတစ်ယောက်ကို အတည်မယူဘဲ မျက်နှာပြောင်တိုက်ပြီး ခါချခဲ့သည့် ယုတ်ညံ့သည့် ယောကျာ်းယုတ် ဖြစ်ခဲ့ပြီ။

ဂျန်ဟာ ပျို့ရဲ့စစ်မှန်တဲ့ဂျန် မဟုတ်တော့။

ပျို့ရဲ့စစ်မှန်တဲ့ နှလုံးသားပိုင်ရှင်ဟာ အစ်ကိုပဲ ဖြစ်ထိုက်ပါသည်ဟု ပျို့ရင်ထဲက အကြိမ်ထောင်ချီ ရေရွတ်မြည်တမ်းလိုက်ပေမဲ့လည်း တကယ့်လက်တွေ့ဘဝက ပေးလာသည်ကတော့ တစ်မျိုးတစ်ဖုံ ဖြစ်သွားလေသည်။

"မနက်ဖြန်မှာ ငါတို့ အရင်းဆုံး ဆွေးနွေးကြစို့၊ မနက်ဖြန် အင်းယားကန်မှာ ကိုးနာရီ ဆုံကြမယ်"

ဂျန်ရဲ့အမိန့်အာဏာကို ...

ပျို့နှင့် အစ်ကို နာခံရဦးမည်လား မသိ။

ပျို့နှင့် ပတ်သက်ပြီး အစ်ကို အကြိမ်ကြိမ် ကျရှုံးခဲ့ရပြီမို့ ပျို့ အစ်ကို့ကို သနားပြီးရင်း သနားသွားခဲ့ရသလို ပိုပြီးလည်း မြတ်နိုးသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျန့်ချစ်သူ နွေ ဆိုသည့် မိန်းမကတော့ ဂျန့်အမိန့်ကိုပဲ နာခံမည်လား သူလုပ်ချင်ရာပဲ လုပ်မည်လား မသိ။

အခုချိန်မှာတော့ သူမက အရှုံးသွပ်ဆုံး ခံစားကြေကွဲခြင်းတွေနှင့် ချစ်သူ ဂျန်မှ ပေးခဲ့သည့် ကားသစ်ကလေးပေါ်တက်ပြီး တရကြမ်း မောင်းထွက်သွားလေတော့သည်။

❦ ❋ ❦





## ၂၁

ပျို့ဘဝဟာ ဘယ်လိုအတိတ်ကံတွေကများ အရိပ်လိုကပ်ပြီး ကြေကွဲမှုတွေ ဆက်တိုက်ခံစားခဲ့သည် မသိ။

ဒီတစ်ခါ ခံစားခဲ့ရသည့် ပျို့နှလုံးသားသည် တိုင်းတာလို့မရအောင် မှောင်ပိန်းတိတ်ကျသွားတော့သည်။

ညှိခန်းဆက်တီမှာ လျော့ရဲရဲကြီးထိုင်ပြီး လောကကြီးကို စိတ်ကုန်နေသည့် မျက်ဝန်းရီရီတွေဖြင့် အခန်းနံရံကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေသည့် အစ်ကို့ကိုလည်း မကြည့်ရက်တော့ဘဲ မျက်ဝန်းအစုံကို တင်းတင်းဖိမှိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသမျှ ကံစီမံရာလို့ ယုံကြည်ထားသည့် ပို့ သည်လည်း ဒီတစ်ခါ ပြောင်းလဲလွန်းသည့် ဂျန့်အစ်မတောင်းပန်စကားတွေက အနှစ်နှစ်အလလက ငိုကြွေးလွမ်းတခဲ့သည့် ပို့နှလုံးသားလေးကို ရပ်တန့်သေဆုံးသွားတော့သည်။

သူ့ကို ကိုးနှစ်လုံးလုံး တမ်းတခဲ့သည့် အလွမ်းတွေသည်လည်း သူ့အစ်မရဲ့ စကားစုတစ်စုနှင့်တင် အမုန်းတွေအဖြစ် နှလုံးသားမှာ ပျံ့နှံ့သွားရပါပြီ။

ဖုန်းထဲကနေ တောင်းပန်လာသည့် ဂျန့်အစ်မစကားတွေက တစ်ချိန်တုန်းက သိပ်မောက်မာခဲ့သည့် မိန်းမကြီးမှ ဟုတ်ပါလေစ။

"ပို့ ... ညီမလေး၊ မမကြီးပါ၊ ဂျန့်အစ်မ မမကြီးပါ၊ ညီမလေး ဖုန်းမချလိုက်ပါနဲ့နော်၊ ညီမလေးအပေါ် တစ်ချိန်တုန်းက မမကြီး မှားခဲ့တဲ့ အမှားတွေကို မမကြီး တောင်းပန်ပါတယ်။ မမကြီးလေ ညီမလေးနဲ့ မောင်လေးကို ခွဲခဲ့တာ၊ မောင်လေး ညီမလေးကို စိတ်နာသွားအောင် မမကြီးက ညီမလေးအမေကို မမကြီးတို့ပေးခဲ့တဲ့ငွေတွေကို ညီမလေးက တောင်းဆိုတာပါလို့ မောင်လေး စိတ်နာအောင်





ပြောခဲ့တာ၊ အခုတော့ မမကြီးရဲ့ယုတ်မာမှုတွေက မမကြီးကိုပဲ ရောင်ပြန်ဟပ်ခဲ့ရပြီ၊ အရာအားလုံးရဲ့အမှားတွေအတွက် မမကြီး နောင်တရခဲ့ပါတယ်၊ ညီမလေးနဲ့ မောင်လေး အခုချိန်မှာ ပြန်ပေါင်းဆုံကြမယ်ဆိုရင် မမကြီးတို့ တစ်မိသားစုလုံး ကျေနပ်ပါတယ် ညီမလေးရယ်"

ပြီးခဲ့တဲ့ အမှားတွေကို နောင်တကြီးစွာရနေသည့် အသံတုန်တုန်ကြီးက ပို့ကို သနားလို့ဆိုတာထက် သူ့မောင် ပျက်စီးဆုံးရှုံးနေတဲ့ ဘဝတစ်ခုကို မြောင်းထဲပစ်မကျသွားအောင် သူမကို ဆွဲယူသိမ်းပိုက်လိုက်တာဖြစ်သည်။

ဖြစ်ရလေ ... ကိုးနှစ်လုံးလုံး ပို့ အညာခံခဲ့ရတာပဲ။

မေမေက သူတို့လျော်ကြေးပေးခဲ့တဲ့ ငွေတွေနှင့် ဒီရန်ကုန်မှာ အဆင့်မီမီ အခြေချခဲ့တာကို ဦးလေးက အမွေပေးလာတာပါလို့ ပို့ကို လိမ်ညာခဲ့ပြန်သတဲ့။

ဘယ်လောက် ဟားတိုက်ရယ်မောစရာ ကောင်းလိုက်တဲ့ ပို့ဘဝလဲ။

ဒါကြောင့် ကိုးနှစ်လုံးလုံး ကွဲသွားသည့် ချစ်သူနှင့် ပြန်ဆုံရတဲ့နေ့က ဂျန့်အကြည့်တွေ ဂျန့်လှောင်စကားတွေက ဒီ



www.burmeseclassic.com

www.burmeseclassic.com



အခြေခံပဲဆိုတာကို ပျို့ အခုချိန်မှာ နားလည်သိရှိလိုက်ရပြီမို့ ဖုန်းပိတ်ပြီးသွားသည့်အချိန်မှာ ပျို့ ဘာကို ဆုံးဖြတ်ရမယ်ဆိုတာ ဆုံးဖြတ်ချက် အတည်ချလိုက်ပါတော့သည်။

ဖုန်းစကားပြောရင်း ကြေကွဲမျက်ရည်တွေ လိမ့်ခနဲ လိမ့်ခနဲ စီးကျလာတာကို ပျို့က ကြံ့ကြံ့ခိုင် လက်တွေဖြင့် သုတ်ဖယ်ရင်း "ဟား"ခနဲ လေပူတစ်ချက်ဖြင့် စိတ်တွေ ပြန်လည်စုစည်းလိုက်သည်။

အစ်ကိုကတော့ မအီမသာ မျက်လုံးတွေဖြင့် ပျို့ မျက်နှာလေးကို ရိဝေလေးနက်စွာ စိုက်ကြည့်လာခဲ့သည်။

ဒီဖုန်းကိုလည်း ပျို့ချစ်သူ ဖုန်းအဖြစ် သတ်မှတ်ထားပုံရသည်။

"အစ်ကို"

တောင့်တောင့်ကြီး ငြိမ်သက်နေသည့် အစ်ကို့ပခုံးသားမှာ ခေါင်းကလေးမှေးတင်ရင်း အနှစ်နှစ်အလလက ချုပ်ထိန်းခဲ့ရသည့် ခံစားချက်တွေ လွတ်မြောက်သွားရပါတော့သည်။

ညီမလေးတစ်ယောက်က အစ်ကိုကြီးတစ်ယောက်ကို အားကိုးတိုင်တမ်းသလိုမျိုး ရင်ပွင့်သွားရတာဖြစ်သည်။





"လောကကြီးက ထင်မှတ်မထားတာတွေပဲ ဖြစ်ခဲ့တာပဲနော်။ အဟင်း ဟင်း ... သိပ်စိတ်နာဖို့ကောင်းလိုက်တာ အစ်ကိုရယ်၊ ပျို့ဘဝ ... ပျို့ဘဝကလေ ပျို့ယုံကြည်လိုက်ပြီ၊ ဘယ်တော့မှ အလင်းတန်းရှိလာမှာ မဟုတ်တော့ဘူးလို့"

"ကလေး ... မင်း ဘာတွေ ခံစားနေရတာလဲ၊ ခုနက ဖုန်းက ဘယ်သူ့ဖုန်းလဲ"

ချုပ်ထိန်းထားသမျှ ရင်မခံနိုင်တော့သည့် ကြေကွဲသံကြီးဖြင့် ဆိုလာသည့် အစ်ကို့ရင်ခွင်မှာ မျက်နှာလေးအပ်ချပြီး ပျို့ နာကြည်းစွာ ငိုချလိုက်မိပါတော့သည်။

"ဟင် ... ပျို့ ပြောပါဦး၊ ကိုယ် လက်ခံယုံကြည်ထားတဲ့ အချစ်က ပိုင်ဆိုင်ရယူခြင်းမှ မဟုတ်ဘူး၊ စွန့်လွှတ်ခြင်း ကြေကွဲခြင်းတွေလည်း ဖြစ်တယ်၊ ပျို့ကို ကိုယ်မပေါင်းရလည်း ကိုယ်က ချစ်နေမှာပဲ ပျို့၊ အဲဒါ ကိုယ် ကျေနပ်တယ်"

"ဟင့်အင်း ... ပျို့ ... ပျို့ အစ်ကို့ကို သိပ်ချစ်တယ်၊ အစ်ကို့ကိုပဲလက်ထပ်မယ်၊ ပျို့ဘဝ ပျို့အသက်က အစ်ကိုပဲ၊ အစ်ကိုရှိရင် ပျို့ ရှေ့ဆက် အသက်ရှင်နိုင်ပါတယ်"

"ပျို့ ... ပျို့ အခု ဝမ်းနည်းသွားတာက ပျို့ကို တစ်ချိန်တုန်းက မောက်မောက်မာမာ ပြောခဲ့တဲ့ မိန်းမကြီးက



www.burmeseclassic.com

နှောင်တရပြီး တောင်းပန်လာခဲ့တာတွေကို ဝမ်းနည်းသွားသလို တစ်ချိန်တုန်းက သိပ်ဆင်းရဲခဲ့တဲ့ မိန်းမဘဝကို နာကြည်းမုန်းတီးခဲ့လို့ပါ အစ်ကို၊ ပျို့ရင်ထဲမှာလေ သူ့ကို ပြန်ပြီး ချစ်နိုင်မယ့်နှလုံးသား မရှိတော့ပါဘူး၊ ဒါ အခုမှ မဟုတ်ပါဘူး အစ်ကို၊ အစ်ကိုနဲ့စတွေ့ကတည်းက ပြောင်းလဲခဲ့တဲ့ နှလုံးသား ခံစားချက်ပါ”

တစ်ခဏအတွင်းမှာ ပြောင်းလဲသွားသည့် ပျို့နှလုံးသားသံစဉ်တွေကို ပျို နားမလည်နိုင်အောင် ခံစားလိုက်ရပါသည်။

ဒီအချိန်မှာ …

မိုးကောင်းကင်က လမင်းကြီးကတော့ ပျို့ကို သစ္စာမဲ့သည့်မိန်းမလို့ ကျိန်ဆဲမည်လားမသိ။

ပျိုကတော့ အစ်ကို့အကြင်နာမျက်လုံး …

အကြင်နာစကား …

နွေးထွေးချိုမြိန်သည့် အနမ်းနွေးနွေးတွေကို ကြင်နာမိန့်မူးသာယာသွားခဲ့ရပြီဖြစ်သည်။

❣ ✽ ❣





# အခန်း ၂၆

ကိုးနာရီအတိမှာ သူနှင့် ပျို အင်းယားကန်စောင်မှာ မျက်နှာချင်းဆိုင် ...တ်...တ်ရပ်လျက် တစ်ယောက်ကို တစ်ယောက် ရှိသေနင့်ခါးစွာ မမှိတ်မသုန် စိုက်ကြည့်လိုက်ကြသည်။

ပျို မျက်ဝန်းအကြည့်တွေက သူ့ကို ရွံရှာမုန်းတီး စက်ဆုပ်နေပြီး သူ့အကြည့်တွေကတော့ ညှို့ငင်စာတ်အပြည့်ဖြင့် ရိုသေခြင်းတော အချစ်အင်အားများစွာ ပျော်ဝင်နေခဲ့တာကို ပျို ရင်မခုန်တော့။

ဒီမျက်လုံး ဒီအကြည့်တွေကို မုန်းလွန်းလို့ သူ့ကို မျက်နှာချင်းဆိုင်နေရာမှ ချက်ချင်းကျောခိုင်းပစ်လိုက်ရသည်။

“ဒါ … ဘာမှုလဲ ပျို အခု ငါ့ဘက် မှ [illegible] သည်”



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ပို့ပခုံးကို ဆွဲကိုင်လှည့်ပြီး သူ့မျက်နှာနှင့် ပွေ့အပ်မတတ် စိုးမိုးငုံ့ကြည့်လာသည့် သူ့ရင်ဘတ်ကို ဖို့ ဒွံရှာ စက်ဆုပ်စွာဖြင့် တအားပိတ်ဆောင့်တွန်းပစ်လိုက်ပြီး ဆောင့်အော် ပစ်လိုက်သည်။

"ခွေးသူတောင်းစား ... နင် ငါ့အသားကို မထိနဲ့ ... မထိနဲ့"

"ပို့ ... မင်း ပါးစပ်ပိတ်ထားနော်၊ ဘာလဲ၊ မင်းက ... မင်းက ဟား ဟား ... တော်တော်သစ္စာရှိတဲ့မိန်းမ၊ အဲဒါ ကြောင့် ငါ မိန်းမတွေကို၊ တန်ဖိုးမထားချင်တာ"

"နင်လို ယုတ်မာတဲ့ ယောကျ်ားမျိုးကို ငါကလည်း ဘယ် တော့မှ တန်ဖိုးမထားဘူးဆိုတာ နားလည်"

"နားမလည်ဘူး၊ ဘာမှရှည်ရှည်ဝေးဝေး ပြောမနေချင်ဘူး၊ မင်း တစ်ခါတည်း ငါ့နောက်လိုက်ခဲ့တော့၊ မင်းကို အထင် မှားပြီး ငါ မှားခဲ့တဲ့ အမှားတွေအတွက် အားလုံး အားလုံး တောင်းပန်တယ်၊ တစ်သက်မှာ တစ်ခါပဲ မှားခဲ့တာပါ ပို့"

"သွားစမ်း၊ မကြားချင်ဘူး ... မကြားချင်ဘူး"





ပို့ မှန်းလွန်းစွာ တုန်တုန်ခါးခါးအော်ရင်း သူဆွဲကိုင် ထားသည့် လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ပစ်လိုက်သည်။

အလကားယောကျ်ား။

အစ်မက သဘောတူပါပြီဆိုမှ အရဲစွန့်ချင်သည့် ဒီယောကျ်ားကို ပို့ အမုန်းဆုံး နာကြည်းမိပါသည်။

မစစ်မှန်တော့သည့် ဒီယောကျ်ားမျက်နှာသည် ပို့ နှလုံးသားမှာ အမုန်းပုန္နာတစ်ပုဒ် ဖြစ်သွားတော့သည်။

တစ်ချိန်တုန်းက မောက်မာရိုင်းစိုင်းခဲ့သည့် သူတို့ မိသားစုကိုလည်း အမုန်းဆုံး မုန်းမိသလို သူ့အစ်မကို ပစ်ပစ်ခါခါ မုန်းတီးသွားခဲ့ရတော့သည်။

ပို့ဘဝကို ဖျက်ဆီးခဲ့တဲ့ မိန်းမကြီး။

သူမကြောင့် ပို့တို့နှစ်ယောက်ဘဝ ပျက်စီးဆုံးရှုံးခဲ့ ရတာ။

အခုမှ မောင် ထိန်းမနိုင်သိမ်းမရ စည်းလွတ်ထွက် တော့မှ ပို့ဆီ ထိုးအပ်လာတာ။

အဟင်း ဟင်း ... ပို့ သေသွားရင် သေသွားပါစေ။

ဒီလိုယောကျ်ားမျိုးကို ဘယ်တော့မှ ပြန်မပေါင်းနိုင် တော့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ရှုံ့သည်။

မုန်းသည်။

"ပို့"

"အလကားကောင် ... နင့်ကြောင့် ... နင့်ကြောင့် ဒီမှာ နင် သိပ်အထင်သေးခဲ့တဲ့ မိန်းမကလေး ငွေကြေးကို ငမ်းငမ်း ငမ်းငမ်း မက်နေတဲ့ မိန်းမ မဟုတ်ပါဘူး။ သူဌေးသားဆိုပြီး မက်မောလွန်းလို့ နင့်ကို လက်ထပ်ခဲ့တာ မဟုတ်ဘူး၊ နင် ရူးခဲ့ မူးခဲ့လို့ စာချုပ်မှာ ဘုမသိ ဘမသိ လက်မှတ်ထိုးခဲ့ရတာတွေအတွက် အခုတော့ ငါက တစ်ခု လပ်ပေါ့၊ ထားစမ်း"

"ပို့ ဘာတွေ လျှောက်ပြောနေတာလဲ၊ ပို့နဲ့ ကိုယ်က တရားဝင် လင်မယားနော် ... မင်း"

"ဟား ဟား ... မိန်းမတစ်ယောက်ကို ကားတစ်စီးလုံး ပေးပြီး တိတ်တိတ်ပုန်း ဖြစ်နေတဲ့ တန်ဖိုးမရှိတဲ့ နင်လို ယောကျ်ားကို ပြန်ပေါင်းရမယ် ...

"ဒီမှာ ... နင့်အစ်မ ငါ့မေမေကို လက်ကျိတ်ထိုး ပေးပြီး ငါ့ကို အပုပ်ချခဲ့တဲ့ စကားလုံးတွေနဲ့ ငွေကြေးကို ငါ့ရဲ့ခြေဖဝါးအောက်ပဲထားတယ်၊ ရော့ ... နင် ပြန်ယူသွား၊





ငါ့ကို နင် နှောင့်ယှက်စရာ လုံးဝမလိုဘူး၊ ငါ ... ငါသိပ် ချစ်တဲ့ယောကျ်ားကိုပဲ ငါ လက်ထပ်မယ်"

"ပို့ ... မင်း သိပ်တရားလွန်ပြီနော်"

ဂျန် ဘယ်လိုမှ သည်းမခံနိုင်လိုက်အောင် ပေါက်ကွဲသွားရပြီဖြစ်သည်။

သူ့အရှေ့မှာ သူ့အကျႌစကို ဆွဲကိုင်ပြီး လက်ထဲက အထုပ်ကို ကမ်းပေးနေသည့် ပို့လက်ကို သူ ဆောင့်ဆွဲရင်း ရင်ချင်းအပ်မတတ် ဆွဲပွေ့ပစ်လိုက်တော့သည်။

ဒီအချိန်မှာ သူ ရူးနေ မူးနေရပြီဖြစ်သည်။

အချစ်ရူး ရူးနေသည့် လူတစ်ယောက်မှာ အချစ်စိတ် မွှန်နေခဲ့ကာ ဘာဆိုဘာမှ ဂရုမစိုက်တော့။

"အား ... နင် ငါ့ကိုလွှတ်စမ်း၊ ဟဲ့ ... အကောင်"

"မလွှတ်ဘူး၊ မင်း ငါ့နောက်လိုက်ခဲ့၊ မင်းရဲ့ဟောဒီပါးစပ်က ငါမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်မယ် ဆိုတဲ့ စကား အခုထွက်ကြည့်လိုက်၊ ဘာဖြစ်သွားမလဲဆိုတာ မင်း စောင့်ကြည့်"

"ရှင်"

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com

ပို့မျက်လုံးတွေ ပြာဝေမှုန်မှိုက်သွားတော့သည်။

သူ့လက်ထဲက မောင်းမ‌ောပြောင်ပြောင်ကြီးကိုကြည့်ပြီး ပို့ ကျရာကယ်ရာမဲ့ ဖြစ်သွားကာ မျက်လုံးတွေ ဂနာမငြိမ် ယောက်ယက်ခတ်သွားသည့်အချိန် ပို့ပါးပြင်တစ်ခုလုံး နွေးထု သွားတော့သည်။

ရွံစရာကောင်းသည့် သူ့ရဲ့အနမ်းကြမ်းတွေကို ပို့ ခါးခါးသီးသီး ပုတ်ချရင်း စူးစူးဝါးဝါး သောင်းကျန်းပစ်လိုက်သည်။

"အစ်ကို … အစ်ကိုရေ"

ပို့ကို ကားနှင့်ရပ်စောင့်ပေးနေသည့် အစ်ကို့ကို အားကိုးတွယ်တာစွာ ခေါ်ဆိုလိုက်သည့် စကားသံကလေး အဆုံးထိ ထွက်ခွင့်မရတော့ဘဲ ပို့ မျက်ရည်တွေနှင့် သူ့ရင်ခွင်မှာကျရှုံးခဲ့ရသည့် မိန်းမညံ့ မိန်းမဖျင်းတစ်ယောက် ဖြစ်သွားတော့သည်။

ပို့ ဒီအချိန်မှာ ကန်ထဲခုန်ချပြီး သေပစ်လိုက်ရင် ဘယ်လောက်ငြိမ်းချမ်းလိုက်မလဲ။

"နောက်တစ်ကြိမ် အစ်ကိုလို့ တစ်ခွန်းခေါ်ကြည့်စမ်း၊ နင့်ပါးစပ်ကို ဒီဓားနဲ့ပါးပါးပါးပါ လှီးပစ်မယ်၊ လာခဲ့၊ နင် ငါ့နောက် အေးအေးဆေးဆေး နှုတ်ပိတ်ပြီးသာ



www.burmeseclassic.com


လိုက်ခဲ့။ ဆန့်ကျင်ဖို့တော့ မကြိုးစားနဲ့နော်၊ အသစ်စက်စက် ဒီဓားမှာ သွေးချင်းချင်း နီသွားမယ်"

"ဟင်"

ပို့မျက်လုံးတွေ မှောင်မည်းတိတ်ကျသွားရပါတော့သည်။

ရက်စက်ကြမ်းတမ်းလွန်းသည့် ဒီယောကျ်ားရဲ့ရင်ခွင်မှာ ပို့ ပုလောင်စွာ ငိုကြွေးခြင်းနှင့်ပင် ပို့ဘဝ အဆုံးသတ်ရတော့မည်ဖြစ်သည်။

ဘဝမှာ …

ဖြစ်ချင်တိုင်း …

တွေးထင်တိုင်း …

ကံကြမ္မာကို စိန်ခေါ်တိုင်း

ဖြစ်မလာခဲ့ဘူး ဆိုတာကို

ပို့ နားလည်လက်ခံလိုက်ရပြီဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

## ၂၇

အသည်းကြွေလုမတတ် ငိုကြွေးနေသည့် ပို့ကို သူက ခပ်တင်းတင်းကြီး သိုင်းဖက်ထားရင်းက ပို့ မနိုင်ငံနိုင်ရာ ပိုင်းခဲ့သည့် စကားတွေကို မျက်စိစုံမှိတ် ငြိမ်နားထောင်နေခဲ့တော့သည်။

သူမလေးကို ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့ပြီမို့ သူ ဘာမှ အာရုံမထားတော့ဘဲ စိတ်လျှော့ချလိုက်တာဖြစ်သည်။

"အနူလက်နဲ့ ငါ့ကိုမထိနဲ့"

"တန်ဖိုးမရှိတဲ့ ယောကျ်ားယုတ်၊ နာကြောထတဲ့အကောင်"

"နင့်ကို ငါ လုံးဝမချစ်ဘူး"





ဆိုတဲ့ စကားတွေကို ခါးခါးသီးသီးပြောရင်း သူ့ရင်ဘတ်ကို အသည်းအက်မတတ် ထုရိုက်နေသည့် ချစ်သူလေးကို သူ ဘာစကားမှ ပြန်မပြောမိတော့ဘဲ မှားခဲ့ဖူးသည့် အမှားတွေအတွက် လည်စင်းခံလိုက်တော့သည်။

ချစ်သူဇနီးလေးကလည်း သူ ခွင့်လွှတ်သည်းခံလိုက်တာကို အခွင့်အရေးအဖြစ် ရယူပြီး သူ့တစ်ကိုယ်လုံးကို နာကျင်လာသည်အထိ ထုရိုက်နှိပ်စက်လိုက်၊ သူမ လက်ထပ်မဲ့ ချစ်သူကို တမ်းတလိုက်နှင့် သူ့ရင်ခွင်မှာ မမောနိုင် မပန်းနိုင် နားတွေမခံနိုင်အောင် ဆိုးသွမ်းအနိုင်ယူနေခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ...

သူကတော့ သူမကို ရင်ခွင်ထဲကနေ ဈေးတစ်ဈေတောင် မရွှေ့စေရဘဲ သိမ်းပိုက်ခဲ့ရပြီမို့ အခုချိန်မှာ သူမ ဘယ်အတိုင်းအတာအထိ ဆိုးခဲ့ပါစေ သူကတော့ နားမခံနိုင်တာကလွဲပြီး နှလုံးသားက ကျေနပ်ခဲ့ရပါသည်။

"ငါ့ဘဝမှာ နင့်ကို ဘယ်တော့မှ မချစ်တော့ဘူး ဂျန်နရီထွန်းခေါင်၊ အခုချိန်မှာ ငါ သိပ်ချစ်ခဲ့ရတဲ့ ယောကျ်ားက ငါ သိပ်အထင်ကြီး လေးစားရတဲ့ အစ်ကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကိုတော့ သူ မျက်စိစုံမှိတ်ထားရာကနေ နားမခံနိုင်စွာ ပြန်ပြီးဟိန်းဟောက်လိုက်မိတော့သည်။

"နှင် ငါ့ကိုမချစ်ဘူးဆိုတဲ့ စကားက ကြယ်ရောင်ပျောက်တဲ့ညသာ ဖြစ်ချင်ဖြစ်သွားမယ်၊ နှင် ငါ့ကိုမချစ်ဘူးဆိုတာ လုံးဝဖြစ်မလာနိုင်တာပဲ"

"ကြည့်လိုက်ဦးပေါ့ဟာ"

"ပို့ အေးအေးဆေးဆေး အိပ်တော့နော်၊ ဘာလဲ မင်းက မောင်ကြမ်းပေးမှ ငြိမ်မဲ့မိန်းမလား"

"နှင် ချွေးစကား မပြောနဲ့"

"ရန်မဖြစ်ချင်စမ်းပါနဲ့ မိန်းမရာ၊ နားတွေမခံနိုင်လွန်းလို့ပါ၊ အေးအေးဆေးဆေး အိပ်စမ်းကွာ၊ ဒီမှာ မောင် အိပ်ချင်ပြီကွာ၊ မျက်စိတွေ ကျိန်းစပ်နေတာပဲ၊ ညတစ်နာရီရှိပြီကွာ၊ တအီအီနဲ့ ငိုလို့မဆုံးတော့ဘူး၊ မျက်ရည်ကို မခန့်နိုင်ဘူး"

"အစ်ကို … အစ်ကို … အခုချိန်မှာ အရမ်းခံစားနေရာမှာပဲ၊ အစ်ကို့ဆီကို ပို့ ဖုန်းဆက်မယ်"

သူ့ကို အရွဲ့တိုက်နေတာပဲလား။

ဒါမှမဟုတ် တကယ်ပဲ ရင်ထဲကကို လှိုက်လှိုက်နှင့်နှင့် ခံစားကြေကွဲပြီး ပြောနေတာလား မသိ။





ဘာပဲဖြစ်ဖြစ် …

သူမက ကိုယ့်မိန်းမ ဖြစ်သွားခဲ့ပြီမို့ သူ အသာတကြည်ပဲ ငြိမ်ငြိမ်ကလေး သူမကို ခွင့်ပေးလိုက်တော့သည်။

သူမလေး စိတ်ဆန္ဒရှိတာ လုပ်ပါစေ။

သူ ဘာမှမပြောတော့ဘဲ ဂွမ်းစောင်ကြီးကို ခေါင်းမြီးပိတ်ခြုံလိုက်ပြီး အေးအေးလူလူပဲ အိပ်စက်ပစ်လိုက်တော့သည်။

အိပ်စက်လိုက်သည့် မျက်ဝန်းအိမ်ထဲမှာ မနေ့က ညနေက ပေါက်ကွဲခဲ့သည့် နွေးရဲ့စကားသံတွေက တရစ်ဝဲဝဲဝင်ရိုက်လာပြန်သည်။

"နှင်ဟာ သစ္စာမရှိတဲ့ ယောကျ်ား၊ နှင်လို ယောကျ်ားမျိုး လောကမှာ အသက်ရှည်ရှည်နဲ့ မနေရဘဲ သေပါစေလို့ ငါဆုတောင်းတယ်"

ဆိုတဲ့ စကားတွေက နားထဲကို ကြက်သီးထစွာဝင်လာခဲ့သလို သူ့နံဘေးမှာ တအီအီငိုရင်း ဖုန်းစကားပြောနေသည့် မိန်းမဖြစ်သူကိုလည်း သူ စိတ်ပျက်လက်ပျက်ကြီး ငေးငိုင်ကြည့်နေလိုက်သည်။

ပို့ခံစားသမျှ ရင်ဖွင့်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဘဝမှာ ပျိုနှင့်ကွဲပြီးကတည်းက နေချင် တိုင်း နေခဲ့ပြီးပြီပဲ။

ဒီလောက်ကတော့ နလုံးသားက ကြံ့ကြံ့ခိုင် ပေးဆပ် နိုင်ရမှာပေါ့။

"အစ်ကို"

"... ... ..."

"ဟယ်လို"

"... ... ..."

"ဟယ်လို"

"... ... ..."

"အစ်ကို ဘာမှ ပြောစရာ မရှိတော့ဘူးလားဟင်"

တော်လောက်ပြီထင်သည်။

ဒီထက်ပိုပြီး သူ့မှာ ပေးဆပ်စရာ နလုံးသားမရှိ တော့။

တစ်ဘက်က သူမ အထင်ကြီးလေးစားသည့် ယောက်ျားက ဘာစကားမှ ဆိုမလာခဲ့တာကို တိတ်ဆိတ်ကြေကွဲ





စွာ ငံ့လင့်နေသည့် ပျို့ကို သူ ခပ်တင်းတင်း သိမ်းဖက်ရင်း ပျို့ လက်ထဲက ဖုန်းကလေးကို ဖျတ်ခနဲပိတ်ပြီး သူ့ခေါင်းအုံးအောက် ထဲ ဆွဲသွင်းပစ်လိုက်တော့သည်။

"တော်ပြီ ပျို၊ ဥယျာဉ်မှူးရဲ့ဘဝကို မင်း နားလည်သင့်ပါပြီ"

"ဘာ"

"အင်း ... မင်း သိပ်အထင်ကြီးတဲ့ ဥယျာဉ်မှူးကြီးက သူ စိုက်ပျိုးပြုစု ပျိုးထောင်ထားတဲ့ ပန်းလှလှလေးကို သူကိုယ် တိုင် မခူးဆွတ်ရက်ဘဲ တခြားသူ ခူးဆွတ်သွားတာကို ကျေနပ်နေမှာပါ၊ ဥယျာဉ်မှူးဆိုတာ ကိုယ် ပြုစုပျိုးထောင် ထားတဲ့ ပန်းကလေးကို အမြတ်တနိုး ခူးယူဆွတ်ခူးသွား တဲ့သူရှိရင် ကျေနပ်ကြတာပါပဲ"

ဒီအချိန်မှာ ...

ပျို သူ့ကို ဘယ်လိုစကားလုံးမျိုးနှင့်မှ ပြောစရာ စကားမရှိတော့ဘဲ မျက်ရည်စက်လက်ကျလျက် တစ်ဘဝလုံး အရှုံးပေးခဲ့ရသည့် မိန်းမအဖြစ် သူမကိုယ်သူမ ဝမ်းနည်းကြေကွဲ ခံစားလိုက်ရသည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ တလိမ့်လိမ့်စီးကျနေသည့် ချစ်သူလေးရဲ့မျက်ရည်စတွေကို ကြင်နာစွာ နှုတ်ခမ်းဖြင့် ဖွဖွသုတ်ရင်းက ရင်ထဲက အလေးနက်ဆုံး စကားတွေကို ပို့ သိအောင် ကြေညာဖွင့်ဟလိုက်တော့သည်။

"မင်း ... ငါ့ကို အရင်ကလို ...

ပြန်မချစ်လည်း ...

ရတယ်"

"... ... ..."

ပို့က သူ့ကို ဘာပြောလာဦးမလဲဆိုတာ ငံ့လင့်စောင့်ဆိုင်းလိုက်ပေမဲ့ ပို့က ဘာစကားတစ်ခွန်းမှ ဆိုမလာတော့ဘဲ သူ့မျက်နှာကို တိမ်းဖယ်ရင်း အိပ်ဖို့ကြိုးစားနေတော့သည်။

သူကတော့ ရင်ထဲက စကားတွေကို အနိုင်အမတ် ပြောချလိုက်ပြီဖြစ်သည်။

သူ့ရင်ထဲက ဒီစကားတွေကို ပို့ လက်မခံဘဲ မယုံကြည်ဘဲ နေစိမ့်တော့မှာ မဟုတ်ဘူးဆိုတာကို သူ့နှလုံးသားက လက်ခံယုံကြည်လိုက်ပါသည်။





"သံယောဇဉ်

ဆိုတဲ့ ...

စကားကြီးသုံးခွန်းက ...

မင်းရင်ထဲမှာ ...

အမြဲတမ်း တည်တံ့နိုင်မာသွားမယ်ဆိုတာ ...

ကိုယ် ယုံတယ် ..."

တိတ်ကျသွားသည့် အခန်းကျယ်ထဲက ညအိပ်မီးမှိန်မှိန်အောက်မှာ ...

သူ တစ်ချိန်တုန်းက အသည်းကြွေလုမတတ် ...

ရင်နိုက်ခဲ့ရသည့် ...

မိန်းမတစ်ယောက်က ...

သူ့ရင်ခွင်မှာ ...

တစ်ဘဝလုံး ခိုလှုံဝင်ရောက်ခဲ့ပြီမို့ ...

ဘဝမှာ သူအကျေနပ်ဆုံး ပျော်ရွှင်ခဲ့ရပြီ ဖြစ်လေသည်။

မှားခဲ့မိသည့် အမှားတွေကိုလည်း ချစ်သူစန်းလေးကို သိပ်ချစ်သည့် နှလုံးသားဖြင့် အမှန်ကန်ဆုံးဖြစ်အောင် ပြင်ဆင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သည့် ...

စနိုးလေးသည်သာ ...

သူ့ဘဝ ...

သူ့အသက်ပါပဲ ...။

ပရိသတ်အတွက်

အမြဲတမ်း

ရှင်မိထယ်

BURMESE CLASSIC .com

www.burmeseclassic.com